
mgyoe.com SAMPLE BOOK



# ညီမလေးရယ် စိုးရိမ်မိတယ်

## တက္ကသိုလ်ဘုန်းနိုင်

2025.GRAPHIC DESIGN : KYAW MINN MOUNG

ပဥ္စမအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK



ညီမလေးရယ် စိုးရိမ်မိတယ်

တက္ကသိုလ်ဘုန်းနိုင်

ISBN 978-99986-52-70-5

9 789998 652705

mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)<br>၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - ၁၉၅၉ ခုနှစ်၊ မြဝတီပုံနှိပ်တိုက်။ |
| ဒုတိယအကြိမ် | - ၁၉၅၉ ခုနှစ်၊ မြဝတီပုံနှိပ်တိုက်။ |
| တတိယအကြိမ် | - ဩဂုတ်လ၊ ၁၉၆၁ ခုနှစ်၊ တင်ဖေစာနယ်ဇင်း။ |
| စတုတ္ထအကြိမ် | - မတ်လ၊ ၂၀၁၀ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| ပဥ္စမအကြိမ် | - မတ်လ၊ ၂၀၂၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | - ဦးကျော်ဌေးမင်း၊ အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)<br>အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးသရုပ်ဖော် | - ကျော်မင်းမောင် |
| တန်ဖိုး | - ၁၇၀၀၀ ကျပ် |


mgyoe.com

mgyoe.com SAMPLE BOOK



# ညီမလေးရယ် စိုးရိမ်မိတယ်

## တက္ကသိုလ်ဘုန်းနိုင်

mgyoe.com

mgyoe.com SAMPLE BOOK

စကားသစ္စာ
မှန်သောခါဝယ်
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။ ။
ရှင်မဟာသီလဝံသ

သစ္စာ
ငါ့စာဖတ်၍ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ပြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။
တက္ကသိုလ်ဘုန်းနိုင်

mgyoe.com

mgyoe.com SAMPLE BOOK

## မြဝတီ၏ စေတနာ
## (ပထမအကြိမ် ပုံနှိပ်ခြင်းမှ)

မြဝတီ၏ ပွဲဦးထွက် စာစဉ်အမှတ်(၁) ဟူ၍ မှတ်တမ်းတင်ရမည့် ဤ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုမှာ မြဝတီမဂ္ဂဇင်းတွင် လေးလတိတိ ဖော်ပြခဲ့သည့် မဂ္ဂဇင်း အခန်းဆက် ဝတ္ထုရှည်ကြီးပင် ဖြစ်ကြောင်း ကြိုတင် ဝန်ခံအပ်ပါသည်။

ယခုကဲ့သို့ လုံးချင်းဝတ္ထုစာအုပ်အဖြစ် ထွက်ပေါ်လာရခြင်း အကြောင်းရင်း တွင်လည်း မြဝတီမဂ္ဂဇင်း ပရိသတ်ကြီး၏ တောင်းဆိုချက် အာသီသသည် မူလ အကြောင်းတစ်ရပ်အဖြစ် ပါဝင်ခဲ့ရပါသည်။

ဤနေရာ၌ အလျဉ်းသင့်၍ အစီရင်ခံရပါဦးမည်။ မြဝတီမဂ္ဂဇင်းပါ ဝတ္ထု ရှည်ကြီးများကို မြဝတီ ပရိသတ်ကြီးက လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေရန် တိုက်တွန်း ခဲ့သည်မှာ မြဝတီမဂ္ဂဇင်း စတင်ထုတ်ဝေသည့် အချိန်အခါမှ စ,ခဲ့သည်ဟူ၍ပင် ဆိုရပါမည်။ သို့သော် ပုံနှိပ်စက် အခက်အခဲ၊ မြဝတီမဂ္ဂဇင်းစာတည်းအဖွဲ့၏ မအား လပ်နိုင်သော မဂ္ဂဇင်းတာဝန်များ စသည့် အကြောင်းအမျိုးမျိုးကြောင့် စာဖတ် ပရိသတ်ကြီး၏ လိုအင်ဆန္ဒကို ပြည့်ဝအောင် မစွမ်းဆောင်နိုင် ဖြစ်ခဲ့ရပါသည်။ ဖော်ပြပါ အခက်အခဲများကြောင့် မြဝတီအနေဖြင့် မစွမ်းဆောင်နိုင်ခဲ့ငြားလည်း မြဝတီမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့ပြီးသော ဦးသိန်းဖေမြင့်၏ 'အရှေ့ကနေဝန်း ထွက်သည့်ပမာ' နှင့် ခင်နှင်းယု၏ 'မွေး' စသည့် ဝတ္ထုကြီးများကို ကျော်လင်းစာပေ နှင့် ရှုမဝစာပေတိုက်များမှ ထုတ်ဝေနိုင်စေခဲ့ပါသည်။ ဤသို့ မြဝတီမဂ္ဂဇင်း၏ ဝတ္ထု များကို အခြားပုံနှိပ်တိုက်များမှ ထုတ်ဝေခဲ့ရခြင်းဖြင့်လည်း 'မြန်မာစာပေနယ် ကျယ်

mgyoe.com

mgyoe.com SAMPLE BOOK

ပြန့်စေရမည်' ဟူသော မြဝတီ၏ မူ၊ ဝါဒ စေတနာနှင့် ကိုက်ညီစေခဲ့ပါသည်။ မြဝတီ၏ စာပေ ရွေးချယ်မှု အဆင့်အတန်းကိုလည်း တစ်နည်းတစ်လမ်းအားဖြင့် ခန့်မှန်းနိုင်ကြပါသည်။ အထက်ဖော်ပြပါ အကြောင်းအချက်များကြောင့် ဤ 'ညီမလေးရယ် စိုးရိမ်မိတယ်' မဂ္ဂဇင်းအခန်းဆက် ဝတ္ထုရှည်ကို လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေရန် မြဝတီသည် စဉ်းစားဆုံးဖြတ်လာရသည့်အပြင် ယခုအခါ၌ ပုံနှိပ်စက်နှင့် စာတည်းအဖွဲ့ဝင် အင်အားများကလည်း ဤလုံးချင်းဝတ္ထု ထုတ်ဝေနိုင်သည့် အခြေအနေသို့ ပို့ဆောင်စေခဲ့ပါသည်။

ဤသို့ဖြင့် မြဝတီ၏ မူလစေတနာဝါဒ ဖြစ်သော 'မြန်မာစာပေနယ်ကျယ်ပြန့်စေရမည်' ဟူသော မူကိုလည်း အကောင်အထည် ဖော်နိုင်ခဲ့ပြီ ဖြစ်သည်။ သို့ မူလစေတနာကို အကောင်အထည် ရုပ်လုံးဖော်ရာ၌ ပွဲဦးထွက်ဖြစ်၍ လိုအပ်ချက်ချို့ယွင်းမှုများ ရှိကောင်းရှိမည် အမှန်ဖြစ်ပါသည်။

လုံးချင်းဝတ္ထု လောကအနေဖြင့် ဝတ္ထုတစ်ပုဒ် ထုတ်ဝေလျှင် နိဒါန်းအမှာနှင့် မိတ်ဆက်စာကို ထင်ရှားသော စာရေးဆရာကြီးများက သော်လည်းကောင်း၊ ဝတ္ထုရေးသူကိုယ်တိုင်က သော်လည်းကောင်း ရေးသားထုတ်ဝေလေ့ ရှိပါသည်။

အထူးသဖြင့် လုံးချင်းဝတ္ထုအနေဖြင့် မြဝတီ၏ ပွဲဦးထွက်လည်းဖြစ်၊ စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်၏ ပွဲဦးထွက် ပထမဆုံး လုံးချင်းဝတ္ထု တစ်ပုဒ်လည်း ဖြစ်နေသော ဤစာအုပ်တွင် နိဒါန်းအမှာနှင့် မိတ်ဆက်စာကို စာရေးသူကိုဘုန်းနိုင်ကိုယ်တိုင် ရေးသားပေးပါရန် တောင်းခံဖို့ အချိန်မှီ မရနိုင်ခဲ့သည်ကို စာရှုပရိသတ်ကြီးနှင့် ဆရာတက္ကသိုလ်ဘုန်းနိုင်တို့အား ဤစာမျက်နှာမှ ဝမ်းနည်းကြောင်း တောင်းပန်အပ်ပါသည်။

သို့ လုံးချင်းဝတ္ထုတွင် ကိုဘုန်းနိုင်၏ အမှာကို မရရှိခဲ့သော်လည်း မူလမြဝတီမဂ္ဂဇင်း အခန်းဆက် ဝတ္ထုရှည်အဖြစ် ရေးသားခဲ့စဉ်က ဤ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုရှည် မည်သို့မည်ပုံ ဖြစ်ပေါ်ပေါက်ဖွားလာရပုံ ဇာတ်ကြောင်းစုံအား ကိုဘုန်းနိုင်နှင့် စာတည်းအဖွဲ့တို့ ဆက်သွယ်ကြရာမှ ဖွင့်ဟ ဝန်ခံလိုက်သော ကိုဘုန်းနိုင်၏ မြဝတီစာတည်းအဖွဲ့သို့ ပေးစာကိုပင် စာရေးသူ အမှာအဖြစ် ဖတ်ရှုနိုင်ရန် တင်ပြလိုက်ရပါကြောင်း။

***

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ မြဝတီစာတည်းအဖွဲ့သို့ ပေးစာ
(ပထမအကြိမ် ပုံနှိပ်ခြင်းမှ)

သို့

ကိုအုန်းကျော်
မြဝတီစာတည်းအဖွဲ့

နေ့စွဲ၊ ၂၈-၄-၅၈

သူငယ်ချင်း ဖိုးအုန်းကျော် အခု ပို့လိုက်တဲ့ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုရှည်ဟာ မြဝတီမှာ ကိုယ်ရေးခဲ့တဲ့ 'မုန်းရစ်လေဦး' ရဲ့ ဂယက်က ပေါက်ဖွား လာတာပါပဲ။ 'မုန်းရစ်လေဦး' ရဲ့ မလွှဲမရှောင်သာသော နောက်ဆက်တွဲလို့လည်း ဆိုနိုင်တာပေါ့လေ။ သူငယ်ချင်းတို့ စာတည်းအဖွဲ့က ကြိုတင်ပြောခဲ့သလိုပဲ 'မုန်းရစ်လေဦး' ဟာ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်ရယ်၊ အပြင်ပက ဆိုရင်လည်း ပညာတတ် လူငယ်ပိုင်းတွေဆီက တုံ့ပြန်မှု လှိုင်းဂယက်တွေ တော်တော်ထခဲ့တယ်။ ပေးစာတွေလည်း တော်တော်ပဲ ရခဲ့ပါတယ်။ တုံ့ပြန်မှု အထွေထွေဟာ မျှော်လင့်တာထက် ပိုပြီး ကျေနပ်စရာ တွေ့ခဲ့တယ်။ အချို့သော အပိုင်းတွေက ကိုယ့်ကို ဆဲမယ် ထင်တာ၊ မဆဲဘဲ လက်ခံကြတာ၊ လှမ်းဆွေးနွေး ကြတာတွေ တွေ့ရလို့ ဝမ်းသာအားတက်မိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ အားလုံးရဲ့ မကျေနပ်မှုတစ်ခုက ညီခဲ့တယ်။ 'မုန်းရစ်လေဦး' ဟာ တိုလွန်းတယ်၊ အဲဒီအထဲက(၁) မှာ့က်စ်ဝါဒနဲ့ ပတ်သက်တဲ့ ဝေဖန်ချက်၊ (၂) ဘာသာရေးနဲ့ ပတ်သက်တဲ့ ဆွေးနွေးခန်း၊ (၃) ဖီလိုဆိုဖီရေးရာ၊ (၄) နိုင်ငံရေးရာဝိဇ္ဇာပညာ၊ အဲဒါတွေကို ဒီထက် ပြည့်စုံအောင် နောက်ထပ် ဝတ္ထုရှည်တစ်ပုဒ် ရေးဖို့ တိုက်တွန်းကြတယ်။ ကိုယ့်အနေနဲ့လည်း ဝတ္ထုရေးရှိတယ်လို့ ထင်မြင်မိလို့ 'ညီမလေးရယ် စိုးရိမ်မိတယ်' ကို ရေးရခြင်း ဖြစ်တယ်။

'ညီမလေးရယ် စိုးရိမ်မိတယ်' ကတော့ ပညာတတ်လူတန်းစား လူငယ်တွေအတွက် ပတ်သက်ရည်စူးပြီး ရေးလိုက်တာပါပဲ။ ရန်ကင်းနဲ့ ထီးတန်း တက္ကသိုလ်တွေ မပေါ်သေးတဲ့ ၁၉၅၃–၅၄ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်ကို နောက်ခံထား ရေးထားတာပါပဲ။ တကယ်ဖြစ်ခဲ့ကြတာ တော်တော်များများကို အခြေခံထားတာပါပဲ။ ဒီဝတ္ထုရေးဖို့ တစ်လကျော် ကိုယ် စာတော်တော်များများ ဖတ်လိုက်ရတယ်။ မောင်ရင်တို့ မြဝတီမဂ္ဂဇင်းဟာ အပျင်းပြေဖတ်စရာ မဂ္ဂဇင်း မဟုတ်လို့ ကိုယ်လည်း အပျင်းပြေဝတ္ထုတွေတော့ မရေးချင်ဘူး။ စကားပြောချင်လို့ စာရေးတာမို့ ကိုယ့်ဇာတ်လိုက်တွေဟာ စကားတော့ တော်တော်ပြောကြမှာပါပဲ။ ပြောချင်တာတွေ များလို့ သာမန်ဝတ္ထုရှည်တွေထက် စာမျက်နှာ များသွားလိမ့်မယ် ထင်တယ်။ ကိုယ့်လက်ရေးက စိပ်တော့ မြဝတီစာမျက်နှာနဲ့ဆိုရင် အတော် ထွက်လိမ့်မယ်။ မဂ္ဂဇင်းထဲမှာ တစ်လတည်း အစ အဆုံး ထည့်နိုင်၊ မထည့်နိုင် ဆိုတာတော့ မောင်ရင်တို့ စာတည်းအဖွဲ့ရဲ့ သဘောပါပဲလေ။

မေတ္တာရည်လျက်...

သူငယ်ချင်းရဲ့

ခင်မောင်တင့်

*မှတ်ချက်။ ။ စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်၏ အမည်ရင်းနှင့် နေရပ်မှာ ဦးခင်မောင်တင့် (လက်ထောက်ကထိက၊ စိတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်၊ မန္တလေးမြို့) ဖြစ်ပါသည်။*

*မြဝတီ*

***

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာ
## (တတိအကြိမ် ပုံနှိပ်ခြင်းမှ)

စင်စစ်ဆိုသော် ဤတတိယနှိပ်ခြင်း ဖြစ်သည့် 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုရှည်ကြီးအတွက် ကျွန်တော့်အနေနှင့် အမှာစာ ထပ်မံရေးသားရန် လိုအပ်ပါသေး၏လော မသိ။ စကားပြောလို၍ စာရေးခဲ့ရသူ ကျွန်တော့်အတွက်မူ ပြည်သူနှင့် စာဖတ်ပရိသတ်တို့ကို 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုဖြင့်ပင် ပြောပြချင်သမျှကို တင်ပြထားပြီးသည်မို့ မှာဖွယ်တို့ ကုန်၍ ရေးဖွယ်တို့ စုံနေပြီ ထင်ပါ၏။

အမှာဝယ် အထူးရေးရမည်ဆိုလျှင် 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုကြီး၏ လှိုင်းဂယက်တို့ တုံ့ပြန်ရိုက်ခတ်လာသဖြင့် ခံစားအပ်ရသော ကျွန်တော့်ရင်နှလုံးမှ မဆုံးနိုင်သော ဝေဒနာတေးကိုသာ ဖွဲ့နွဲ့ပြရမည်ကဲ့သို့ ရှိနေသည်။

လူ့ဘဝကို သမုဒယ ချည်တိုင်နှောင်၍ မဟီဘောင်ရှည်သမျှ နွဲလိုရသူတစ်ဦးအနေနှင့် 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' သာယာစိုပြည် ငြိမ်းချမ်းလေသော လူနေမှုစနစ်တစ်ရပ် ဖွားသစ် ခိုင်တည်လာမည့် အရေးကို မျှော်တွေးပါသည်။ ဤမျှော်မှန်းချက် ပန်းမာလာသည် ပွင့်လန်းလာရန်မှာ ပမာဆိုလျှင် မိုးကူ၍ ရေအောင်ပါမှ ပျိုးညွန့်တို့ ထူထောင်လာမည်ကို တွက်ဆ၍ ကြိုးပမ်းရသည့် လယ်သူ၊ လုပ်သား၏ စေတနာနှင့် လုပ်ငန်းမျိုး လိုပေသည်။

ယနေ့ မြန်မာပြည် ဖြစ်နေပုံမှာ 'ဒီမင်း၊ ဒီစိုး၊ ဒီသူခိုးနှင့် ဒီမိုး၊ ဒီလေ၊ ဒီလူတွေ' ဟု ညည်းရမည့်ပုံ ပေါက်နေသည်။ သို့ကြောင့်ပင် ယနေ့ထက် နက်ဖြန်၊ ပစ္စုပ္ပန်ထက် အနာဂတ်ကိုသာ မျှော်ကိုးမိသည်။ မျက်မှောက်ခေတ်၏ တိုင်းဖျက်

mgyoe.com

mgyoe.com SAMPLE BOOK

ပြည်ဖျက် 'လူကြီးလူမိုက်' များထက် လာမည့်ခေတ်ဝယ် တိုင်းပြုပြည်ပြုမည့် 'လူငယ် လူကောင်းလေး' များကိုသာ ယနေ့ ယုံကြည်အားထားမိသည်။ သင်းကလေးတို့ကိုပင် ပျိုးပင်ပျိုးအဖြစ် ရည်ညွှန်းသည်။ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုကြီးမှာ လယ်သူ၊ လုပ်သား ကျွန်တော်၏ ရေအောင်ရန် ကူလေသော မိုးပမာသာ ဖြစ်ပါ၏။

ဤဝတ္ထုကြီးကို ရေးမိ၍ အချို့သော အဖွဲ့အစည်း လူနည်းစု တစ်သိုက်က ကျွန်တော့်အား ပုဂ္ဂိုလ်အရ အရှက်တကွဲ အကျိုးနည်းစေရန် လည်းကောင်း၊ မသိနားမလည်သူတို့ အထင်လွဲ မုန်းတီးလာရန် လည်းကောင်း စွပ်စွဲလုပ်ကြံလာကြရုံနှင့် အားမရ။ အသက်ကိုပင် ခြိမ်းခြောက်သော လျှို့ဝှက်စာပစ်ခြင်း အမှုတို့ပါ လုပ်လာကြသည်။ ရိုးသားသော ယုံကြည်မှု စေတနာတစ်ရပ်ကြောင့် ကျွန်တော့်ရင်၌ အသည်းနှင့်ဖွယ် ဝေဒနာတို့ကို ခံစားခဲ့ရသည်။

မည်သို့ရှိစေ... ဆိုရေးရှိက ဆိုရမည်မှာ ကိုယ့်ဝန်ကိုယ် ကျေလိုသော စာပေဝန်ထမ်းတို့၏ ဓမ္မတာသာတည်း။ ဆိုသမျှ၊ ရေးသမျှတို့၏ မြစ်ဖျားခံယူရာ ယုံကြည်မှုသစ္စာအဟုန်ကိုလည်း မည်သည့် 'လူနည်းစု အာဏာရှင်' နှင့် 'လူများစု အာဏာရှင်' တို့မှ ဟန့်တားနိုင်ရိုး မရှိပါ။

မေတ္တာခြံသော သစ္စာတရား၏ အစွမ်းဟုန်မှာ ယခု တတိယနှိပ်ခြင်း အထိ အောင်မြင်ခဲ့၍ လုံးချင်းဝတ္ထုသမိုင်းတွင် စံချိန်သစ် စတင်ထူခဲ့သည့် 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုကြီးက သက်သေပြခဲ့ပေပြီ။ စာတစ်တန်၊ လူတစ်တန် ဆက်သွယ် ဆွေးနွေး အားပေးကြသော လူကြီး လူငယ်၊ ကျောင်းသား မိဘ၊ လူတန်းစား အသီးသီးမှ ပြည်သူအပေါင်းအား ဤအမှာစာဖြင့် ဂုဏ်ပြုတုံ့ပြန် ကျေးဇူးစကား ဆိုပါသည်။

နှစ်ဆယ်ရာစုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လူငယ်အပေါင်းတို့ ခေတ်ဟောင်း အမှောင်စင်ကာ အမြင်သစ်နှင့် မိမိတို့၏ ကိုယ်ပိုင်ခေတ်ကောင်းကို ပြောင်းလဲ ထူထောင်နိုင်ကြပါစေသတည်း။

ဘုန်းနိုင်
(၈-၈-၆၁)

***

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

ပုလဲရည် မိုးပေါက်တို့ လောကမြေပြင်ကို ချီးမြှောက်သည့် ပျိုးပေါက်သစ်ပင် မြသစ်လွင်ရာ နယုန်ကြွေမူး ဝါဆိုဦးတွင် မုတ်သုံလေရူးနှင့်အတူ မေရီတစ်ယောက်တက္ကသိုလ်သို့ ရောက်ခဲ့လေသည်။

လေရူးပမာ လူးလွန့်စ မေရီ၏ စိတ်ကလေးက ထွေပြား ပျံ့လွင့်နေသည်။ မြေကိုမှီ၍ လေဆီ မျှော်မှန်းသော ပျိုးနုပင်၏ပမာ မေရီ၏ စိတ်မာန်မှာ ကြွချီပျံတက်နေပါ၏။ လေလာတိုင်း ရွေ့လျား၍ ခဏချင်းမှာပင် သဏ္ဍာန်သစ် ဆက်ကာ ဖွဲ့ဆန်းသော တိမ်စိုင်ပမာလည်း မေရီ၏ စိတ်ကူးစိတ်သန်းတို့မှာ အံ့ဘနန်း အပြောင်းအလဲ မြန်တတ်ပါသေး၏။

တစ်ချက်သာလျှင် မေရီ၌ ထူးပါ၏။ မုတ်သုံနှင့်အတူ တက္ကသိုလ်မြေဆီ ရောက်ခဲ့သော မေရီမှာသည် တောင်ပင်လယ်မှ ခရီးသည်ကဲ့သို့မူ အပြုတေးကို မသီ၊ မေရီ၏ ရင်တွင်း၌ကား အသည်းဖျက် တေး တစ်ပုဒ်မှာ သဲ့သဲ့ မြည်ကျူးနေပါ၏။

လှသော မေရီ၏ သန့်စင်ဖြူဖွေးသော မျက်နှာ ဝန်းပြည့်ပြည့်လေးမှာ နုနယ်သဖြင့် ပို၍တင့်တယ်နေသည်။ အပြာရည်လျှမ်းသော မျက်လုံးကြည် နှစ်စုံ၏ ကျက်သရေမှာ စာဋ္ဌဆိုသော သမင်မငယ်၏ မျက်လုံးအလှထက် အပြစ်ကင်းသည့် ကလေးငယ်၏ မျက်လုံးမှ သန့်စင်မှုသဘောက ပို၍များနေသည်။

mgyoe.com

mgyoe.com

မေရီ၏ လှုပ်ရှားမှုကလေးများမှာ ညင်းလေနုပမာ သိမ်မွေ့ပေါ့ပါး၍ မေရီ၏ ကြင်နာဆန်သော ဟန်မှာ ပျိုးပင်ပျို၏ ယိမ်းနွဲ့ခြင်းကဲ့သို့ နွဲ့နှောင်းပြေပြစ်သည်ဟု ဆိုကြပါ၏။ မေရီ၏ နက်မှောင်သော မျက်ခုံးနှစ်သွယ်၏ အနားရေးမှ မြရောင်ရှိမ်းရှိမ်းနှင့် ပါးပြင်နုနုမှာ ကွန်ရက် ယှက်ဖြာလျက်ရှိသည့် အကြောစိမ်းကလေးတို့မှာ မိုးဖျန်းစ ပင်ပျို၏ ရွက်သစ်သစ်တို့ပင် မယှဉ်သာအောင် ပိုမို၍ လန်းဆန်းတင့်ရွှန်းသည်ဟု အလှအပဆို အလွန်လျှင် ကိုးကွယ်တတ်ကြသော တက္ကသိုလ် ကျောင်းတော်ကြီးသားများက ဆိုစမှတ်ပြုကြသည်။ ဝိဇ္ဇာတန်းမှ ကျောင်းသားကြီးများကမူ မေရီကို ရှုကြည့်ရခြင်းသည် အလှအပ၏ အဘိဓမ္မာတစ်ရပ်ကို လက်တွေ့ နားလည်ခြင်းပင် ဖြစ်သဖြင့် ခေါမတိုင်းပညာရှင် ပလေတို၏ ပုရာဏ်ကျမ်းကြီးမှ လှပခြင်း သဘာဝကို ဆွေးနွေးခန်းအား ဖတ်ကြည့်ရန် မလိုဟု နက်နဲစွာ မှတ်ချက်ချကြကုန်သည်။

ဤသို့ဖြင့် မေရီသည် ညင်းလေနုပမာ သိမ်မွေ့ပေါ့ပါးသော လှုပ်ရှားမှု၊ ပျိုးပင်ပျို၏ ယိမ်းနွဲ့ခြင်းကဲ့သို့ နွဲ့နှောင်းပြေပြစ်သည့် ကြင်နာဆန်သော ဟန်တို့ဖြင့် ပိတုန်းရောင် တောက်ရွှန်းသော ကော့မျက်တောင်ရှည်တို့ ဝန်းရံအပ်သည့် မျက်လုံးပြာကြီးများကိုလှည့်ကစားရင်း တက္ကသိုလ်၏စင်္ကြံများတစ်လျှောက် လှုပ်လှဲ့လှုပ်လီ သီကရီနှင့် တည်တစ်ဖုံ၊ ကြည်တစ်လှည့်ဖြင့် လျှောက်လျက် ရှိခဲ့သည်။

ခက်သည်မှာ မေရီသည် သူ့ကိုယ်သူ လှမှန်း သိခြင်းပေတည်း။ ပိုခက်သည်မှာ မိမိအလှ၏ စူးရှထက်မြက်ခြင်းကို ရိပ်စားမိခြင်းပေတည်း။ အခက်ဆုံးမှာ မိမိယုံကြည်စိတ်ချရသော အလှအားကိုးနှင့် တက္ကသိုလ်ဝယ် မှတ်တမ်းတင်စရာ ဇာတ်လမ်းပမာ စွန့်စားခန်းတစ်ရပ်ကို ဖွင့်လှစ်ခြင်းပေတည်း။

"တက္ကသိုလ်မှာ နေနေ၊ ဘယ်ဆီရောက်ရောက် ကုန်ကုန်ပြောမယ်၊ ယောကျ်ားရပြီးတဲ့အထိ မိန်းကလေးတစ်ဦးဟာ မိမိကိုယ်ကိုယ် သဘင်အနုပညာရှင် တစ်ဦးလို အမှတ်ထားရမယ်၊ တစ်လောကလုံးမှာ ဟန်ဆောင်မှုက လွဲပြီး ဘာမှ မရှိဘူး၊ ဟန်ဆောင်သူတွေ အားလုံးထဲမှာ အပိရိဆုံးလူကို သဘာဝအကျဆုံးအဖြစ်နဲ့ လောကဇာတ်ခုံက သရဖူဆောင်းပေးလိမ့်မယ်"

ဤစကားရပ်များကား ယခုအခါ နိုင်ငံခြားရှိ သံရုံးတစ်ခု၏ စစ်တွဲဖက်အတွင်းဝန်ကတော် ဖြစ်နေသော အစ်မဖြစ်သူ မေဘယ်လ်လွင်၏ နှုတ်မှ မေရီ တက္ကသိုလ် မရောက်မီကတည်းက မကြာခဏ ကြားခဲ့ရသော အံ့ဘနန်းသည့် သြဝါဒထူးပင်တည်း။

mgyoe.com

SAMPLE BOOK

သို့ကြောင့်ပင် မေရီသည် အရည်လည် ကျွမ်းကျင်ပြီးသား ကျောင်းတော်သားကြီးများ၏ ရှေ့တွင် မျက်လုံးဝိုင်းဝိုင်း အလည်လည်နှင့် နုသော မျက်နှာလေးအား ကြည်နိုင်သမျှ ကြည်ကြည်ထားကာ ကလေးငယ်သဖွယ် ချစ်စရာ အမူလုပ်တတ်လေ့ ရှိသလောက် အချစ်ကျေးကွန် ဖြစ်ချင်ဇောဖြင့် ဘဝသခင်မကို အမောသား ရှာနေသော လူကြီးလူကောင်း ပေါက်စလေးများနှင့် ရင်ဆိုင်လျှင်မူ မျက်နှာပေးကို အလှမပျက်ရုံ တည်နိုင်သမျှ တည်ထားလျက် ထိမထင်ဟန် ပြုံ့ဖွမ်းသကဲ့သို့ပင် အူတူတူ အတတ၊ မ,နှင့် ရင်ဆိုင်လျှင် ပါမောက္ခချုပ်နှင့် တွေ့ရသည်ထက် အနေခက်သော စာကြမ်းပိုး သနားစရာခွအိုးများကို တွေ့လျှင်ကား မျက်နှာကို ပြုံးချိုချိုထားလျက် ရယ်မောခြင်းကို လွတ်လပ်စွာ ပြုပြီး ကပြားမလေးများအဟန် သွက်သွက်နှင့် ရိုးအေးသူအား ကလေးသဖွယ် စ, ကစားချင်သေးသည်။

သို့နှင့် တစ်လခန့် ကျောင်းတက်မိလျှင်ပင် နှစ်အဆုံး၌ စာမေးပွဲ အောင်မည်၊ မအောင်မည် မသေချာသော်လည်း သူ့အစ်မ ပြောသကဲ့သို့ လောကဇာတ်ခုံဝယ် သရုဖူ မဆောင်းနိုင်သည့်တိုင်အောင် တက္ကသိုလ်နန်းမှ တစ်ပါးသော ‘ထား’ သခင်မ ဖြစ်ရတော့မည်ကို မေရီသည် စိတ်ချမိခဲ့သည်။

တစ်ခုသော ဆန္ဒသည်သာ မေရီ၏ ရင်၌ ခိုတွဲမနေဟု ဆိုလျှင် ယခုအချိန်အထိ သူ ထင်သကဲ့သို့ ဖြစ်နေသော တက္ကသိုလ်၌ သူ မျှော်မှန်းခဲ့သည်တို့ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပြီဖြစ်သော မေရီမှာ သူ့ဘဝအား သူ အကျေနပ်ကြီးကျေနပ်မိနေမည်မှာ အမှန်ဖြစ်ပေသည်။

ဤဆန္ဒကိုမူ မေရီသည် ဘယ်သူ့အားမျှ ဖွင့်မပြောမိခဲ့။ ဖွင့်ပြော၍လည်း မဖြစ်ဟု ထင်သည်။ ဤဆန္ဒ ရှိနေမိသည့်အတွက်ပင် မေရီမှာ သူ့ကိုယ်သူ ရှုးမိုက်နေမိသလောဟုပင် တစ်ခါတစ်ရံ အသိဉာဏ်လေး ဝင်တိုင်း အံ့သြမိသည်။

အမှန်တော့လည်း မိမိ မမြင်ဖူးသူ၊ မိမိအားလည်း ကမ္ဘာမြေဝယ် ရှိလေသလားဟုမှ အမှတ်ပြုလိမ့်မည် မဟုတ်သူ တစ်ဦးအား ရှာဖွေနေခဲ့မိခြင်းအတွက် မေရီမှာ ရှက်စိတ်ကလေးတော့ ပေါက်မိသည်။

ကိုမြင့်သူ...။ ဤနာမည်က မေရီ့ ရင်တွင် တမှတ်ထင်ထင် ပုံတင်ထပ်နေတတ်သည်။ နာမည်ကပင် ကဗျာဆန်နေသည် ထင်၏။ ကဗျာဆရာမို့ နာမည်ကို ကဗျာဆန်ဆန်ပင် မှည့်ထားလေသည်လား မသိ။

စကြံများတွင် လျှောက်ခိုက် ပရိသတ်အကြိုက်ကို သိုက်မြိုက်စွာ အသုံး

mgyoe.com

mgyoe.com SAMPLE BOOK

တော်ခံရင်း ကချေသည်မလေး မေရီမှာ သူ့အား ဖူးတွေ့လိုသူ အများကြားမှ သူ မြင်တွေ့လိုသူအား တွေ့နိုးနိုးဖြင့် ရှာကြည့်နေမိခဲ့သည်။ တစ်ခါတစ်ရံတွင် အကြောင်းမဲ့ စိတ်ပေါက်ကာ အပြစ်မဲ့သူ တစ်ယောက်လူအား ကရုဏာဒေါသောနှင့် ကျိန်ဆဲမိခဲ့ သည်လည်း ရှိသည်။

"ဘယ်မှာလဲတဲ့... ကဗျာဆရာ ဆိုတဲ့ ကိုမြင့်သူကောင်ရယ်..."

အခန်းတံခါး ပိတ်ပြီး၍ သူ့ပါတနာ ပဂ္ဂဝမ်းတစ်ယောက် အိပ်ပြီဆိုလျှင် မေရီသည် ထူထဲသော စာရွက်ပြာ အထပ်များကို သေတ္တာတွင်းမှ အသာအယာ ထုတ်ကာ တိတ်တဆိတ် နိုးဖတ်မိသည်။

မီးမှိတ်ပြီးလျှင်ကား မေရီသည် တဒိတ်ဒိတ် ခုန်သော မိမိရင်မှ အသံကို နားခံမိရင်း ရှက်ရွံ့ရွံ့နှင့်ပင် သူ ငယ်စဉ်ကတည်းက အလွတ်ရခဲ့သော ကဗျာ ဆရာမ ကြည်အေး၏ ကဗျာလေးတစ်ပုဒ်ကို တီးတိုးရွတ်နေမိတတ်သည်။

*'မမြင်ဖူးခင်က*
*မေ့မှာဖြင့် ရှူးပြီ မောင်...*
*ဖွေသည့်မှာ ရွှေရင်ထိတ်နှင့်*
*တိတ်တိတ်လေး ပျော်ရအောင်...'*

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

သူ တွေ့ချင်သော ကိုမြင့်သူအား သူ မမျှော်လင့်သောနည်းဖြင့် မေရီသည် တစ်နေ့မှာ တွေ့ခဲ့ရပါ၏။

နံနက် ၉ နာရီ အတန်းတက်ပြီးနောက် နေ့လယ်ပိုင်းတွင်သာ ကြူတိုရီးရဲ တစ်ချိန် ရှိသဖြင့် မေရီသည် အင်းလျားကျောင်းဆောင်သို့ မပြန်တော့ဘဲ အားလပ်ချိန်အတွင်း ကျက်မှတ်စရာ ရှိသည်များကို ကျက်မှတ်ရန် တက္ကသိုလ်စာကြည့်တိုက်ဆီသို့ ထွက်လာခဲ့သည်။

မေရီ၌ တစ်ခုတော့ ချစ်ဖွယ်ရှိသည်မှာ ဘာတွေးတွေး၊ ဘာကြံကြံ ကျောင်းစာကိုမူ လျစ်လျူမရှုခြင်းပင် ဖြစ်သည်။ တက္ကသိုလ်သင်တန်းများမှာ တစ်နေကုန် ဆက်တိုက် တက်ရသည် မဟုတ်ဘဲ ကြား၌ အားလပ်ချိန်များ ရှိရာ ဤအချိန်များအတွင်း၌ပင် ကြိုးစားကြည့်မည်ဆိုက တစ်နေ့ပေးသည့် သင်ခန်းစာကို တစ်နေ့အတွင်း ပြီးအောင် ကြည့်နိုင်သည်။ ဤကဲ့သို့ ကြည့်ချင်သူများအတွက် တက္ကသိုလ်စာကြည့်တိုက်သည် ဆူညံ၍ စည်ကားသော ကျောင်းဆောင်အခန်းများနှင့် အပန်းဖြေ အခန်းများထက် ပိုမို၍ သင့်လျော်သည်။ သင်ခန်းစာကို မကြည့်ချင်သူများအတွက်လည်း အခြား အထွေထွေ ဗဟုသုတဖြစ်ဖွယ် စာပေများကို စာကြည့်တိုက်တွင် လေ့လာနိုင်သည်။

mgyoe.com

mgyoe.com

စာကြည့်တိုက်တွင်းသို့ မေရီ ရောက်လာသောအခါ စာအုပ်ငှားရာ ကောင်တာမှ ထုထဲလှသော စာအုပ်ကြီး တစ်အုပ်ကို ထုတ်ယူ ပိုက်ထွက်လာသော ကျောင်းသူတစ်ဦးနှင့် ရင်ဆိုင်တိုးနေသည်။ ထိုကျောင်းသူနှင့် မကျွမ်းသေးသော် လည်း တစ်ဆောင်တည်းနေဖက် ဖြစ်၍ အခန်းချင်းလည်း မဝေးသဖြင့် သူ့နာမည် အား မေရီသည် သိပြီးဖြစ်သည်။ ငြိမ်း...ဟူသတည်း။

ငြိမ်းမှာ အရပ်သွယ်သွယ် ပိန်ပိန်ပါးပါး ဖြစ်သည်။ အနည်းငယ်ရှည် သယောင်ရှိသော မျက်နှာတွင် ထုထဲလှသော ကျွဲကော်ကိုင်း မျက်မှန်ကြီးကို တပ် ထားရာ အသွင်မှာ အတန်ရင့်ပုံပေါက်သည်။ လမ်းလျှောက်လျှင် မျက်လွှာကို ချထား တတ်၍ မျက်နှာပေးမှာ ထာဝစဉ် ရှက်ကိုးရှက်ကန်းနိုင်သော သဏ္ဌာန် ပေါ်နေသည်။ မလွှဲသာ၍ မျက်နှာချင်းဆိုင်မိစဉ် ငြိမ်း၏ မျက်မှန်နောက်ကွယ်မှ မျက်လုံးရှည်ရှည် များကို တွေ့မိလျှင်ကား ငြိမ်းမှာ နာမည်သာ ငြိမ်းအေးသော်လည်း အတွင်းစိတ်မှာ မတည်ငြိမ်ကြောင်းကို ရိပ်မိနိုင်သည်။ ငြိမ်း၏ မျက်လုံးရှည်ရှည်များမှာ ချားရဟတ် လည်နေတတ်၍ အတွင်းစိတ်ကို မှီကာ မျက်လုံးရောင်မှာ ခဏချင်းပင် မှိန်ချည် ဝင်းချည် ရှိနေတတ်သည်။ သို့ရာတွင် ပိတ်အင်္ကျီ ထူ အဖြူလက်ရှည်၊ အသွေးရင့် သော ချည်လုံချည်ပိန်းများကိုသာ အမြဲဝတ်တတ်သဖြင့် ငြိမ်းအား ဟန်ဆောင်မှု နည်း၍ ရိုးအသော မိန်းကလေးတစ်ဦး ဖြစ်သည်ဟု မေရီက နားလည်ထားသည်။

ငြိမ်းနှင့် ရင်ဆိုင်တိုးမိသောအခါ မေရီကပင် စ၍ ပြုံးနှုတ်ဆက်လိုက် သည်။

"စာအုပ်လာထုတ်သလား"

စာကြည့်ခန်းတွင် စကားကျယ်ကျယ် မပြောရသဖြင့် မေရီက လေသံ ဖြင့် မေးလိုက်သည်။ ငြိမ်းက လျော့ရဲစွာ ပြန်ပြုံးရင်း ခေါင်းညိတ်ပြသည်။

"မေရီကတော့ စာဖတ်ချင်လို့ လာတာ"

"လာလေ... ဒါဖြင့် အပေါ်ထပ်ကို သွားရအောင်၊ ငြိမ်းလဲ စာဖတ်မလို့ပဲ"

နှစ်ဦးသား လှေကားဆီမှ တက်လာစဉ် မေရီက ငြိမ်း၏ လက်တွင်းမှ စာအုပ်ကြီးကို တစေ့တစောင်း ကြည့်မိသည်။ ဂျွန်ဒရင့်ဝါးတား တည်းဖြတ်သည့် ကမ္ဘာ့စာပေသမိုင်း အတိုချုပ် ဖြစ်လေသည်။

မေရီက ငြိမ်းအား အံ့သြသွားသည်။ ဤမျှ ငယ်ငယ်ရွယ်ရွယ်နှင့် ဤမျှ ကျယ်ဝန်းသော ပညာကို လေ့လာကာ အဘယ့်ကြောင့် ငြိမ်းသည် မိမိကိုယ်ကိုယ် ညှဉ်းချင်ရသနည်းဟုလည်း သနားသွားသည်။

mgyoe.com

အပေါ်ထပ်တွင် စာကြည့်ရန် စားပွဲကလေးများ ရှိသည်။ ပါလစ်ရောင်ဖြင့် တောက်ပြောင်နေသော စားပွဲကလေးတစ်ခုစီအား အလယ်တွင် အတန်မြင့်သော သစ်သားပြား အကာတစ်ခုက နှစ်ပိုင်း ခွဲခြားထားသည်။ သစ်သားအကာ၏ တစ်ဖက်တွင် တစ်ယောက်စီ ကုလားထိုင်နှင့် ထိုင်၍ စာကြည့်နိုင်သည်။

မေရီနှင့် ငြိမ်းတို့ အပေါ်ထပ်သို့ ရောက်ကြသောအခါ နှစ်နေရာသာ လစ်လပ်တော့သည်ကို တွေ့ရသည်။ စားပွဲနှစ်လုံးမှာ တစ်ပိုင်းစီသာ လွတ်နေသည်။ ကျန်အပိုင်းများတွင် ယောကျ်ားကလေး နှစ်ဦးက နေရာယူထားသည်။

ဘာကြောင့်မသိ။ ငြိမ်း၏ ဖြူရော်သော မျက်နှာကလေးမှာ အနည်းငယ်နီရဲသွားသည်ကို မေရီသည် သတိပြုလိုက်မိသည်။ ငြိမ်းသည် ရှက်ကိုးရှက်ကန်းနှင့် အဓိပ္ပာယ်မဲ့ မေရီအား တစ်ချက်ပြုံးပြလိုက်၍ နေရာရှာသည့်ပမာ ယောင်ချာချာဖြစ်နေပြီးနောက် လက်ယာဘက် စားပွဲ၏ လွတ်သော နေရာတွင် ဝင်ထိုင်လိုက်သည်။

ငြိမ်း ဝင်ထိုင်သော စားပွဲ၏ အခြားတစ်ပိုင်းတွင် ထိုင်နေသူမှာ ငြိမ်းကဲ့သို့ပင် ကျွဲကော်ကိုင်း မျက်မှန်ကြီးကို တပ်ထားလျက် မဖြီးဘဲ ထားဟန် ရှိသော ဆံပင်များမှာ ထိုးထောင်ပွရောင်းလျက် နေသည်။ အသားမှာ ညိုကာ နှာခေါင်း အနည်းငယ် ပြား၍ အသွင်မှာ လူကြောက်တတ်သော စာကြမ်းပိုးတစ်ယောက် ဂိုက် ပေါ်နေသည်။ သူသည် မေရီတို့ဝင်လာသောအခါ တစ်ချက် မော်ကြည့်လိုက်ပြီး ငြိမ်းအား တွေ့သောအခါ ညိုသော မျက်နှာမှာ ပြာသွားပြီး ခေါင်းပြန် ငုံ့သွားလျက် စာအုပ်ကိုသာ သဲသဲမဲမဲ ပြန်ဖတ်နေသည်။ သူ ဖတ်နေသော စာအုပ်ကြီးမှာလည်း သုံးလက်မခန့် ထူသတည်း။

မေရီက မသိမသာ ပြုံးလိုက်ပြီး လက်ဝဲဘက် စားပွဲ၏ လစ်လပ်သော အပိုင်းတွင် ဝင်ထိုင်လိုက်သည်။ တစ်ဖက်ပိုင်းတွင် ထိုင်နေသူမှာ မုတ်ဆိတ်မွေး ထူထူ၊ ဘောင်းထုပ်ကြီးနှင့် ပန်ချာပီ ကျောင်းသားတစ်ဦးမှန်း မေရီက သတိပြုလိုက်မိသည်။

မေရီ၏ မျက်လုံးအစုံမှာ ငြိမ်းနှင့် သူ့လူထံ မျက်စိက ရောက်သွားပြန်သည်။ မျက်မှန်နှစ်ခုကား စာအုပ်များကိုသာ စားတော့ ဝါးတော့မည့်အတိုင်း သဲသဲမဲမဲ ငုံ့ကြည့်နေကြသည်။ မေရီသည် တစ်ချီ ထပ်ပြုံးလိုက်ကာ မှတ်စုစာအုပ်ကို ဖွင့်လျက် ကြူတိုးရီးရဲအတွက် ဆိုင်သော အချက်အလက်များကို ထုတ်ယူနေသည်။

mgyoe.com

mgyoe.com

ခဏအကြာတွင်မူ ပန်ချာပီ ကျောင်းသားသည် နေရာမှထကာ မေရီအား တစ်ချက် စွေကြည့်လျက် ခြေလှမ်းကျဲကြီးများဖြင့် အောက်ထပ်သို့ ဆင်းသွားသည်။ သူ့ခြေသံ မပျောက်မီပင် ရှူးဖိနပ်သံ တဂေါက်ဂေါက်ကြားရပြီး ကျောင်းသားတစ်ဦး သည် လွတ်နေရာသို့ ဝင်ထိုင်သည်။

မေရီနှင့်တကွ မျက်မှန် နှစ်စုံမှာ လူသစ်အား တစ်ပြိုင်နက် မော်ကြည့် လိုက်မိကြသည်။ ပိုးဟာဝေယံရှပ်ဖြူ မီးခိုးရောင် သက္ကလတ်ဘောင်းဘီနှင့် အသား လတ်လတ် လူငယ်အား မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မေရီ၏ မျက်နှာလေးမှာ ချက်ချင်း တည်သွားကာ ထီမထင် မျက်နှာပေးဖြင့် အလုပ်ကို ဆက်လုပ်နေလိုက် သည်။

လူငယ်၏နာမည်ကို မေရီ မသိသော်လည်း မျက်နှာကိုမူ တန်းမိနေ သည်။ မေရီသည် သူ့အား မိမိနှင့်တူသော ဘာသာတွဲကို ယူသည်၊ မယူသည် မသေချာသော်လည်း မိမိတက်သမျှ အတန်းတိုင်း၌ နောက်တည့်တည့်မှ အစဉ် ရှိနေမှန်းကိုမူ သတိပြုမိခဲ့သည်။ စကြႋများတစ်လျှောက် မေရီ လျှောက်သွားသော အခါများ၌လည်း မကြာခဏ နောက်မှ တကောက်ကောက် လိုက်တတ်သည်။

ယခုလည်း သူ့အမူအရာမှာ ဂနာမငြိမ်၊ မျက်မှန်ထူ စုံတွဲအား ကြည့်ချည်၊ ပတ်ဝန်းကျင်ကို အကဲခတ်ချည်နှင့် လှုပ်ရှားနေသည်။ ဒါတွေအားလုံးကို သတိပြု မိသော်လည်း မေရီသည် ရေးမှတ်စရာရှိသည်ကိုသာ ဆက်လက်ရေးမှတ်နေသည်။

တစ်အောင့်အကြာတွင်မူ လူငယ်မှာ ငြိမ်သက်သွားကာ စာအုပ်တစ်အုပ် ကို ခပ်ကွယ်ကွယ် ဖွင့်လျက် မှင်သေသေဖြင့် ဖတ်ရှုနေသည်။

မိနစ် ၄၀ ခန့်ရှိသော် မေရီသည် နာရီအား ငုံ့ကြည့်လိုက်၍ စာအုပ်များ ကို ပိုက်လိုက်ကာ နေရာမှထပြီး ငြိမ်းထံသို့ ချဉ်းကပ်လိုက်သည်။

"မေရီ သွားတော့မယ်၊ ငြိမ်း နေရစ်ဦးမလား"

ငြိမ်းက ခေါင်းညိတ်လိုက်သဖြင့် မေရီသည် ငြိမ်းအား ပြုံးနှုတ်ဆက်ခဲ့၍ လှေကားဆီသို့ ထွက်ခဲ့သည်။ စားပွဲမှ ဟာဝေယံရှပ်နှင့် လူငယ်မှာလည်း နေရာမှ ပျာယီးပျာယာ ထကာ မေရီ့နောက်မှ ကပ်လိုက်လာသည်။

လှေကားတွင် သူက မေရီအား ကျော်ဆင်းသည်။ မေရီအား ဖြတ်မိစဉ် တွင် သူက ပိုက်ထားသော မေရီ၏ စာအုပ်ကြားသို့ စာတစ်စောင်ကို ဖျတ်ခနဲ ပစ်ထည့်သွားသည်။

mgyoe.com

SAMPLE BOOK

မေရီ၏ မျက်နှာလေးမှာ နီရဲသွားကာ စာရွက်ခေါက် အပြာလေးအား လှေကားထက်မှ အောက်သို့ ပစ်ပေါက်ချလိုက်၏။ ထိုအချိန်တွင် လှေကားခြေရင်းသို့ ရောက်ရှိနေပြီဖြစ်သော လူငယ်မှာ ခြေလှမ်း တုံ့သွားလျက် စာရွက်ခေါက်လေးအား ပြန်ကောက်ယူလိုက်သည်။ မေရီသည် သူ့အား အမှတ်မပြုသည့်ဟန် မျက်နှာလေးကို အသာပင့်လျက် စာကြည့်တိုက်အပေါက်ဝမှ ကြော့ကြော့မော့မော့ပင် မှန်မှန်လမ်းလျှောက်ထွက်လာခဲ့သည်။

ခဏချင်းမှာပင် လူငယ်မှာ မီလိုက်လာကာ နောက်တစ်ကြိမ် စာရွက်ခေါက်လေးအား ရင်၌ ပိုက်ထားသော မေရီ၏ စာအုပ်ကြားထဲသို့ ထည့်လိုက်ပြန်သည်။

မေရီသည် ပတ်ဝန်းကျင်အား လှည့်ကြည့်လိုက်သည်။

လူပုပု၊ ဆံပင်စုတ်ဖွားနှင့် မျက်နှာတွင် ဝက်ခြံများ ထူလပျစ်ရှိသော ကျောင်းသားတစ်ဦးသည် ကချင်လွယ်အိတ် အနီကြီးတစ်ခုကို လွယ်လျက် မော်တော်ဆိုင်ကယ် တစ်စီးအား အဓိပတိလမ်းတစ်လျှောက် မြောက်မှ တောင်သို့ အချိုးမကျစွာ အပြင်းမောင်းစီးလာရာ မေရီတို့ စုံတွဲအား မြင်သောအခါ မှေးသော ပွေးမျက်လုံးကို ပြူးလျက်၊ ကျယ်သော ပါးစပ်ကို ဖြလျက် သမင်လည်ပြန် လှည့်ကြည့်သွားသည်။

ဂျပ်ဆင် ကျောင်းဝင်းဘက်မှ အဓိပတိလမ်းကို ဖြတ်ကျော်လာသော ခေါင်းတုံးဆံတောက်၊ ရွှေမျက်မှန် တဝင်းဝင်းနှင့် အရပ်ရှည်ရှည်၊ ပိန်ပိန် လူငယ်တစ်ဦးက မော်တော်ဆိုင်ကယ်ပေါ်မှ ကျောင်းသားအား လှမ်းနောက်လိုက်သည်။

“ဟကောင်ကြီး... သုဘရာဇာညွှန့်၊ ပါးစပ်က သွားရည်တွေ ခတ်ဆီအိုးထဲ ဝင်တော့မယ်”

မော်တော်ဆိုင်ကယ် လွန်သွားသောအခါ သူက မေရီတို့ဘက် လှမ်းကြည့်လိုက်ပြီး သူကိုယ်တိုင် ပါးစပ်ကြီး ဖြကာ ငေးကြည့်နေ၏။

တော်ပါသေး၏။ စနေနေ့လည်း ဖြစ်၊ နောက်ဆုံးအချိန်လည်း ဖြစ်သဖြင့် ပတ်ဝန်းကျင်၌ ကျောင်းသား၊ ကျောင်းသူ များများ မရှိ၊ ခပ်လှမ်းလှမ်း မိန်းကလေးများ နားနေရာ ရိပ်သာအခန်းအနီး ဟေလ်မင်းအမျိုးအစား ကားစိမ်းလေးတစ်စီး ဘေး၌သာ ကျောင်းသား ငါးဦးခန့် ရှိသည်၊ အတန်ဝေးသော ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးဘက်မှမူ ချည်ကုတ်အင်္ကျီ၊ ချည်ဘောင်းဘီရှည် ပွပွကြီးများနှင့် ဖဲထီးချိုင်းကြားညှပ်ထားသော ကုလားဆရာတစ်ဦးမှာ ခေါင်းငိုက်စိုက်နှင့် အတွေးလွန်

mgyoe.com

mgyoe.com

လာဟန် မေရီတို့ဘက်သို့ ဖြည်းညင်းစွာ လျှောက်လာနေသည်။

မေရီ၏ ခေါင်းထဲတွင် အသိဉာဏ်လေးတစ်ခုက ဝင်းခနဲ လက်ပေါ်လာသည်။ ထို့ကြောင့်ပင် စာရွက်ခေါက်အား စာအုပ်ကြားမှ ယူလိုက်၍ လက်ကလေးကို အားကုန်ယမ်းကာ လမ်းကိုကျော်လျက် တစ်ဖက်မြက်ခင်းပြင်အရောက် လွှင့်ပစ်လိုက်သည်။

ပလက်ဖောင်းဘေး၌ ရပ်နေသော ရွှေမျက်မှန်နှင့် ကျောင်းသားဆီမှလည်းကောင်း၊ ကားစိမ်းနားမှ ကျောင်းသားများဆီမှ လည်းကောင်း ရယ်မောသံသည် ထွက်ပေါ်လာသည်။ ဟာဝေယံရှပ်ရှင် ကျောင်းသား ကြောင်ရပ်နေခိုက် မေရီသည် အတန်းတက်ရန်ရှိသည့် အဓိပတိလမ်း၏ အနောက်ဘက်မှ စာသင်ခန်းများရှိရာသို့ ခပ်သွက်သွက်ကလေး လှမ်းထွက်လာခဲ့သည်။

သို့ရာတွင် စိတ်ပညာဌာန၏ ကြွက်ဖြူလှောင်အိမ်များ ရှိရာ လှေကားရင်းသို့ မေရီ ရောက်သောအခါတွင်မူ ဟာဝေယံရှပ်နှင့် လူငယ်မှာ မီလိုက်လာပြီး ရှေ့မှ ကာဆီးလိုက်သည်။ အာဂွဲပင်တည်း။

လူပြတ်သည့်နေရာ ဖြစ်သဖြင့် မေရီမှာ အနည်းငယ် ထိတ်လန့်သွားသည်။ ဒေါသလည်း အတော်ထွက်ခဲ့ပြီ ဖြစ်သဖြင့် မျက်နှာလေးမှာ နီနေကာ ကိုယ်လေးမှာလည်း ဆတ်ဆတ်တုန်နေ၏။

ကံအားလျော်စွာပင် အနီးရှိစကြံဘေး အုတ်လက်ရန်းပေါ်တွင် အေးအေးလူလူ ထိုင်နေသော လူရွယ်တစ်ဦးအား မြင်လိုက်သဖြင့် မေရီမှာ တအားတက်သွားသည်။ လူရွယ်မှာ အသက် ၂၀ ကျော်ခန့် ရှိနေပေပြီ။ ရှပ်နက်ပြာလက်တို၊ ဘောင်းဘီဖြူနှင့် အဝတ်အစားကို ပြီးစလွယ် ဝတ်ထားသော်လည်း အတော်ပင် ချောမော သိက္ခာရှိသူတစ်ဦး ဖြစ်ကြောင်းကိုမူ မေရီသည် အရေးထဲတွင် သတိပြုလိုက်မိသည်။

မေရီသည် သူ့ရှေ့မှ လူငယ်အား မျက်နှာထားတင်းတင်းနှင့် ရင်ဆိုင်လိုက်သည်။

"ဒါတော့ ရှင် တရားလွန်ပြီ ထင်တယ်"

မေရီ၏ အသံမှာ ဒေါသဖြင့် တုန်ယင်နေသည်။

"စိတ်ဆိုး အရင်မလိုပါနဲ့ဗျာ၊ ဒီစာလေး ယူသွားဖို့ကလဲ ဝန်လေးတာ မှတ်လို့"

mgyoe.com

m gyoe.com SAMPLE BOOK

လူငယ်ကမူ အပြုံးမပျက်၊ အသံမှာလည်း အေးအေးပင်။

မေရီက အက်ံ့ဩပြာနှင့် လူရွယ်အား အားကိုးဟန်နှင့် လှမ်းကြည့်လိုက်မိသည်။ ထိုလူတစ်ယောက်ကမူ အေးအေးပင် မစိန်ညွှန့် ဆေးပေါ့လိပ်ကို ဖွာ ကာ သူတို့နှစ်ဦးအား ကမ္ဘာ့ဒွန်းပုဂ္ဂိုလ်၏ တည်ငြိမ်ခြင်းဖြင့် ကြည့်ရှုနေသည်။

"ရှင် ကျွန်မလမ်းကို ဖယ်ပေးပါ"

"ဒါလေးသာ... တစ်ဆိတ်"

သူ၏ လက်မှာ ဆန့်တန်းလာသော စာရွက်ခေါက်ကလေးကို မေရီ့ စာအုပ်အတွင်းသို့ လှမ်းထည့်လိုက်သည်။ သို့ရာတွင် စာရွက်ခေါက်လေးမှာ မေရီ၏ ရင်ခွင်သို့ မရောက်။ လူငယ်၏လက်အား တစ်စုံတစ်ယောက်က နောက်မှနေ၍ ခပ်ပြင်းပြင်း ပုတ်ရိုက်လိုက်သဖြင့် စာရွက်ခေါက်လေးမှာ လေထဲသို့ လွင့်မြောက်ထွက်သွားသည်။

"မိန်းကလေးတစ်ယောက်ကို ဒီလောက် နှောင့်ယှက်ရရင် တော်ရောပေါ့"

မာကျောပြတ်သားသော အသံကလည်း ထွက်ပေါ်လာသည်။

နှစ်ဦးသား လှည့်ကြည့်လိုက်သောအခါ လှေကားရင်းတွင် မျက်နှာထားတင်းတင်းနှင့် ရပ်နေသော ကျောင်းသားတစ်ဦးအား တွေ့ရသည်။

ခါးနွဲ့နွဲ့နှင့် သွယ်သွယ်ပါးပါး လူဖလံလေး တစ်ဦးပင်တည်း။ နှုတ်ခမ်းမွေး ရေးရေးရှိကာ မေးရိုးများမှာ လေးထောင့်မကျတကျ ခိုင်မာနေသည်။ ဒေါသကြောင့်လား မသိ။ မျက်လုံးများမှာ ဝင်းဝင်းတောက်နေသည်။

"ကျုပ်... ခင်ဗျား လုပ်ပုံကို စောင့်ကြည့်နေတာ ကြာလှပြီ။ ခင်ဗျား နှမချင်း မစာတတ်တာက အရေးမကြီးဘူး၊ ကျောင်းကြီးဂုဏ်ကို ထိခိုက်လှတယ်"

သည်တော့မှ ဟာဝေယံရှပ်နှင့် လူငယ်က လှုပ်ရှားလာသည်။ ရှက်ဒေါသကြောင့် သူ့မျက်နှာမှာလည်း မည်းပြာသွားသည်။

"နေပါဦး... ခင်ဗျားနဲ့ ဘာဆိုင်လို့တုံး"

လူမှာလည်း လှေကားရင်းသို့ ဆင်းသွားကာ တစ်ဖက်လူအား ရင်ဆိုင်လိုက်သည်။

"ဒီမှာ မိတ်ဆွေ... မိန်းကလေးတစ်ယောက် ရှေ့တော့ သူ့ရဲကောင်း လုပ်ပြီး ရန်မဖြစ်ချင်နဲ့၊ သတ္တိရှိရင် လာ... ဟိုကန်စောင်းမှာ လူရှင်းတယ်၊ သွားကြမယ်"

လူဖလံလေး၏ အသံမှာလည်း မောက်မာလှသည်။

mgyoe.com

mgyoe.com

ဟာဝေယံရုပ်နှင့် လူငယ်သည် ဘာမျှ ပြန်မဖြေ။ သူ့လက်တစ်ဖက်သည်သာ မြောက်တက်သွားပြီး လူဖလံလေး၏ မေးဆီသို့ ကျလာသည်။

"အို..."

မေရီသည် ကြောက်အားလန့်အား အော်လိုက်ကာ မျက်စိကို မှိတ်လိုက်သည်။ မေရီ မျက်စိ ဖွင့်ကြည့်လိုက်သော အခါတွင်ကား လှေကားရင်းတွင် သဲသဲမဲမဲ သတ်ပုတ်နေကြလေပြီ။ ကြောက်အားကြောင့် မေရီမှာ ထွက်မပြေးမိ။ လှေကား လက်ရန်းကို မှီကာ အင်္ကျီပြာနှင့် လူရွယ်ကိုသာ တစ်ချက် လှမ်းကြည့်လိုက်မိသည်။ ထိုလူမှာလည်း အေးအေးပင် ရှိသေးသည်။ ဆေးလိပ်အဖွာ မပျက်။ လူနှစ်ယောက် ရန်ဖြစ်နေသည်ကို ခွေးကိုက်ပွဲ ကြည့်သကဲ့သို့ ဟန်မပျက် ကြည့်နေသည်။

ထိုအခိုက်တွင်ပင် မေရီက သူ တွေ့ချင်သူအား ပထမဦးဆုံးအကြိမ် မြင်လိုက်ရခြင်း ဖြစ်ပေသည်။

အနီးရှိ ဖီလိုဆိုဖီဌာန စာကြည့်တိုက် တံခါးသည် ပွင့်လာပြီး သက္ကလတ် တိုက်ပုံ မီးခိုးရောင်၊ ဘန်ကောက်လုံချည် အစိမ်းနှင့် လူရွယ်တစ်ယောက်သည် ရန်ဖြစ်နေသူ နှစ်ဦးဆီသို့ ခပ်သွက်သွက် ချဉ်းကပ်လာသည်။ သူ့နောက်မှလည်း စာရေးနှင့် တူသူတစ်ဦးမှာ လိုက်ပါလာသည်။

"ဟေ့ ဟေ့... တော်ကြလေ"

ပါးစပ်မှလည်း ပြောရင်း လူမှာ ပူးသတ်နေသူ နှစ်ဦးကြားသို့ တိုးဝင်ကာ ဟန့်တားလိုက်သည်။

သည်တော့မှ လက်ရန်းပေါ်က အင်္ကျီပြာနှင့် လူရွယ်မှာလည်း ဆင်းကာ ရန်ပွဲကို ဝင်ဖျဉ်သည်။ ခဏအကြာတွင်မူ ဟာဝေယံရုပ်နှင့် လူငယ်မှာ အင်္ကျီပြာနှင့် လူရွယ်၏ သန်မာသော လက်ထဲတွင် လည်းကောင်း၊ လူဖလံလေးမှာ စာရေးနှင့် တူသူ၏ မြဲမြံသော ချုပ်တည်းမှုတွင် လည်းကောင်း မလှုပ်နိုင်အောင် မိနေပြီး ဖြစ်လေသည်။

တိုက်ပုံအင်္ကျီနှင့် လူရွယ်၏ ပါးစပ်မှမူ သွေးများ စီးကျနေသည်။ ရန်ဖျဉ်စဉ် တစ်ဦးဦး၏ လက်သီးချက်က မတော်တဆ ထိမိသွားဟန် တူသည်။

"ဟာ... ဆရာ့ပါးစပ်မှာလဲ သွေးတွေနဲ့၊ ခိုက်မိသွားတယ် ထင်တယ်"

စာရေးနှင့် တူသူက အော်လိုက်သည်။ ခပ်စောင်စောင် ဖြစ်နေသော လူငယ်နှစ်ဦးမှာလည်း 'ဆရာ' ဟု ခေါ်သံ ကြားလိုက်ရသဖြင့် တုန်လှုပ် ချောက်ချား

mgyoe.com

mgyoe.com SAMPLE BOOK

သွားကြသည်။ သွေးစများ ပါးစပ်၌ ပေကျံနေသူ ဆရာအား လှမ်းကြည့်လိုက်သော နှစ်ဦးလုံး၏ မျက်လုံးများတွင် စိုးရိမ်မှုနှင့် အားနာ ထိခိုက်မှုများ ပေါ်လွင်နေ၏။

ဆရာကမူ ဘာမှ မဖြစ်သကဲ့သို့ သွေးစများကို လက်ကိုင်ပဝါဖြူနှင့် သုတ်ပစ်လိုက်သည်။

"နေပါစေ... ကိုလွင် လွှတ်လိုက်ပါ၊ ကိုလှဝေကလဲ လွှတ်လိုက်ပါလေ၊ သူတို့ကို ကျွန်တော် စကားပြောစရာ ရှိပါတယ်"

သူ့အသံမှာ သူ့အမူကဲ့သို့ပင် အေးချမ်းနေသည်။ ရန်ဖြစ်သူ နှစ်ဦးအား ကြည့်၍ ပြုံးလိုက်ပုံမှာ မြမြသော်လည်း ကြင်နာမှုပြည့်သော အစ်ကိုတစ်ဦး၏ အပြုံးပင်တည်း။

"ဘယ်လို ဖြစ်ကြသလဲ"

ရန်ဖြစ်သူ နှစ်ဦးက ဆရာ၏ ထိုးထွင်းသော အကြည့်အား ရင်မဆိုင်ရဲသယောင် မျက်နှာလွှဲပစ်လိုက်ကာ ခေါင်းငုံ့ထားကြသည်။

"ကျောင်းသားချင်းဟာ ညီအစ်ကိုလို ချစ်ကြတာပဲ ဆရာ မြင်ချင်တယ်၊ အခုလို ရန်ဖြစ်ကြတာဟာ တက္ကသိုလ်ကျောင်းသား ဆိုတဲ့ မင်းတို့ရဲ့ ဂုဏ်သိက္ခာနဲ့ မလိုက်ဘူးလို့ ဆရာ ထင်တယ်"

သူ့အသံမှာ အပြစ်တင်သံထက် ဖျောင်းဖျသံက ပိုထင်ရှားနေသည်။

လူဖလံလေးက စ၍ ဖြေသည်။

"ထိခိုက်မိသွားတာဟာ ကျွန်တော့်ကြောင့် ဆိုရင် ဆရာ့ကို ကန်တော့ပါတယ်။ ပေးတဲ့ အပြစ်ကိုလဲ ခံပါ့မယ်"

ဟာဝေယံရှပ်နှင့် လူငယ်က လူဖလံလေးအား ငဲ့ကြည့်လိုက်ပြီး–

"ကျွန်တော်လဲ တောင်းပန်ပါတယ်၊ ဆရာ ကြိုက်တဲ့အပြစ် ပေးပါ"

ဟု ဆိုသည်။ ဆရာက သူတို့နှစ်ဦးအား စူးစိုက်ကြည့်နေရာမှ ကျေနပ်စွာ ပြုံးလိုက်သည်။

"မင်းတို့ ထပ်ရန်မဖြစ်ဘူး ဆိုတဲ့ ကတိတစ်လုံးပဲ ဆရာ့ကို ပေးပါ"

ဟာဝေယံရှပ်နှင့် လူငယ်က စတင်၍ လူဖလံလေး၏ လက်ကို ဆွဲလှုပ်ယမ်းရင်း တည်ငြိမ်စွာပင် တောင်းပန်သည်။

"ခင်ဗျားကို ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်က စမှားတာပါ၊ ဆရာလဲ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

mgyoe.com

mgyoe.com

သူသည် မေရီ ရှိရာဘက်သို့ ရက်သွေးဝင်သော မျက်နှာဖြင့် တစ်ချက် လှည့်ကြည့်လိုက်ကာ နေရာမှ ဖြည်းညင်းစွာ ထွက်ခွာသွားသည်။ သည်တော့မှ မေရီကလည်း လှုပ်ရှားလာကာ လှေကားရင်းသို့ ဆင်းခဲ့၏။

"ဟုတ်ပါတယ် ဆရာ၊ ဟိုလူက စ,မှားတာပါ။ သူက မေရီ့အတွက် ကြားက ဝင်ရန်ဖြစ်ပေးရတာပါ"

မေရီ့အား မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆရာ၏ မျက်နှာမှာ ဘာ ကြောင့်မသိ။ သွေးဆုတ်သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ အတန်ကြာ ကြောင်ငေးနေပြီးမှ သတိရဟန် မျက်လုံးကို လွှဲဖယ်လိုက်၏။

"ဟုတ်တယ် ဟုတ်တယ်... ကျွန်တော်လဲ ဟိုထောင့်က ကြည့်ကောင်း လို့ ကြည့်နေတာ။ ဟိုလူက တော်တော်လွန်တာပဲ"

နောက်ပေါ်လာသော အသံမှာ ဗမာသံ ပီပီသသကြီး ဖြစ်သော်လည်း အနားရောက်လာသူမှာ စောစောက မေရီ သတိပြုမိခဲ့သော ဖောင်းထုပ်နှင့် ပန် ချာပီကျောင်းသားဖြစ်၏။

ထိုစဉ် ကျောင်းခေါင်းလောင်းထိုးသံ ထွက်ပေါ်လာသည်။

မေရီက လူဖလံလေးဘက်သို့ လှည့်ကာ ပြုံး၍ ပြောသည်။

"ရှင့်ကို မေရီ သိပ်ကျေးဇူးတင်ပါတယ်"

မေရီသည် ဆရာ့ဘက်သို့ပါ တစ်ချက် ပြုံးပြ နှုတ်ဆက်ပြီး အပေါ်ထပ် သို့ တက်ခဲ့သည်။

ကျန်ရစ်သူများအနက် အင်္ကျီပြာနှင့် ကိုလှဝေ ခေါ်သော ကျောင်းသား က စောစောက ချထားသော ဆေးပေါ့လိပ်ကို ပြန်ကောက်ယူကာ ဖွာနေသည်။

"ခင်ဗျားကတော့ စံပဲဗျို့ ကိုသက်တင်၊ သော်တာဆွေ ရေးသလို ခင်ဗျား တို့ ပေါင်းတည်သားတွေဟာ မိုက်မဲချည့် ထင်ပါရဲ့"

ပန်ချာပီကျောင်းသားက ဖြူဖွေးသော သွားများ ပေါ်အောင် ပြုံးရင်း လူဖလံလေး၏ ပခုံးကို ပုတ်၍ ရင်းနှီးစွာ ဆိုသည်။

"ဆိုးတာက ဟောဒီလူ ကိုလှဝေ... မောင်မင်းကြီးသားက ကြည့်နေ လိုက်တာ ဆေးလိပ်သောက်တောင် မပျက်ဘူး ဆရာ"

ဆရာက ကိုလှဝေအား ပြုံးရင်း မော့ကြည့်လိုက်သည်။ ကိုလှဝေကမူ ဆေးလိပ်ငွေ့များကို မော့ မှုတ်ထုတ်ရင်း ငေးနေရာမှ ဆရာ့အား တစ်ချက် ကြည့် လိုက်ရင်း မပြုံးတပြုံးနှင့် ဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော်က တက္ကသိုလ်ကျောင်းကြီး ပျက်စီးနေတာ ကြည့်ကောင်းကောင်း ရှိလို့ ကြည့်နေတာ"

"လုပ်ပြီ... ခင်ဗျားကြီးက"

"မဟုတ်ဘူးလား ဆရာ၊ ပျက်ချင်တဲ့ဟာ ပျက်မှာပဲ၊ ကျွန်တော်ကိုယ်တိုင်ကလဲ ကောင်းတာမှ မဟုတ်ဘဲ၊ အားလုံးဟာ သူ့အရှိန်နဲ့သူ လိမ့်နေကြတာ၊ လိမ့်ကြပါစေပေါ့၊ မဟုတ်ဘူးလား ဆင်း..."

ဆင်း... ဟု အခေါ်ခံရသော ပန်ချာပီသည် အားရပါးရ အော်ရယ်လိုက်သည်။

"ဒါ ဘာမှ မဟုတ်ဘူး၊ ဒီ မေရီ ဆိုတဲ့ ကောင်မလေးကိုက မကောင်းတာ ဆရာ၊ သူကိုယ်တိုင်က တကယ့် အဲ့စတယ်လာပဲ"

မောင်သက်တင်က လူကြီးလေနှင့် ပြောသည်။ ချားလ်ဒစ်ကင်း၏ မျှော်တလင့်လင့် ဝတ္ထုမှ အလှအားကိုးဖြင့် ယောကျ်ားများအား အရူးလုပ်ချင်သော ဇာတ်လိုက်မင်းသမီး အဲ့စတယ်လာနှင့် မေရီအား သူက နှိုင်းလိုက်သည်။

"ဖြစ်မှာပဲ၊ ဖြစ်ကိုဖြစ်ရမှာပဲ၊ ဒီ ခုနက ကက်နက် ဆိုတဲ့ ကောင်ရော၊ ဒီ မေရီ ဆိုတာရော လူတန်းစားမှန်တဲ့ ဟာတွေမှ မဟုတ်ဘဲ"

မောင်သက်တင်ကသာ ဆက်လက် ဝေဖန်နေသည်။ သူနှင့် ဖက်ပြိုင်ငြင်းသူမှာ ဆင်း ဖြစ်သည်။

"လူတန်းစားတွေ ဘာတွေနဲ့ စာအုပ်ကြီးထဲကဟာတွေ ရွတ်မနေစမ်းပါနဲ့၊ ခုလို ဖြစ်တာ လူငယ်တွေမှာ ဟီရိုသြတ္တပ္ပတရား နည်းပါးလာတာ ပြတာ၊ ဆုတ်ကပ်ဆိုတော့ ဗြဟ္မစိုရ်တရားတွေ ဘာတွေ ခေါင်းပါးလာတော့...

ကိုလှဝေမှာ ခွီးခနဲ ရယ်ကာ ဆေးလိပ်များပင် သီးနေသည်။

ဆရာမှာပင် ဣန္ဒြေမဆည်နိုင်အောင် ပြုံးမိသွားသည်။

"တော်စမ်းပါ ကိုကိုပန်ချာရာ၊ ကမ္ဘဝါ လာရွတ်မနေစမ်းပါနဲ့၊ မောင်ရင် အလွတ်ကျက်ထားတဲ့ အဘိဓမ္မာတွေကို မောင်ရင့် စကားရည်လုပွဲ စင်မြင့်ပေါ် ကျမှ ရွတ်ပြ"

မောင်သက်တင်သည် ပြောပြောဆိုဆို အားလုံးကို နှုတ်ဆက်ကာ ထွက်ခွာသွားသည်။ သူ့နောက်ကျောကို ကြည့်ကာ ဆင်းက ဆက်ဝေဖန်လိုက်ပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီသတ္တဝါလေးက သူသာ စကားလုံးကြီးကြီး သုံးချင်တာ၊ လူများကျ ရင် မကြိုက်ဘူး"

"နေပါဦး... ကိုကိုပန်ချာ၊ ဒီဘက် ဘာလာလုပ်တာလဲ"

ကိုလှဝေက ဖြတ်မေးလိုက်သည်။

"ခင်ဗျားကကော မိုးတွေ ဘာတွေ ခေါင်အောင် ကျောင်းလာတက် သလား"

"ဆရာဦးမြင့်သူနဲ့ တွေ့စရာ ရှိလို့ပါ"

"ဟာ အတော်ပဲ... ကျွန်တော်လဲ ဆရာနဲ့ တိုင်ပင်စရာရှိလို့"

"ကဲ ကဲ... လာကြ လာကြ... အခန်းထဲကျမှ စကားပြောကြရအောင်"

ယခုအချိန်ထိ ငြိမ်နေသော ကိုမြင့်သူက သူတို့ နှစ်ဦးအား အခန်းဆီသို့ ဆွဲခေါ်လာသည်။

"ဘာလဲ... ဆင်း၊ ဒီဗိတ် ပြောစရာ ရှိပြန်ပြီလား"

"မဟုတ်ဘူး၊ ဒီနှစ် ကျွန်တော်တို့ အိန္ဒိယမဂ္ဂဇင်းမှာ ကျွန်တော် မေတ္တာ တေးရှင် ဆိုတဲ့ ဝတ္ထုတစ်ပုဒ် ရေးမလို့ လာတိုင်ပင်တာ"

ကိုလှဝေမှာ ဒုတိယအကြိမ် တခွီးခွီးနှင့် ဆေးလိပ် သီးသွားရပြန်ပါ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

မေရီသည် ကျောင်းဆောင်သို့ ပြန်ရန် အဓိပတိလမ်းအား ဖြတ်ကျော်လိုက်သည်။

လမ်းကို ဖြတ်ကျော်စဉ် နံနက်ပိုင်းက လမ်းပေါ်၌ ဖြစ်ပျက်ခဲ့သည်ကို သတိရသဖြင့် ရှက်သွေးလေး ဖြာသွားမိသည်။

မေရီ့အနေနှင့် စာပေးခံရသည်မှာ အဆန်း မဟုတ်တော့ချေ။ သို့ရာတွင် မနက်က ကျောင်းသား ပြုမူပုံမှာ လွန်လွန်းသည်ဟု ထင်သည်။ နံနက်က ဖြစ်ခဲ့ပုံမှာ အရုပ်ဆိုးလှ၍ မတော်တဆ တက္ကသိုလ်အကြောင်းဆိုလျှင် ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ တိုင်းပြည်အား ပုံကြီးချဲ့၍ တင်ပြချင်သည့် အချို့သော သတင်းစာများသာ သိသွားလျှင် ကျော်မကောင်း၊ ကြားမကောင်း မိမိမှာ အချောင် နာမည်ပျက်သွားနိုင်သည်။

ရန်ပွဲကို သတိရမိရာမှ ရန်ဖြစ်သူများအား အမှတ်ရမိပြန်သည်။ ရန်ပွဲကို ဆေးလိပ်သောက်မပျက် ကမ္ဘာ့ဒွန်းပုဂ္ဂိုလ်၏ တည်ငြိမ်ခြင်းနှင့် ကြည့်နေနိုင်သော အင်္ကျီပြာနှင့် လူချောချောကို အလျင်အမှတ်ရသည်။ တက္ကသိုလ်၌ အလွန်ထူးဆန်းသော လူမျိုးများ ရှိတတ်ရာ သူသည်လည်း ဤအမျိုးအစားမှ တစ်ယောက်ဟု မေရီက မှတ်ချက်ချမိ၏။ သူ ကျေးဇူးတင်စကား ပြောခဲ့သည့် လူဖလံလေးကိုမူ မေရီသည် လေးစားခြင်း တစ်ဝက်၊ မခံချင်ခြင်း တစ်ဝက်နှင့် သတိရသည်။ မိန်းကလေး တစ်ဦးအား နှောင့်ယှက်သည်ကို အမုန်းခံ ဝင်ဟန့်တားသည်မှာ သူ့ရဲ့ကောင်း

mgyoe.com

ဆန်သော်လည်း လေးစားထိုက်သည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် ကျေးဇူးတင်စကား ပြောသော မိမိအား အဖက်မပြု ခပ်တည်တည် ဆက်ဆံလိုက်သည့် အတွက်မူ မေရီသည် မခံချင် ဖြစ်မိသည်။ အစမှ အဆုံး ဤသူငယ်၏ ဟန်မှာ မောက်ကြွားကြွားနိုင်လှ၍ မိမိအား ကြည့်သော သူ့မျက်လုံးများတွင် စက်ဆုပ်မုန်းတီးရောင်များ ပေါ်နေသည်ဟု မေရီက ထင်သည်။

နောက်ဆုံးတွင်မူ မေရီ၏ အတွေးသည် လက်သီးဒဏ်ကြောင့် ပါးစပ်မှ သွေးများကို အေးချမ်းစွာ သုတ်ရင်း အစ်ကို၏ ကြင်နာသော အပြုံးကို ပြုံးနိုင်သည့် ဆရာ ဆိုသူထံ ရောက်လာသည်။ သူ့အသံမှာ သူ့အမူအရာလိုပင် အေးချမ်း၍ ထူးခြားသော ဆွဲငင်မှုတစ်ရပ် ရှိသည်ဟု မေရီ သတိပြုမိခဲ့သည်။ မေရီအား လှမ်းကြည့်လိုက်သော သူ့မျက်လုံးများမှာ ကြည်လင် တောက်ပြောင်လှသော်လည်း မိမိအား မြင်တစ်ခဏ၌ ဘာကြောင့်မသိ၊ မေးမှိန်ရီဝေသွားကာ မျက်နှာမှာလည်း သွေးဆုတ်သည့်အသွင် ဖြူရော်သွားသည်။

သူ့သဏ္ဌာန်မှာ တစ်ခါမြင်ဖူးလျှင် မမေ့ပျောက်နိုင်သော သဏ္ဌာန်ဖြစ်သည်။ အရပ်မှာ အတော်သွယ်ကာ ပိန်ပိန်ပါးပါး ဖြစ်သဖြင့် ရှည်သည်ထက် ပို ရှည်သည် ထင်ရ၏။ အင်္ဂါပြာနှင့်လူလောက် မချောသော်လည်း မေးရိုးနှင့် နှာတံ ကျပုံမှာ ပိရိသပ်ရပ်လျက် ခံ့ညားမွန်ရည်ခြင်း၌ သူက ပိုသည်။ အသားမှာ တော်တော်ပင် ဖြူရာ သူ ဝတ်ထားသော မီးခိုးရောင် သက္ကလတ်တိုက်ပုံ၊ ဘန်ကောက်လုံချည် အစိမ်းတို့နှင့်ဆို လိုက်ဖက်သည်ဟု မေရီက သဘောရသည်။

အတွေးလွန်လာသော မေရီသည် အင်းဝကျောင်းဆောင်ဘက်မှ ကျောင်းအဆောက်အအုံကြီး ရှိရာသို့ သွယ်တန်းလာသော စင်္ကြံပေါ် အရောက်၌ လက်ဝဲဘက်သို့ ချိုးဝင်မည် အပြုတွင် အဆောက်အအုံတွင်း လူစုံရာ ထောင့်၌ နံနက်က ဟာဝေယံရုပ်နှင့် လူငယ်ကို အခြား အဖော်ကျောင်းသားများ အလယ်တွင် ရပ်ရင်း မိမိအား မမှိတ်မသုန် ရပ်ကြည့်နေသည်ကို တွေ့ရသဖြင့် ရင်လေးမှာ ခုန်သွားကာ ခြေလှမ်းမှာလည်း တုံ့ရပ်သွားသည်။ ကျောင်းဆင်း လူစည်သော အချိန်တွင် နံနက်က အဖြစ်မျိုး ထပ်မဖြစ်ဟု မည်သူ ဆိုနိုင်ပါမည်နည်း။

မေရီ ချီတုံချတုံ ဖြစ်နေခိုက် ထောင့်ချိုးအကွယ် တစ်ခုမှ ပေါ်လာကာ မိမိရှိရာဘက်သို့ ဦးခေါင်းကို ငိုက်စိုက်ချလျက် ဖြည်းညင်း ညင်သာစွာ လျှောက်လာသူ တစ်ဦးအား တွေ့လိုက်ရသဖြင့် အတိုင်းမသိ ဝမ်းမြောက်သွားသည်။

mgyoe.com

SAMPLE BOOK

"ဆရာ..."

အနားရောက်လာသော သူ့အား မေရီက ဦးအောင် ပြုံးပြုံးလေး နှုတ်ဆက်လိုက်သည်။

"ဪ..."

သူ့နှုတ်မှလည်း စကားတစ်လုံးက လွတ်ထွက်လာသည်။ မေရီ အနား၌ ရပ်လိုက်စဉ် သူ့မျက်နှာမှာ နံနက်က ကဲ့သို့ပင် ဖြူဖပ်ဖြူရော် ဖြစ်သွားပြန်သည်။

"မနက်ကတည်းက ဆရာ့ကို မေရီကျေးဇူးတင်စကား သေသေချာချာ ပြောချင်ပါတယ်၊ ဒါပေမဲ့ ကျောင်းသားတွေ များနေလို့..."

သူက ခုမှ တစ်ချက် ပြုံးလိုက်သည်။

"မေရီကသာ ကျေးဇူးတင်နေတာပါ၊ ဆရာက မေရီ ကျေးဇူးတင်လောက်အောင် ဘာမှလဲ မဆောင်ရွက်ရသေးပါလား"

"အို... ကျေးဇူးတင်ရမှာပေါ့ ဆရာရယ်၊ မေရီ စဉ်းစားကြည့်တယ်၊ ဆရာသာ အချိန်မီ ပေါ်မလာရင် ဘယ်အထိ ဆက်လို့ ဘာတွေ ဖြစ်ကုန်မလဲ မသိဘူး"

ထိုစဉ် စကြံတစ်လျှောက် ကျောင်းသားများ လျှောက်လာကြသဖြင့် ကိုမြင့်သူက လမ်းဖယ်ပေးရန် အောက်မြေပြင်သို့ ဆင်းလိုက်သောကြောင့် မေရီကပါ ရောဆင်းလိုက်သည်။

"ဆရာ အခု အိမ်ပြန်မလို့လား၊ ကျောင်းဝင်းထဲတင် နေတယ် ထင်ပါတယ်"

"ဟုတ်ပါတယ်၊ အင်းလျားလမ်းပေါ်မှာတင်ပါပဲ၊ မေရီကော..."

"မေရီလဲ ဟောလ်ကို ပြန်မလို့၊ အတော်ပါပဲ၊ ဆရာနဲ့ လျှောက်လိုက်ခဲ့မယ်"

နှစ်ဦးသား စကားဆက်မဆိုတော့ဘဲ မြေလမ်းလေး တစ်လျှောက်မှ အင်းဝကျောင်းဆောင်ရှေ့ ဖြတ်သွားသော ကတ္တရာလမ်းဆီသို့ လျှောက်လာခဲ့ကြသည်။

လျှောက်လာစဉ် ကိုမြင့်သူက နံနက်ဝယ် မောင်သက်တင် ကြီးကြီးကျယ်ကျယ် လူကြီးပမာ ရွတ်သွားသော စကားရပ်များကို တွေးနေမိသည်။

"ဒီ မေရီ ဆိုတဲ့ ကောင်မလေးကိုက မကောင်းတာ ဆရာ၊ သူကိုယ်တိုင်က တကယ့် အဲ့စတယ်လာပဲ"

သူက ဘေးမှ မေရီ၏ ကလေးငယ်ပမာ နုနယ်သော မျက်နှာဖွေးဖွေးလေးအား စောင်းငဲ့ကြည့်ရှုလိုက်သည်။ မောင်သက်တင် စွပ်စွဲသကဲ့သို့ အဲ့စတယ်လာ

mgyoe.com

mgyoe.com

ဟုတ်၊ မဟုတ် မသိရသော်လည်း ယောကျ်ားများ ရှူးလောက်သော ရုပ်ရည် ရှိကြောင်းကိုမူ သတိပြုမိသည်။

မေရီ၏ မျက်နှာလေးက သူ့ရင်ဝယ် ဖျောက်ဖျက်ထားသဖြင့် မေ့လောက်ပြီဟု ထင်နေသော စိတ်ဝေဒနာတစ်ရပ်ကို လှုံ့ဆွဖော်ပေးနေသည်။ သို့ကြောင့်ပင် မေရီနှင့် ရင်ဆိုင်တိုင်း သူ့မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

မေရီက သူ့ထံမှ သက်ပြင်းချသံ တိုးတိုး ကြားလိုက်ရသည် ထင်သည်။

"ဆရာ မနက်က ထိခိုက်မိသွားတာ တော်တော်နာလား၊ မေရီ တွေးပြီး စိတ်မကောင်း ဖြစ်နေမိပါတယ်"

"အို... ကိစ္စမရှိပါဘူးကွယ်"

"ကျောင်းသားတွေကို စိတ်မဆိုးဘူးလားဟင် ဆရာ"

"အို... ဘာလို့ စိတ်ဆိုးရမှာလဲ မေရီရယ်"

"မေရီတော့ သူတို့ကို တစ်ခါ တစ်ခါ သိပ်မုန်းတယ် ဆရာ၊ မနက်က ဟာမျိုးကတော့ မဆိုးလွန်းဘူးလား"

သူက အေးချမ်းစွာပင် ပြုံးလိုက်ပြန်သည်။

"ကျောင်းသားလေးတွေဟာ လူငယ်တွေပါ မေရီ၊ လူငယ်တွေမှာ မိုက်တာလေးတွေ၊ မုန်းတာလေးတွေ ရှိသလို အလိမ္မာလေးတွေ ချစ်စရာလေးတွေလဲ ရှိပါတယ်"

သူ့အသံမှာ နံနက်တုန်းကလိုပင် ခွင့်လွှတ်ခြင်းနှင့် ပြည့်နေသည်။

"လူငယ်တွေမှာ ဘယ်ခေတ်မဆို ရူးကြတာလေးတွေ၊ အပြစ်တင်စရာလေးတွေ ရှိစမြဲပေါ့၊ ဆရာတို့ ခေတ်တုန်းကလဲ ဒီလိုပါပဲ။ ဒါပေမဲ့ လိမ္မာတယ် ဆိုတဲ့ လူကြီး လူမိုက်တွေနဲ့ အနီးကပ် ပေါင်းရလေ၊ ရူးကြ မိုက်ကြတဲ့ လူကြီး လူကောင်းကလေးတွေဟာ ပိုကြည်ညိုစရာကောင်းလေပါပဲ"

သူက သဲ့သဲ့ ရယ်မောရင်း ပြောသဖြင့် မေရီကပါ ရောရယ်လိုက်ရသည်။

"မေရီ လော့ဂျစ်ယူပါတယ် ဆရာ၊ ဆရာ ဖီလိုဆိုဖီဌာနကပဲ မဟုတ်လား။ ဆရာ့ကို မေရီ မမြင်ဖူးသေးဘူး"

"ဆရာက စိတ်ပညာဌာနကပါ"

ထိုစဉ်က ဖီလိုဆိုဖီဌာနနှင့် စိတ်ပညာဌာနမှာ ပူးတွဲထားသည်။ စိတ်ပညာမှာ ဝိဇ္ဇာ၊ သို့မဟုတ် သိပ္ပံတန်းကျမှသာ စတင် သင်ကြားသောကြောင့် ဥပစာတန်းမှာသာ ရှိသေးသော မေရီက သူ့အား မမြင်ဖူးသေးခြင်း ဖြစ်လေသည်။

mgyoe.com

SAMPLE BOOK

"အို... ဆရာက စိတ်ပညာဌာနက"

မေရီသည် သွားလေးများ ပေါ်အောင် ပြုံးရင်းမေးသည်။

"ဘာပြုလို့လဲ မေရီ"

"ဩော်... မေရီက စိတ်ပညာဆရာ ဆိုရင် အင်္ကျီကြီး ဖိုးရိုးဖားရား ဝတ်၊ မုတ်ဆိတ်မွေး ရှည်ရှည်၊ ဆံပင်စုတ်ဖွားဖွားနဲ့ လူနားမလည်တဲ့ စကား ပြောတတ်တဲ့ လူမျိုး ထင်တာ၊ နို့ပြီး စိတ်ပညာယူရင် ရူးတတ်တယ်ဆို"

မေရီက ကလေးငယ်ပမာ သူ့ထင်မြင်ချက်အား လက်ဟန် ခြေဟန်နှင့် အားရပါးရကလေး ပြောနေသဖြင့် သူက လှိုက်လှဲစွာ ရယ်မောမိသည်။

"မေရီ ပြောတဲ့ စိတ်ပညာဆရာမျိုးက စာရေးဆရာတွေရဲ့ ဝတ္ထုတွေထဲမှာသာ ပါတာပါ၊ စိတ်ပညာယူရင် ရူးတတ်တယ် ဆိုတာကလဲ စိတ်ပညာကို စနစ်တကျ မလေ့လာတဲ့ လူတွေ၊ စိတ်ပညာ မဟုတ်တာကို စိတ်ပညာထင်ပြီး လိုက်စားနေတဲ့ အဲ... ဆရာ့သူငယ်ချင်း ကိုလှဝေ ခေါ်သလို လွတ်နေတဲ့ ပညာရှင်မျိုးတွေသာ ရူးတတ်တာပါ၊ များသောအားဖြင့်တော့ စိတ်ပညာကြောင့် မဟုတ်ဘူး။ နဂိုကတည်းက ရူးမယ့်သူမို့ ရူးတာပါ၊ တကယ့်စိတ်ပညာ ဆိုတာမျိုးက ရူပဗေဒတို့၊ ပါဏဗေဒတို့လိုပဲ ဘာမှ အန္တရာယ်ရှိတာ မဟုတ်ဘူး။ ရူးတဲ့လူကိုတောင် ပျောက်အောင် ကုနိုင်သေးတယ်"

"ဆရာ ဘွဲ့ ဘယ်မှာ ယူခဲ့သလဲ"

ရိုင်းရာကျသော်လည်း သိချင်ဇောဖြင့် မေရီက အရဲစွန့်မေးလိုက်သည်။

"အမေရိကားမှာပါ"

"ပီအိတ်ချ်ဒီပေါ့... ဟုတ်လား ဆရာ"

သူက ခေါင်းညိတ်ဖြေရင်း စပ်စုလှသော မေရီအား ပြုံး၍ လှည့်ကြည့်သည်။

"ဆရာ အခု ကထိကလား ဆရာ"

"မဟုတ်ပါဘူး၊ လက်ထောက်ကထိကပါ"

"အို... ဒေါက်တိုရိတ်တောင် ရပြီးမှ လက်ထောက်ကထိကပဲ ရတယ်"

"ဒေါက်တာဘွဲ့ရပြီးတာနဲ့ ကထိက ခန့်ရမယ်လို့ ဥပဒေမရှိပါဘူး မေရီ၊ တခြားနိုင်ငံမှာ ဒေါက်တာဘွဲ့ယူရင်း ဓာတ်ခွဲခန်းစောင့်တို့၊ ဘာတို့ ဝင်လုပ်နေတဲ့ လူတွေ တစ်ပုံကြီးပဲ"

mgyoe.com

မေရီက စကားဆက်မပြောတော့ဘဲ လမ်းဘေးတွင် စိမ်းစိုစွာ ပေါက်နေသော သစ်ပင်ပုပိုင်းဝိုင်းများအား တစ်ချက် ငေးကြည့်လိုက်သည်။

"ဒါတွေဟာ ကံ့ကော်ပင်တွေလား ဆရာ"

"ဟုတ်တယ် မေရီ"

"ကံ့ကော်တွေ ပွင့်ရင် သိပ်လှမှာပဲနော် ဆရာ"

ဘာကြောင့်မသိ၊ သူ့မျက်နှာက မသိမသာ ညှိုးကျသွားသည်။

"မေရီ... ကံ့ကော်ပန်းကို ချစ်သလား"

"အို... သိပ်ချစ်တာပေါ့ ဆရာ၊ ပြီးတော့ ဟိုသီချင်းလေးဟာ ဘာတဲ့ ဆရာ၊ ဪ... ပတ္တမြားပလ္လင် ကံ့ကော်ပန်းတွေနဲ့၊ မြတ်ဘုရားထံတော်တွင် ဆိုတဲ့ 'နှစ်ကိုယ်သစ္စာ' ဆိုတာ မေရီ သိပ်ကြိုက်တာပဲ။ နောက်ပွင့်မယ့် ဘုရားရှင်ဟာ ကံ့ကော်ပင်အောက်မှာ ပွင့်မယ်ဆိုလား မသိပါဘူး။ ဟုတ်ရင်တော့ ကံ့ကော်ပန်းဟာ သိပ်မြတ်တာပေါ့နော် ဆရာ"

သူ၏ မျက်နှာမှာ မည်းသည်ထက် မည်းလာသည်။ အလိုက်မသိသော မေရီကသာ ကလေးငယ်ပမာ ပြောချင်တာကို တတွတ်တွတ် ပြောလိုက်လာသည်။

နှစ်ဦးသား အင်းလျားလမ်းပေါ်သို့ ရောက်လာကြသည်။ လမ်းခွဲရမည့် နေရာဖြစ်သဖြင့် သူက အရင် ရပ်လိုက်သည်။

"ဪ... ဒါထက် ဆရာ၊ စစ်ပြီးကတည်းက ကောလိပ်ကို ရောက်တာပေါ့နော်"

"ဟုတ်ပါတယ် မေရီ"

"ဒါဖြင့် ဆရာ... မေရီ့မမကို သိမလား မသိဘူး၊ မေဘယ်လ် ခေါ်တယ်၊ မေဘယ်လ်လွင်ပေါ့"

ဤအကြိမ်တွင်မူ ကိုမြင့်သူ၏ မျက်နှာမှာ ယခင်အခါများကထက် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ တည်ငြိမ်သော ဟန်အမူအရာမှာလည်း သိသိသာသာ ပျက်သွား၍ မျက်လုံးများမှာ မှိုင်းရီသွားပြီး ခေတ္တ မေရီ့ကိုသာ ငေးစိုက်ကြည့်လိုက်ပါ၏။ သို့ရာတွင် ချက်ချင်းပင် သတိရဟန်နှင့် မျက်နှာကို လွှဲဖယ်လိုက်ကာ ခပ်မှိုင်းမှိုင်း စိမ်းလျက်ရှိသော ကံ့ကော်ပင်များအား ငေးကြည့်လိုက်ပြီး တစ်လုံးချင်း ဖြည်းလေးစွာ ဖြေလိုက်သည်။

"သိပါတယ် မေရီ၊ မေရီ့မမ မေဘယ်လ်တစ်ယောက်ကို ဆရာ ကောင်းကောင်း သိပါတယ်"

mgyoe.com

SAMPLE BOOK

မေရီအား ဖြေဟန်မတူ။ သူ့ဘာသာသူ တစ်စုံတစ်ခုအား လေးလေးနက်နက် အမှတ်ရရင်း ရေရွတ်နေဟန်သာ ပေါ်နေ၏။

နားမလည်သော မေရီကသာ ရုတ်တရက် အမူပျက်သွားသော သူ့ အား ငေးငေးလေး စိုက်ကြည့်နေမိသည်။ ထိုစဉ် သူက တစ်ချက် ပြုံးလိုက်ပြီး မေရီ့အား နှုတ်ဆက်သည်။

"ကဲ... ဆရာ သွားမယ် မေရီ၊ နောက်တော့ တွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့ ဆရာ... ဪ ဒါထက်..."

ကိုယ်တစ်ဝက်ပင် လှည့်ပြီး ထွက်ခွာတော့မည် ဟန်ပြင်နေသော သူက ခြေလှမ်း တုံ့သွားသည်။

"ဘာလဲ မေရီ..."

မေရီက ချစ်စဖွယ်ပင် ပြုံးလိုက်သည်။

"အိတ်စ်ကျူးမီ ဆရာ... ဆရာ့နာမည်လဲ မေရီ မသိရသေးဘူး"

သူက တုန်လှုပ်သွားဟန်နှင့် မေရီအား စိုက်ကြည့်နေသည်။ သူ့ အကြည့်မှာ မိမိ ရင်တွင်းမှ တစ်စုံတစ်ခုအား ရှာဖွေနေဟန် ရှိသည်ဟု မေရီက ခံစားမိသည်။ ရုတ်တရက် အဖြေမရသဖြင့် မေရီမှာလည်း တွေ့စရှိသေးသူ ဖြစ်လျက် ဆရာသမားလည်း ဖြစ်သူ တစ်ဦးအား မဆင်မခြင် နာမည်မေးမိသဖြင့် ရိုင်းရာကျသွားပြီလားဟု ထင်ကာ မျက်နှာလေး ပျက်သွားရှာသည်။

ထိုစဉ် သူက ဖြည်းလေးစွာ ဆိုသည်။

"ဆရာမှန်း မသိပေမဲ့ ဆရာ့နာမည်ကို မေရီ သိပြီးနေလောက်ပြီလို့ ဆရာထင်တယ်"

"ရှင်..."

"မေဘယ်လ်လွင်ရဲ့ ညီမ မေရီဟာ ဆရာ့နာမည်ကို သိနှင့်နေပါလိမ့်မယ်"

မေရီ၏ နှလုံးမှာ ဒိတ်ခနဲ ခုန်သွားသည်။ ရင်မှာလည်း တလှပ်လှပ် ခုန်လာ၏။ ထိုခဏတွင်ပင် အဝေးသို့ ငေးနေရာမှ သူက မေရီ့အား ပြန်၍ မျက်နှာချင်းဆိုင်လိုက်သည်။ ဤအကြိမ်တွင်မူ သူ့မျက်နှာမှာ ပြန်လည်တည်ငြိမ်နေကာ နံနက်စဉ်က မေရီ တွေ့ခဲ့ရသော အစ်ကိုတစ်ဦး၏ မေတ္တာငွေ့ပြည့်သည့် ကြင်နာမှုအပြုံးမှာ ပေါ်လွင်အေးချမ်းနေ၏။

"ဆရာ့နာမည် မြင့်သူ"

mgyoe.com

"အို..."

မေရီ၏ နှလုံးမှာ ရပ်သွားသည် ထင်ရ၏။ ထူးဆန်းသော စိတ်ဝေဒနာ တစ်မျိုးက မေရီ့ တစ်ကိုယ်လုံးအား လွှမ်းခြုံလိုက်သဖြင့် လူမှာ တုန်တုန်ယင်ယင် ဖြစ်လာသည်။

"မြင့်သူ... ဆရာ့နာမည် မြင့်သူ..."

မေရီ့ ရင်မှာ ပဲ့တင်ထပ်နေ၏။ မျက်လုံးမှာလည်း ရီပြာပြာ ဖြစ်သွားကာ မျက်နှာလေးမှာလည်း ရှက်သွေးဖြင့် ရဲသွားသည်။ အေးချမ်းစွာ ရပ်နေသူအား အမျိုးအမည် မသဲကွဲသော အပြုံးဖြင့် နှုတ်ဆက်လျက် မပြေးရုံတစ်မည် သွက်သွက် ကလေး ခွဲထွက်ခဲ့သူ မေရီ့မှာ တစ်သက်နှင့်တစ်ကိုယ် မိမိကိုယ်ကိုယ် မိမိ ထင်သကဲ့သို့ ထိန်းချုပ် ဟန်မဆောင်နိုင်သေးကြောင်း ရေးရေး သိထင်လာသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)

မောင်သက်တင်သည် တက္ကသိုလ်အမှုထမ်းများ ရိပ်သာကို ဖြတ်ဖောက်ထားသော လမ်းတစ်လျှောက်မှ သူနေသော တကောင်းကျောင်းဆောင် ရှိရာသို့ တစ်ယောက်တည်း လမ်းလျှောက်ပြန်လာစဉ် တစ်လောကလုံးအား စိတ်မကျေမနပ် ဖြစ်နေသည်။

မောင်သက်တင်လို ကောင်လေးမျိုးမှာ လောကအား မကျေနပ်သည့် စိတ် ထာဝစဉ် ရင်၌ ခိုတွဲနေတတ်သည်။ အရွယ်ရောက်လာ၍ မိမိ၏ လူလားမြောက်သော အဖြစ်ကို သိသည်မှစ၍ မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ ဖြူစင်ခြင်း၊ တိုးတက်ခြင်း စသော လူတိုင်း မြတ်နိုးမှန်းသိလျက် လူတိုင်းနှင့် လူ့လောကတွင် ဘယ်သောအခါကမျှ အပြည့်အဝ မရှိခဲ့သော၊ ဘယ်သောအခါတွင်မျှ အပြည့်အဝ ရှိရန် မလွယ်သော၊ စံပြသဘောများကိုသာ ကိုးကွယ်မိ၍ မရှိသေးသော ဤအရာများကို ရှိလာအောင် လုပ်ချင်သော ဆန္ဒမှာ တက်ကြွလာသော အင်အားနှင့်အတူ မိမိတို့ရင်တွင် ပြင်းပြလာသည်။ တစ်နည်းအားဖြင့် လူ့ဘောင်အား ရှိနေသည့် အတိုင်း လက်မခံချင်ဘဲ မိမိတို့ရှိစေလိုသည့် အတိုင်းသာ ဖြစ်စေချင်သည်၊ အဟောင်းမှန်သမျှကို ပစ်ပယ်ဖွယ် ထင်လာ၍ အသစ်မှန်သမျှကို လက်တည့်စမ်းကြည့်ထိုက်သော မြတ်နိုးဖွယ်အရာအဖြစ် မြင်လာသည်။ မိမိနှင့် အမြင်မတူသူကို တွေ့လျှင် ရန်သူအဖြစ်ထက် လွဲ၍ မကြည့်တတ်ဘဲ ယုံကြည်မှုသည် ယုံကြည်မှုသာ ဖြစ်လျက် အမှန်တရား မဟုတ်ကြောင်း ခွဲခြား မသိသေးချေ။ မိမိ ယုံကြည်သည်သာ အမှန်

mgyoe.com

ဖြစ်၍ မိမိ မှန်သည် ထင်ရာပင် မိမိ၏ယုံကြည်ဖွယ် ဖြစ်နေသည်။ သည်ကြားတွင် မိမိ၏အစွဲနှင့် ကိုက်သော လောကပြုပြင်ရေး ဆေးနည်းတို့ အလွယ်လမ်းများကို တွေ့လျှင် မိုက်မိုက်ကန်းကန်း စွတ်လိုက်တတ်သည်။

သို့ကြောင့်ပင်လည်း မိမိ ရနေသည်ကို ဆန်းစစ်မကြည့်မိဘဲ မိမိ လိုချင်သည်ကိုသာ ရလိုသော မောင်သက်တင်မှာ ထာဝစဉ် လောကအား မကျေမနပ် ဖြစ်နေသည်။ မကြာခဏလည်း ရန်ဖြစ်တတ်သည်။ တစ်ခါတစ်ရံ ဗိုလ်မှူးကြီး ဒွန်ကီရောတေး အရူးထသကဲ့သို့ အလယ်ခေတ် သံချပ်ဝတ် သူရဲကောင်းကြီးများ ပမာ မြင်းတစ်စီး၊ လှံတစ်ချောင်း၊ ဒိုင်းတစ်ခုနှင့် ရေဆုံးမြေဆုံး တစ်လောကလုံးအား လက်ရုံးအားကိုးဖြင့် လိုက်ပြုပြင်ချင်စိတ်များလည်း ပေါ်လာတတ်သည်။ မိမိ မှန်သည်ထင်သဖြင့် မိမိ ယုံကြည်ကာ ဝင်ရောက်ဆောင်ရွက်နေသော မိမိ၏ အဖွဲ့အစည်းမှ ခေါင်းဆောင်ဆိုသူများနှင့် သူတို့ အလွတ် ရွတ်ဆိုပြတတ်သော၊ မိမိ ကောင်းကောင်း နားမလည်သော်လည်း မိမိ အထင်ကြီးသည့် ခုံညားထည်ဝါသော စကားလုံးကြီးများဖြင့် သီကုံးထားသော သဘောတရားရေးများကြောင့်သာ မဟုတ်ဟု ဆိုလျှင် မောင်သက်တင်မှာ အကယ်ပင် ခေတ်သစ် ဒွန်ကီရောတေး ဖြစ်နေမည်လား မသိ။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ တက္ကသိုလ် ရောက်ခဲ့ပြီးမှ မောင်သက်တင်သည် ဘာလုပ်လုပ်၊ ဘာကြံကြံ သဘောတရားရေးလေးများ ထည့်စဉ်းစားတတ်လာ၍ ဤကဲ့သို့ စဉ်းစားရသည်ကိုပင် အရသာ တွေ့လာသည်။

ယခုလည်း နံနက်က ရန်ဖြစ်လာခဲ့သည့် ကိစ္စကိုသာ စဉ်းစားလာသည်။ သူ လုပ်ခဲ့သည်ကို သူ လက်ခံယုံကြည်ထားသော သဘောတရားရေးနှင့် နှိုင်းယှဉ် သုံးသပ်ကာ သူ့ကိုယ်သူ မကျေမနပ် ဖြစ်လာသည်။ ခဏမှာပင် ထုံးစံအတိုင်း မိမိကိုယ်ကိုမူ ခွင့်လွှတ်လိုက်ပြီး လုပ်တိုင်းခံ လောကအားသာ စိတ်ရှိလက်ရှိ အစွမ်းကုန် မကျေမနပ် ဖြစ်ပစ်လိုက်သည်။

လျှောက်လာရာမှ မောင်သက်တင်သည် လမ်းပေါ်မှ ကျောက်ခဲသုံးလုံး လောက်ကို ကောက်ပြီး ခပ်လှမ်းလှမ်းရှိ ပိတောက်ပင်များအား တစ်ပင်စီ လှဲပေါက် ပစ်လိုက်၏။

ပြည်ကျောင်းဆောင် အနောက်ပေါက်မှ ဝင်မည်ပြုစဉ် မနီးမဝေးရှိ ရေဘုံ ပိုင်မှ ရေခံနေသော မိန်းမအိုတစ်ဦးအား မောင်သက်တင်သည် လှမ်းမြင်မိသည်။ မိန်းမအိုမှာ လေးလံသော ရေပုံးကြီးအား ခေါင်းပေါ်တင်ရန် မနိုင်သဖြင့် ဘေးဘီကို

mgyoe.com

m gyoe.com SAMPLE BOOK

လှမ်းမျှော်ကြည့်နေသည်။ မောင်သက်တင်က အပြေးကလေး ချဉ်းကပ်သွားကာ ရေပုံးကို အမယ်အိုဏ် ခေါင်းပေါ်သို့ ကူညီ၍ မ,တင်ပေးလိုက်သည်။

"ဒီလာက် နေပူကြီးထဲမှာ အိုကြီးအိုမနဲ့ ရေလာသယ်ရသလား"

"ဩော်... လူကလေးရယ်၊ အမေ မသယ်လို့ ဘယ်သူ သယ်မလဲ"

"သားတွေ... သမီးတွေ ... မရှိဘူးလား"

"သမီးတော့ မရှိပါဘူးကွယ်၊ သား မုဆိုးဖိုနဲ့ မြေးလေးတွေတော့ ရှိတယ်။ သားကလဲ ထမင်းချက်ရုံ အလုပ်ဆင်းနေတယ်"

မောင်သက်တင်သည် ဘာမျှ ဆက်မပြောတော့ဘဲ ထွက်လာခဲ့သည်။ စိတ်ထဲတွင်မူ မကျေမချမ်း ရေရွတ်လာသည်။

"တောက်... တစ်စက်မှ အသုံးကျတဲ့ လူနေမှုစနစ်ကြီး မဟုတ်ဘူး၊ ဒီစနစ်ဆိုးကြီးကို ဖျက်ရမယ်၊ ဖျက်ကို ဖျက်ပစ်ရမယ်"

သူသည် နောက်ထပ် ခဲသုံးလုံးကို ကောက်ကာ ပိတောက်ပင်များအား လွှဲပစ်ပေါက်လိုက်ပြန်ပါ၏။

မောင်သက်တင်သည် တကောင်းဟောလ် အောက်ထပ် ထမင်းစားခန်း၌ ကော်ဖီတစ်ခွက်ကို ဝင်မော့ခဲ့ပြီး အရှေ့ဘက်အဆွယ်၏ အပေါ်ထပ်သို့ တက်ခဲ့စဉ် တယောသံတစ်ခုကို ကြားလိုက်ရသည်။

အခန်းနံပါတ် ၁၉၄ ရှေ့တွင် ပက်လက်ကုလားထိုင် ကိုယ်စီဖြင့် ထိုင်နေကြသော ကျောင်းသားကြီးကြီး နှစ်ဦးအား တွေ့ရသည်။ တစ်ဦးမှာ အသား လတ်လတ်၊ မျက်ပေါက်ကျဉ်းကျဉ်းနှင့် တရုတ်ကပြားနှင့် တူသည်။ သူသည် ကျဉ်းသော မျက်ပေါက်အား မှေးရင်း တယောကို ချွဲချွဲနွဲ့နွဲ့ ထိုးနေသည်။ သူနှင့် ယှဉ်ထိုင်လျက် ရှိသော ကျောင်းသားမှာ ခေါင်းတုံးဆံတောက်၊ ရွှေမျက်မှန် ဝင်းဝင်းနှင့် ပိန်ပိန်ပါးပါး ဖြစ်ကာ ကြီးမားသော လည်စလုတ် ရှိသည်။ သူ့မျက်နှာမှာ ဒါရိုက်တာ ရွှေညာမောင်နှင့် အနည်းငယ် ဆင်သယောင် ရှိသော်လည်း သူ၏ အနုပညာ အဆင့်အတန်းကိုမူ တယောတီးသူက ခြေထောက်နှင့် အချက်ပြနေလျက်က စည်းကို တလွဲတချော် လိုက်နေခြင်းဖြင့် ခန့်မှန်း အကဲခတ်ကြည့်နိုင်၏။

"ဟာ... ကိုကြက်ဥ၊ အာ... ယောင်လို့ ကိုတင်ဦးမောင်၊ သီချင်းလေး ဘာလေး ဆိုဦးမှပေါ့"

mgyoe.com

mgyoe.com

"မင်း... အမေ"

ရွှေညာမောင်နှင့် တူသော ကျောင်းသား၏ ပါးစပ်မှ ပြောင်မြောက်သော ဂီတတစ်လုံးက ထွက်လာသည်။

တင်ဦးမောင်မှာ လူပိန်သလောက် ထွားကျိုင်းသော မိန်းမပျိုများအား ကြိုက်တတ်ရာ တစ်ခါက သူ့ခန္ဓာကိုယ်လေးအား ကျိန်ဆဲ၍ သူငယ်ချင်းများ မသိအောင် တက္ကသိုလ် အလေးမရုံ၌ တိတ်တိတ်ကျိတ် လေ့ကျင့်ဖူးသည်။ ညအခါများတွင်လည်း လူခြေတိတ်ချိန်တွင် သေတ္တာတွင်း၌ ဝှက်ထားသော ကြက်ဥများကို ခိုးသောက်လေ့ ရှိရာမှ တစ်ချီတွင် လူမိသွားသဖြင့် သူငယ်ချင်း အောင်ခင်မြင့် ကြွက်သားမောင်ဘွဲ့ ရသကဲ့သို့ သူလည်း ကျော်မကောင်း ကြားမကောင်း ကြက်ဥမောင်ဘွဲ့ ရခဲ့ခြင်း ဖြစ်သည်။ ပင်ကိုအားဖြင့် သဘောကောင်းသော ကျောင်းသားတစ်ဦး ဖြစ်သော်လည်း သူ့အား ကြက်ဥမောင်ဟု ခေါ်သူအား လူရှေ့သူရှေ့မရှောင် မအေနှင့် ကိုင်တုတ်တတ်သည်။

တစ်ကြိမ်တွင်လည်း ထမင်းစားမည် ပြုစဉ် စားပွဲထိုး ကိုညဏ်အား ဘာဟင်း ချက်သည်ကို မေးမိသဖြင့် ကိုညဏ်က ဘဲဥဟင်း ချက်ကြောင်း ဖြေမိရာ ဥ ဆိုလျှင် ဘာဥမှ မကြားချင်သော တင်ဦးမောင်သည် ယောင်၍ မအေနှင့် တုတ်ဖူးသည်။ ဘုမသိ ဘမသိနှင့် ခံလိုက်ရရှာသော ကိုညဏ်မှာ နောင်မှ ကျောင်းသားများထံမှ အကြောင်းသိလျက် သူတို့ထံမှပင် ဘဲဥ၊ ကြက်ဥအား တင်ဦးမောင် ရှေ့ခေါ်နည်းကို ရခဲ့လေသည်။ နောက်တစ်ကြိမ်လည်း ဘဲဥဟင်း ချက်ပြန်ရာ ပါးစပ် အငြိမ်မနေနိုင်သော တင်ဦးမောင်သည် မေးပြန်သည်။

"ကိုညဏ်... ဘာဟင်းလဲဗျို့"

"ဟို ဆရာ...အာ... ဘဲ... ဘဲ... ဘဲလုံးဟင်း ဆရာ"

"မအေ..."

ကျောင်းသားများ တခွိုးခွိုး ရယ်နေစဉ် တင်ဦးမောင်မှာ ထိုနေ့က ထမင်းမစားတော့ဘဲ အခန်းတွင်းမှ ထွက်သွားဖူးသည်။

သီချင်းလည်း အလွန်ဆိုချင်သမျှ အသံမှာ ပြာ၍ ကြောင်သည်။ အသံကြောင်သူများ သီချင်းများများ အော်ဆိုပေးလျှင် အသံကောင်းတတ်သည် ဆိုသဖြင့် ရေချိုးရင်း ရေချိုးခန်းမင်းသား ဘွဲ့ရအောင် အော်ဟစ် သီချင်းဆိုတတ်သူလည်း ဖြစ်သည်။ မည်မျှ လေ့ကျင့်စေကာမူ ခြောက်ပေါက်ဖြင့် ထိုးနေသော တယောကို

mgyoe.com

mgyoe.com  SAMPLE BOOK 

သူ ဝင်ဆိုလျှင် သူ့အသံမှာ ခုနစ်သံတွင် ရောက်နေ၍ တယောထိုးသူက ခုနစ်သံပြောင်း၍ ထိုးပေးလျှင် သူ့အသံက ခြောက်ပေါက်သို့ ပြန်ကျလာတတ်သည်အထိ ဆက်လက် ကြောင်မြဲ ကြောင်နေသည်။

ဤနှစ်ချက်မှာ တင်ဦးမောင် မခံနိုင်သော ပျော့ချက်နှစ်ချက် ဖြစ်ရာ ၎င်းတို့ကိုမှ ဖက်၍ နောက်ပြောင် နှုတ်ဆက်လိုက်သော မောင်သက်တင်အား တင်ဦးမောင်က တုံ့ပြန်လိုက်ခြင်း ဖြစ်သည်။

တယောထိုးနေသော ကျောင်းသားမှာ ဣန္ဒြေမဆည်နိုင်အောင် ရယ်မောမိသဖြင့် တယော ဆက်မထိုးနိုင်ဘဲ ရပ်လိုက်ရသည်။

"တင်ဦးမောင်ရာ... မင်း ဆဲသံ ကြားလိုက်ရတာ စိတ်ကူးယဉ်တာတောင် ပျောက်သွားတာပဲ"

တင်ဦးမောင်မှာလည်း သည်တော့မှ ပိန်ကပ်လှသော ရင်မှ မချိမဆံ့ ထွက်လာသော ရှိုက်သံနှင့်တူသည့် သူ့သဘာဝရယ်ခြင်းကို ပြုသည်။

မောင်သက်တင်သည် ဘေးတွင် လွတ်နေသော ကုလားထိုင်တစ်ခုပေါ်တွင် ဝင်ထိုင်လိုက်သည်။

တယောဆရာ ကျောင်းသားက သူ့အား မော့ကြည့်ပြီး ပြောလိုက် သည်။

"ဆို... ဘယ်သူနဲ့ ရန်ဖြစ်ခဲ့သေးလဲ"

"ဟာ... မပြောပါနဲ့တော့ဗျာ"

"မပြောတော့ပါဘူး"

မောင်သက်တင်မှာ ကြောင်သွားခိုက် တင်ဦးမောင်က မချိမဆံ့ ရယ်သံလေးနှင့် ဝင်နောက်ပြန်သည်။

"အင်း... ဟင်း... ဟင့်... မပြောနဲ့တော့"

"ဟာ... ကိုရှိန်၊ ခင်ဗျားကြီး သိပ်ဆိုးတဲ့လူ၊ ကျွန်တော်က အကောင်း ပြောတာ"

"ဩော်... အကောင်း ပြောလား၊ မသိပါဘူး... ငါက ကိုစိန်ဟန် ပြောတာ မှတ်လို့"

တကောင်းကျောင်းဆောင်သားများနှင့် အဖွဲ့ကျသော မောင်ခိုင်လမ်း တက္ကစီစတင်းမှ ကားဒရိုင်ဘာ နှစ်ဦး ရှိသည်။ ကိုအကောင်းနှင့် ကိုစိန်ဟန် ဖြစ်သည်။ ၎င်းတို့ နှစ်ဦးအား ရည်၍ ကိုရှိန်က နောက်နေခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com

"နေဗျာ... ကျုပ် မပြောတော့ဘူး၊ သွားမယ်"

"ဩော်... နေပါဦး၊ လူကလေးက ငယ်ပြီး ဒေါသက ကြီးလှချည်လား"

ကိုရှိန်က ချော့မော့ပြီး ပြန်ဆွဲမှ မောင်သက်တင်က ပြန်ထိုင်သည်။

"ကဲ... ပြောရန် အသင့်ပြင်၊ စ... ပြော..."

ကိုရှိန်မှာ စကားကောင်း ပြော၍မရ၊ အားလျှင် မျက်နှာပြောင်ရွှတ်နေရမှ ကျေနပ်သူ ဖြစ်သည်။ သူ့စိတ်ကို သိပြီးသား မောင်သက်တင်မှာ ဆက် စိတ်မဆိုး နိုင်တော့ဘဲ ရယ်မော၍သာ နေလိုက်ရသည်။

"ဟိုကောင်မလေးပေါ့ဗျာ...၊ သူ့ကိုယ်က အနေမတတ်ဘူး၊ ယောကျ်ား မြင့် မြူသလို ကြူသလိုနဲ့ နားရင်းချည်း အုပ်ပစ်ဖို့ ကောင်းတယ်"

"အား...ဩော် ဩော်... ဟိုကောင်မလေးကိုး၊ အင်း အင်း... အဲဒီလို ရှင်းရှင်းလေး ပြောဦးမှပေါ့"

"ခင်ဗျားကြီးက နောက်ဖို့ပဲ စောင့်နေ၊ ဆုံးအောင်ဖြင့် နားမထောင်ဘူး၊ ဘယ်ကောင်မလေး ရမလဲ၊ ခင်ဗျားပဲ အဲ့စတယ်လာလို့ နာမည်ပေးထားတာလေး ပေါ့"

"ဩော်... မေရီလား၊ ဘာလဲ... မင်း ဒီကောင်မလေးနဲ့ နပန်းလုံး သတ်ခဲ့ လို့လား"

"လုပ်ပြီ... ကျွန်တော်က ဘာလို့ သူနဲ့ နပန်းလုံး သတ်ရမှာလဲ"

"မသိဘူးလေ... မောင်ရင်က ရန်ဖြစ်လာသေးလဲ ဆိုရဲ့၊ မေရီလဲ ဆိုတော့ ငါက သူနဲ့ ဖြစ်လာတယ် ထင်လို့ပါ"

"သူနဲ့ မဟုတ်ဘူးဗျ၊ ဟို ကက်နက် ဆိုတဲ့ လူစင်စစ်က မျောက်ဖြစ်နေ တဲ့ ငနဲနဲ့၊ သူက မေရီ့ကို စာလိုက်ပေးတယ်လေ"

"ဘာ ဘာ... မေရီ့ကို စာလိုက်ပေးတယ်၊ ဟ ဟ... နေပါဦး၊ စာပေးရုံပဲ လား"

တင်ဦးမောင်က စိတ်ဝင်စားလာဟန်နှင့် ကိုယ်ကို ရှေ့ညွတ်ရင်း မေး သည်။

"အင်း အင်း... လူက ပိန်ကပိန်သနဲ့၊ ဒါမျိုးများကျ တယ်ဝါသနာ ကြီးတယ်"

တင်ဦးမောင်မှာ ဘယ်မိန်းကလေးကိုမှ စာပေးရဲသူ မဟုတ်ရာ လူများ စာပေးသည့်အကြောင်း ဆိုလျှင် သွားရည်တမြားမြားနှင့် နားထောင်တတ်သည်။

mgyoe.com

m g... SAMPLE BOOK

ထိုစဉ် အနီးရှိ အခန်းတစ်ခုမှ ဝုန်းဒိုင်းနှင့် အသံ ကြားလိုက်ရပြီး မဟာနဖူး ပြောင်ပြောင်၊ ပါးစပ်ပြဲပြဲ၊ ဂင်တိုတိုနှင့် ကျောင်းသားတစ်ဦးမှာလည်း ခုန်ပေါက် ပြေးထွက်လာသည်။

"ဟ ဟ... နေကြပါဦး၊ ငါလဲ နားထောင်ပါရစေ"

"အံမာ... သောက်ပင်းက ဒါမျိုးကျတော့ အဝေးကြီးက ကြားတယ်"

နဖူးပြောင်နှင့် ကျောင်းသားမှာ တဟဲဟဲ ရယ်ရင်း အနား၌ ဝင်ထိုင်လိုက်သည်။ နောက်နားကို လက်ဝါးနှင့် ကာလျက် မောင်သက်တင် ပြောသမျှကို စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။ နောက်ထွက်လာသော ကျောင်းသားမှာ နားပင်း၊ ခေါ် ရွှေနားပေ၊ ခေါ် ကြွက်သားမောင်ဘွဲ့ရ အောင်ခင်မြင့် ဖြစ်သည်။

သုံးဦးသားမှာ မောင်သက်တင် ပြန်လည် ပြောပြသော ဇာတ်လမ်းအား မှတ်ချက်မှ ဝင်မချမိအောင်ပင် အာရုံစိုက် နားထောင်နေကြသည်။ တစ်ခါတစ်ရံသာ ရွှေနားပေက သူ မသဲကွဲသော နေရာများ၌ ထပ်ပြောခိုင်းသဖြင့် နားအရသာ ပျက်သွားမှု ရှိသည်။

မောင်သက်တင် စကားဆုံးသွားသောအခါ သုံးဦးသားသည် မျက်လုံးများကို ပြူးလျက် တစ်ယောက်မျက်နှာကို တစ်ယောက် မေးခွန်းထုတ်သကဲ့သို့ ကြည့်မိကြသည်။

"ဒါ ဘာမှ မဟုတ်ဘူးဗျ၊ အရင်းစစ် အမြစ်မြေက ဆိုတာလို အမျိုးသားယဉ်ကျေးမှု ပျက်လို့ ဖြစ်ရတာ၊ ဝေါစတရိက သွေးစုပ်ကောင်ကြီးတွေ အလိုကျ ထုတ်လိုက်တဲ့ အရင်းရှင်နိုင်ငံ ရုပ်ရှင်တွေကြည့်၊ အရင်းရှင်နိုင်ငံက မိမစစ် ဖမစစ် ယဉ်ကျေးမှုတွေ အတုခိုး။ ဒါတွေကြောင့် ဒီတက္ကသိုလ်ကြီး ပျက်စီးနေတာ"

မောင်သက်တင်က ငါးရာ့ငါးဆယ် ဇာတ်တော် အဆုံး၌ သစ္စာလေးပါးနှင့် ချုပ်သကဲ့သို့ သူ့စကားအား ထုံးစံအတိုင်းပင် စာအုပ်ကြီးအရ အရင်းရှင်နိုင်ငံများကို ပုတ်ခတ်လျက် အဆုံးသတ်လိုက်သည်။

"သာဓု သာဓု သာဓု..."

မောင်ရှိန်က ရွတ်ပျက်ပျက်နှင့် သူ့ဒေသနာအား ကောင်းချီးပေးလိုက်သည်။ တင်ဦးမောင်ကမူ... "ပြေးကြဟေ့..ရှောင်ကြဟေ့... လေကြီး မိုးကြီး ဝုန်းဒိုင်း" ဟု ဝင်နောက်လိုက်၏။

သူတို့ သုံးဦးစလုံးမှာ ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး ဟူသော ဓွဲ့ဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

တက္ကသိုလ်ဝယ် စစ်ပြီးစ ရောက်ကတည်းမှ ပျော်ပျော်ကြီး နေလာကြသူများ ဖြစ်သည်။

ယခုတွင် တင်ဦးမောင် တစ်ယောက်သာ ဘွဲ့ရပြီး စာပေဗိမာန်၌ ခေတ္တဝင်လုပ်လျက် ဥပဒေတန်း တက်ရင်း နိုင်ငံတော်ဝန်ထမ်း စာမေးပွဲ အောင်စာရင်းကို စောင့်နေသူ ဖြစ်သည်။ ကိုရှိန်မှာ ဘီအက်စီ အင်ဂျင်နီယာ နောက်ဆုံးနှစ်မှ ဖြစ်၍ ဘီအေ အောင်ပြီးသား အောင်ခင်မြင့်မှာ ဘီအီးဒီ တက်နေသူ ဖြစ်လေသည်။ ဝါရင့်ခဲ့ပြီဖြစ်သော သူတို့ကဲ့သို့ ကျောင်းသားကြီးများအတွက် တက္ကသိုလ်ရောက်စ မောင်သက်တင်တို့ကဲ့သို့ အလွတ်ကျက်ထားသော နိုင်ငံရေး စကားလုံးကြီးများကို သုံးချင်သူ လူသစ်ကလေးများအား နှစ်စဉ် တွေ့ခဲ့ရသဖြင့် အထူးအဆန်း မဟုတ်တော့ဘဲ ပြက်လုံးရှင်ကလေးများ အဖြစ်သာ မှတ်ယူထားကြသည်။

"နေပါဦး သက်တင်ရာ၊ မောင်ရင် ပြောသလို တက္ကသိုလ်ကြီး ပျက်စီးနေပြီ ဆိုရအောင် မေရီကကော ဘယ်လောက်ကြီးတဲ့ အပြစ်များ လုပ်နေလို့လဲ၊ လုပ်တယ် ထားပါဦး၊ မေရီလို ကောင်မလေးတွေဟာ တက္ကသိုလ်မှာ နှစ် ရာခိုင်နှုန်းတောင် မရှိပါဘူး။ ကျောင်းသူအများစုဟာ မင်း ဟို ငြိမ်း ဆိုတဲ့ ကောင်မလေး မသိဘူးလား၊ သူ့လို စာပေကိုသာ လိုက်စားတဲ့ အသိုက် ရှိတယ်။ ပဂ္ဂဝမ်းတို့လို ရယ်စရာ ရှိရယ်၊ ပျော်စရာရှိ ပျော်နဲ့ ကလေးလို ပျော်ပျော်နေတတ်တဲ့ အသိုက် ရှိတယ်။ အများဆုံးကတော့ ကိုယ့်ကိုယ်ကိုယ်လဲ အလှပြင်၊ ကျောင်းလဲ မှန်မှန်တက်၊ ချစ်တဲ့လူ တွေ့ရင်လဲ အိမ်ထောင်ဖက်ပြုဖို့ ရွေးသင့် ရွေးပြီး ဗုဒ္ဓဘာသာ မြန်မာ အမျိုးသမီးဂုဏ်ကို ထိန်းနေကြတာပါပဲ။ ကက်နက်လို မျိုးမစစ်တဲ့ သတ္တဝါတွေကကော ကျောင်းကြီးတစ်ခုလုံး မပြောနဲ့၊ တို့ကျောင်းဆောင်မှာတောင် ဘယ်နှယောက် ရှိလို့လဲ။ မင်းတို့ဟာ မဟုတ်သေးပါဘူး။ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်အောင် ဝါးလုံး ချေးသုတ် ယမ်းတာကိုး။ ဟိုစတုတ္ထမဏ္ဍိုင် ဆိုပြီး မဟုတ်ကမဏ္ဍိုင် ဖြစ်နေကြတဲ့ တချို့ သတင်းစာတွေက သတင်းထောက်တချို့နဲ့ တယ်တူတာပဲ"

ဆရာလောင်းလည်း ဖြစ်၍ ကာယဗလသမားလည်း ဖြစ်သော အောင်ခင်မြင့်ကသာ မခံချင်သဖြင့် သမာသမတ် ဝင်ပြောသည်။

"စိတ်တော့ မရှိနဲ့ မောင်သက်တင်၊ ငါသာ ချန်စလာ ဆိုရင် မင်းတို့လို ပြုတ်မနူး စိတ်ကူးယဉ် အောက်ခြေလွတ် ကြက်တူရွေး၊ ဆန်ကုန်မြေလေး နိုင်ငံ

mgyoe.com

SAMPLE BOOK

ရေးသမားတွေကို ကျောတစ်ရာ၊ ရင်တစ်ရာ ဒဏ်နှစ်ရာ ခတ်ပြီး မြင်းရပ်ကို နှင်ပစ်လိုက်မှာပဲ”

မောင်ရှိန်ကလည်း နောက်သလို ပြောင်သလိုနှင့် မျက်နှာကို စပ်ဖြဲဖြဲထားရင်း နာနာလေး ဝင်နှက်လိုက်သည်။

မောင်သက်တင်၏ မျက်နှာလေးမှာ နီရဲသွားသည်။ သူသည် အောင်ခင်မြင့်နှင့် မောင်ရှိန်တို့ကို ထထိုးလိုက်ချင်သည်။ သို့ရာတွင် သူတို့မှာ ထထိုးထိုး၊ ထဆဲဆဲ နာတတ်သူများ မဟုတ်၍ ခက်သည်။

“ခင်ဗျားတို့ အဲဒီလိုသာ ကျောင်းသားအရေးကို ဆောင်ရွက်ပေးမယ့်လူတွေ မရှိရင် အကုန် ဒုက္ခရောက်ကုန်မှာပေါ့”

“ဘုရားရေ... ကလူ... ကလူ”

ကိုရှိန်က မျက်ဖြူဆိုက်သွားသည့်ဟန် လုပ်လိုက်သဖြင့် ကျန်နှစ်ယောက်က ဝိုင်းရယ်လိုက်သည်။

“အင်း... ဒီပုဂ္ဂိုလ်ကြီးတွေ မရှိရင် တို့ စာမတတ်တော့ဘူး ထင်ပါရဲ့”

“ကျွန်တော် ပြောတာက ကျောင်းသား အခွင့်အရေးတွေ ကာကွယ်ဖို့ပြောတာ”

“ဟကောင်ရ... ကျောင်းသား အခွင့်အရေး ကာကွယ်ပေးဖို့ ဆိုတာက တို့အထက်က လူတွေက တို့ရန်သူတွေမို့ တို့ကို တမင်ချုပ်ချယ်နေတာမို့လား၊ တို့အထက်က ဆိုတာဟာ တို့ဆရာတွေပဲ မဟုတ်လား။ အစိုးရက ချုပ်ချယ်ရအောင် ဆိုတာကလဲ နိုင်ငံခြားအစိုးရလဲ မဟုတ်။ တော်ပါကွာ... မင်းတို့ဟာ တော်တော်ကြာ သားသမီး အခွင့်အရေး ကာကွယ်ရေး၊ မိဘ ဆန့်ကျင်ရေးအဖွဲ့များ ဖွဲ့ဦးမလား မသိဘူး”

ကိုရှိန်၏ နောက်ဆုံး စကားကြောင့် ကျန်နှစ်ယောက်က အားရပါးရ ဝင်ရယ်လိုက်ကြသည်။ မောင်သက်တင် ဘာမျှ ပြန်မပြောနိုင်ဘဲ တင်ဦးမောင်ကို ဆက်ပြန်သည်။

“မင်းတို့က ဘာပဲပြောပြော၊ တို့ကတော့ တို့တက္ကသိုလ် တို့ သိပ် လွတ်လပ်တယ် ထင်တယ်၊ လွတ်လပ်လွန်းလို့တောင် ခက်နေသေးတယ်၊ ကျောင်းတက်ချင်တက်၊ မတက်ချင်နေ၊ ဟောက ထွက်ချင်တဲ့အချိန် ထွက်၊ ဝင်ချင်တဲ့ အချိန်ဝင်၊ ဖတ်ချင်တဲ့ စာအုပ် ဖတ်၊ မဖတ်ချင်တဲ့ စာအုပ် လွှင့်ပစ်၊ ကျောင်းက မှန်တံခါးတွေ ရိုက်ခွဲချင် ခွဲ၊ မခွဲချင်နေ။ စာမေးပွဲ ဖြေချင်ဖြေ၊ မဖြေချင်နေ။ ကျောင်းသူတွေ

mgyoe.com

အဆောင်ရှေ့ သီချင်းအော်ဆိုချင် ဆို၊ ကချင်က။ ပျင်းသေးလို့ ပေါ်ပြူလာ ဖြစ်ချင်သေးရင် အစိုးရကို ကော်ဆဲချင်ဆဲ၊ ကော်ဆဲရင်းက ဒီတိုင်းပြည်မှာ လွတ်လပ်စွာ ဟောပြောခွင့် မရှိပါဘူးလို့ ပြက်လုံးထုတ်ချင် ထုတ်။ အေး... အဲဒီ လွတ်လပ်ခွင့်တွေကို ကျပ်ပြည့်တင်းပြည့် ခံစားနေကြတာကလဲ မင်းတို့ နိုင်ငံရေးကျောင်းသားတွေပါ၊ အဲဒီလို လုပ်ချင်တာလုပ်ပြီး အချိန်တန် ဘွဲ့မရဘဲ ထမင်းငတ်တော့ မင်းအဘ ဘယ်နိုင်ငံရေးသမားကမှ ထမင်း လာမကျွေးဘူး"

"အင်း အင်း... သိပ်ချီးမွမ်းနေ၊ အခု သုံးခါကျစနစ်တွေ ဘာတွေ ထွင်တော့မတဲ့"

မောင်သက်တင်က ရွဲ့ကာမဲ့ကာ ပြောလိုက်သည်။ ကိုရှိန်နှင့် အောင်ခင်မြင့်က ဝမ်းသာအားရ ထခုန်လိုက်သည်။

"နိပ်ဟ... အဲဒီစနစ်သာ စောစောက ရှိရင် တို့ကြာလှပြီ၊ ဘွဲ့တွေ ဘာတွေယူပြီး အလုပ်အကိုင်နဲ့ မိန်းမရလို့ ကလေး တစ်ဒါဇင် ကျော်နေပြီ။ လွတ်လွတ်လပ်လပ်ကြီး နေနိုင်တာမို့ တို့ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး နေလာလိုက်တာ အခု ဘယ်နှနှစ် ရှိပြီလဲ၊ ဟော့... နေပါဦးဟ၊ တို့ ကျောင်းရောက်တာ ဘယ်နှစ်ကလဲ"

ရှိန်က ကိုယ် ကျောင်းရောက်သောနှစ် ကိုယ် မေ့နေသဖြင့် ကျန်နှစ်ယောက်ကပါ ခက်ခက်ခဲခဲ ဝင်တွက်ပေးနေရသည်။ အောင်ခင်မြင့်က အရင် သတိရသည်။

"ဟိုကွာ... ဗိုလ်ချုပ်တို့ မကျဆုံးခင် တစ်နှစ်က"

"အား... ၄၆ ခုနှစ်ကပေါ့၊ အခု ၅၃ ခုနှစ်တောင် ရှိပြီ မဟုတ်လား၊ ဘယ်လောက် ကြာပြီလဲ၊ တို့ကျောင်းရောက်စက မောင်သက်တင်တို့ဆို နှပ်ချေးတွဲလောင်း၊ ပွေးတွဲလောင်းနဲ့ ကစားတုန်း ရှိဦးမယ်။ အက်စကလပ်စ်ရလို့ တို့ထက် တစ်တန်းပဲ ပိုကြီးတဲ့ တို့သူငယ်ချင်း ကိုမြင့်သူတို့ဆို ခု အမေရိက က ပြန်လာလို့ ဒေါက်တာဘွဲ့တွေ ဘာတွေရပြီး ကထိကတောင် ဖြစ်နေပြီ"

"တော်စမ်းပါဗျာ... ဒီသုံးခါကျ စနစ်ကြီးက မတရားလုပ်တာပါ၊ ပညာရေးဘတ်ဂျက်မှာ ငွေမသုံးနိုင်လို့ ကျောင်းသားတွေကို ကျောင်းက ကန်ထုတ်ချင်လို့ ထွင်တာပါ။ ကျောင်းဆရာ မလုံလောက်၊ ကျောင်းစာအုပ် မလုံလောက်နဲ့ ကျောင်းသားတွေ စာမေးပွဲ ကျမှာပေါ့"

"မင်း ပြောသလိုပဲ တန်စမ်းပါ မောင်ရင်ရာ၊ မင့်ဆင်ခြေတွေကို ကျောင်း

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်း ဘာမှ မသိတဲ့လူကို သွားမေးစမ်းပါ။ မင်းလဲ အသိသားပဲ၊ တို့လဲ ကျခဲ့တာပဲ။ ကျတဲ့ ကျောင်းသား တော်တော်များများဟာ တစ်နှစ်လုံး ပျော်၊ ပေါးလေးဝါးလား လုပ်၊ မတ်လ စာမေးပွဲ ဖြေတော့မယ်ဆို ဇန်နဝါရီလလောက်ရှိမှ စာကျက်၊ မကျ ခံနိုင်ပါ့မလား။ မင်း သွားကြည့်စမ်း၊ လိုင်ဘရေရီပေါ်မှာ စာမှန်မှန်ကျက်နေတဲ့ လူတွေ၊ အဲဒီထဲက ကျတဲ့လူ ဘယ်နှယောက် ရှိလဲ။ အေး... ခြွင်းချက်တော့ ရှိသပေါ့လေ၊ အင်မတန်ထိုင်းတဲ့ လူတွေ၊ အခြေခံ သိပ်ညံ့ခဲ့တဲ့ လူတွေ၊ သူတို့တော့ ကြိုးစားပေမဲ့ ကျချင်ကျမှာပေါ့"

"တော်ပါဗျာ... ခင်ဗျားတို့နဲ့ စကားပြောလို့ မဖြစ်ပါဘူး"

အောင်ခင်မြင့်က မောင်သက်တင်အား ကလေးငယ်ကဲ့သို့ ပခုံးပုတ်ကာ ချော့လိုက်သည်။

"ဖြစ်ပါတယ်ကွာ... မင်း တခြား စကားသာ ပြောပါ၊ နိုင်ငံရေးကိုတော့ လာမပောနဲ့၊ တို့က နေ့ာကေနောနေပြီ၊ အခု မင်းတို့ ခေါင်းဆောင် ဆိုတဲ့ ဖိုးတိတွေ မင်းတို့အဖွဲ့ကကော၊ မင်းတို့ အတိုက်အခံကကော အားလုံး တို့ သိတယ်၊ ဘယ်သူ ဘယ်လောက် တော်တယ်၊ ရော်တယ်၊ ညာတယ်၊ တတ်တယ်၊ ဘာတွေလုပ်ခဲ့တယ် တို့ အကုန်သိတယ်၊ ဟော... အတော်ပဲ မင်းနဲ့ စကားပြောလို့ရမယ့် ပုဂ္ဂိုလ်ကြီးတွေ လာပြီ၊ သွားတော့"

အာလုံးသည် လှေကားဦးဆီသို့ ကြည့်လိုက်ကြရာ ဆံပင်စုတ်ဖွား၊ ဝက်ခြံထူ၊ ရှမ်းလွယ်အိတ်နှင့် ကျောင်းသားပုပု တစ်ဦးအား တွေ့ရသည်။ သူ့အနားတွင် ကပ်လျက် အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ပြဇာတ်မင်းသားဂိုက် ဖမ်းနေသူ တစ်ဦးကိုပါ မြင်ရသည်။

မောင်သက်တင်သည် ကိုရှိန်တို့အား နှုတ်မဆက်တော့ဘဲ ထိုကျောင်းသား နှစ်ဦးဆီသို့ ထွက်ခွာသွားသည်။

"သုဘရာဇာညွန့်နဲ့ တွဲလာတာ ဘယ်သူလဲ"

ကျောင်းဆောင်တွင် မနေတော့ဘဲ ခေတ္တ လာလည်သူသာ ဖြစ်သည့် တင်ဦးမောင်က မေးသည်။

"ညွန့်တင်ကြီးလိုပဲ၊ ပြည်သူ့စာရေးဆရာဆို ထင်ပါရဲ့၊ နာမည်က ကြည်ဖြူ... တဲ့"

"သူတို့ကို ဘယ်သူက ပြည်သူ့စာရေးဆရာဘွဲ့ ပေးလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"သူတို့ဘာသာ သူတို့ ခေါ်ကြတာပဲလေ"

သုံးဦးသား ပြိုင်တူ ရယ်လိုက်မိကြသည်။

"အေးဟေ့... ကိုလှဝေကြီး ပြောသလိုပဲ၊ တို့မြန်မာပြည်မှာ အခု အလွတ်ပညာရှိတွေ သိပ်ပေါနေတယ်"

ကိုရှိန်က မှတ်ချက်ချသည်။

"ဟောဟိုမှာ လွတ်နေသော ပြည်သူ့သမက်ကြီး နှစ်ယောက် လာပြန်ပြီ"

အောင်ခင်မြင့်က ပြောလိုက်သဖြင့် သူတို့သည် အောက်သို့ ငုံ့ကြည့်လိုက်ကြသည်။

အင်္ကျီပြာနှင့် ကိုလှဝေသည် မှတ်ဆိတ်မွေး ဆင်းနှင့်အတူ ကျောင်းဆောင်ရှေ့လမ်းမှ လျှောက်လာကြသည်။

ဆင်းသည် အောင်ခင်မြင့်အား မြင်သောအခါ ညာလက်ကို ထမင်းလုတ်ယူဟန် ပါးစပ်ဆီ ပို့ပြီး – "ရေချိုးပြီးပြီလား" ဟု မေးလိုက်သည်။ ရွှေနားပေ အောင်ခင်မြင့်က "ထမင်းလား... စားပြီးပြီ" ဟု ပြန်ဖြေသည်။

"သောက်ပင်း...ဒါမျိုးတော့ မကြားဘူး၊ ဒီလောက် ပင်းတဲ့နားနဲ့ ဘီအီး အောင်ရင် ကလေးတွေ ဘယ်လိုလုပ်များ စာသင်မလဲ မသိဘူး"

မောင်ရှိန်က နောက်မှနေ ပြောလိုက်၏။ အောင်ခင်မြင့်က ပြုံးချိစွာ လှည့်ကြည့်လိုက်ရင်း မေးသည်။

"ဘယ်သူလဲ... ကိုလှဝေလား"

"ဩော်... ပင်းပါတယ်ဆိုမှ ကန်းပြနေပြန်ပါပြီ၊ နင့်ကို ပြောတာဟ နင့်ကို..."

နှစ်ဦးသားမှာ အူတက်မတတ် ရယ်မိကြသည်။

"ဟေ့ မောင်ရှိန်... မန္တလေးပန်ချာက သိပ်ပေါ်ပြူလာ ဖြစ်နေပါလား"

ဆင်း ဥပစာသိပ္ပံတန်း အောင်၍ တကောင်းကျောင်းဆောင်သို့ ပြောင်းလာသော နှစ်က ဖြစ်သည်။ ကျောင်းဆောင်မှ ထမင်း မကျွေးသေးသဖြင့် ဆိုင်မှ ပို့သော ထမင်းကို အခန်းထဲတွင် ကိုရှိန်နှင့် တင်ဦးမောင် မှာစားနေကြစဉ် လူသစ်ဖြစ်သူ ဆင်းက ဖြတ်လျှောက်လာသည်။ ပါးစပ် အငြိမ်မနေနိုင်သော မောင်ရှိန်က လှမ်းနောက်လိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

"အိး... ဆရာကီး... စားပါဦးလား"

"ဩော်... သုံးဆောင်တော်မူကြပါ ခင်ဗျာ၊ ကျေးဇူးတင်လှပါတယ်။ ဘာဟင်းတွေနဲ့များ သုံးဆောင်နေကြပါသလဲ၊ သွားလိုက်ပါဦးမယ်... ခွင့်ပြုပါနော်"

ဦးခေါင်းညိတ်ကာ၊ ခါးညွတ်ကာနှင့် ဆင်းက ပြန်ပြောသွားသဖြင့် နှစ်ဦးသား ဟန်မဆောင်ရဲဘဲ ရယ်မိကြရာ ထမင်းလုတ် မမျိုရသေးသော တင်ဦးမောင် ပါးစပ်မှ ထမင်းစေ့များ ကိုရှိန်၏ မျက်နှာသို့ စဉ်ကုန်သည်။

"ရှီး... ဒီလောက်ပဲ ရယ်ရသလား၊ ပေကုန်ပြီ"

"မင်းအဘကို သွားစတာကို၊ အာဂဟော့... လက်စသတ်တော့ မန္တလေး ပန်ချာကို"

ထိုနေ့မှစ၍ ဆင်းမှာ မန္တလေးပန်ချာဟု တွင်ခဲ့ခြင်း ဖြစ်သည်။

တင်ဦးမောင်သည် ကိုလှဝေ သူတို့ ရှေ့တည့်တည့် ရောက်သောအခါ လှမ်း၍ သီချင်းဆို နောက်လိုက်သည်။

"ဩော်... မမနဲ့ရယ်... မမနဲ့ရယ်... မျိုးချစ်ကို... မျိုးချစ်ကို..."

"ဟော့ကောင် မရရင်လဲ မဟုတ်တာတွေ ဆိုမနေစမ်းပါနဲ့"

ကိုလှဝေကမူ မချိလှသော အပြုံးကိုသာ ပြုံးရင်း ပြည်လမ်းဘက်သို့ ဆက်ထွက်သွားသည်။

"နွဲ့လို မိန်းကလေးကို ရှောင်ပြေးနေတဲ့ ကိုလှဝေကပဲ ရူးသလား၊ ကိုလှဝေလို ရှောင်ပြေးနေတဲ့ လူကိုမှ မမုန်းနိုင်တဲ့ နွဲ့ကပဲ ရူးသလား"

အောင်ခင်မြင့်က လေးလေးပင်ပင် ညည်းလိုက်သည်။ ကိုရှိန်ကလည်း တစ်စုံတစ်ခုကို သတိရဟန်နှင့် ငြိမ်တွေးနေသည်။

"ဒီမှာဟေ့... ခုနင်က မောင်သက်တင် ပြောတဲ့အထဲမှာ ရန်ပွဲ ဖျဉ်ပေးတာ ဆရာတစ်ယောက်ဆို..."

"အေး... ဒီကောင်လေးကတော့ နာမည်သိပုံ မရဘူး၊ ဘာပြုလို့လဲ"

"တို့ ကိုမြင့်သူကြီးများ ဖြစ်နေမလားလို့"

"အေးဟေ့... သူ ဆိုရင်တော့ မေရီနဲ့..."

နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေခိုက် ဆင်းသည် အနား ရောက်လာသည်။

"ကို... ကို... ပန်ချာ ဘယ်သွားနေတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒေါက်တာဦးမြင့်သူဆီပါ၊ ဟေ... အဲဒါထက် ဟိုချာတိတ် ရန်ဖြစ်လို့ ဝင်ဖျဉ်တာ ဆရာ့တောင် နည်းနည်းထိသွားသေးတယ်"

"ဟေ... ဆရာမြင့်သူ၊ နေဦး ဆရာ၊ မေရီနဲ့ ဆိုင်မိကြကောလား"

"ဆိုင်မိကြတာပေါ့၊ နေပါဦး... ခင်ဗျားတို့က ကြားပြီးပြီလား"

ကိုရှိန်၊ တင်ဦးမောင်နှင့် အောင်ခင်မြင့်တို့က ဆင်း၏ အမေးကို မဖြေ။ တစ်ဦးမျက်နှာသာ တစ်ဦး အဓိပ္ပာယ်ပါပါ ကြည့်နေမိကြသည်။ ရှေးဦးစွာ အောင်ခင်မြင့်က လှုပ်ရှားလာ၍ ပါးစပ်ကို ဖြကာ အော်ဆိုလိုက်သည်။

"ညီမလေးရယ်... စိုးရိမ်မိတယ်"

"နေပါဦး... ဒါ ဘာအဓိပ္ပာယ်လဲ"

ဆင်းက ဝင်မေးသည်။

"မသိချင်ပါနဲ့လေ..."

မောင်ရှိန်သည် မြက်ခင်းပြင်၏ တစ်ဖက်ရှိ ပြည်ကျောင်းဆောင်၏ အရှေ့ဘက်ထိပ်မှ ကုံ့ကော်ပင်ကြီးအား မျှော်ကြည့်ရင်း ဆိုလိုက်သည်။

သူ၏ အာရုံတွင်မူ အင်းလျားကျောင်းဆောင်ရှေ့၌ ရွှေဝါနှင့် ငွေဖြူ ဝင်းသော ပန်းစည်းကြီးကို ပိုက်လျက် ရပ်နေသော နုထွားပျိုလွင်သည့် လူငယ်တစ်ဦး၏ သဏ္ဌာန်ကို မြင်နေမိသည်။

ခဏချင်းမှာပင် သူ့စိတ်သည် မှိုင်းညို့လေးပင်လာသည်။ ထို့ကြောင့်ပင် တယောကို ကောက်ကိုင်လိုက်ကာ အသံစဉ်တစ်ခုအား ဖွဲ့စမ်းတောယူနေမိသည်။ မရှေးမနှောင်းပင် လေးနွဲ့သော တယောသံနှင့်အတူ တေးတစ်ပိုဒ်ကို လှစ်ဟ ညည်းညူနေမိသည်။

"ဒီဘဝရဲ့ ဘုံအလယ်... ညီမတွက်ပုံတစ်သွယ်...
ဩော်... ရီပျပျ မှုန်ခြယ်"

သူ့အသံမှာ လေးလေးနှင့် ဆွေးမြည့်မြည့် ဖြစ်နေ၏။

"မဟီနန်းမြိုင် သည်းစိုင်ဦးဝယ်၊ ပွင့်ဖူးခဲ့တဲ့ မာလာခိုင်စံပယ်..."

အဆိုနှင့်လိုက်ဖက်စွာ တယောသံလေးမှာလည်း နွဲ့နွဲ့ ထွက်ပေါ်နေသည်။

"လှိုင်ကြူတင့်ဆန်း... ပိုင်ပိုင်သူ မဆင်မြန်းသာ၊
ဘုံအနှမ်းဝယ် ယုံစတမ်းကွယ်... တစ်ငုံပန်းနှယ်..."

အဆိုမှာ ကြာလေ လှိုက်လှဲလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ချစ်လွမ်းရိပ် သံသရာမှာကွယ်၊ သမုဒယအရေး... သြော်... တစ်ခုကမှ မအေးမှာမို့ ညီမလေးရယ် စိုးရိမ်မိတယ်"

တင်ဦးမောင်နှင့် အောင်ခင်မြင့်တို့မှာလည်း ငြိမ်သက်နေကြသည်။

"လောကဓံ မာယာဉာဏ်ကြွယ် နှောင်းတစ်ပွင့်နှယ်... ပြောင်းလွှင့်ကွယ် ... လောင်းမဆင့်သင့်တဲ့ ဟောင်းရင့် ဇာတ်ကြောင်းနှယ်"

နားမလည်ရှာသူ ဆင်းကသာ သူတို့ သုံးဦး၏ မျက်နှာများအား လှည့်ကာ ကြည့်နေမိပါ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

ခါတိုင်းဆိုလျှင် အားလပ်သော စနေနေ့ နေ့လယ်ပိုင်း၌ ပဂ္ဂဝမ်း ခေါင်းဆောင်သော စကားဝိုင်းတွင် ပျော်ပျော်ရွှင်ရွှင် ဝင်နွှဲနေလေ့ရှိသော မေရီသည် ယနေ့ တစ်ဦးတည်း အခန်းရှေ့ထွက်ကာ အတွေးနယ်လွန်နေမိသည်။

ယနေ့ ကြုံတွေ့ခဲ့ရသမျှမှာ နုနယ်သော မေရီ၏ နှလုံးသားဝယ် လက်ခံနိုင်သည်ထက် ထွေပြားရှုပ်ထွေးလှသဖြင့် မေရီမှာ တစ်ကိုယ်လုံး တုန်ယင်လျက် အားလျော့ နွမ်းနယ်မှုတစ်ရပ်ကို ခံစားနေရသည်။

"မေရီ ဘာဖြစ်သလဲ... နေမကောင်းဘူးလား"

ပြန်ရောက်စတွင် သွက်လက်သမျှ တစ်ဖက်သားပေါ်တွင် ကြင်နာတတ်သော ပဂ္ဂဝမ်းက မေးသည်။

"မေရီ နေကောင်းပါတယ်"

"မေရီ နေကောင်းတယ်သာ ဆိုတယ်၊ မေရီ့ မျက်နှာကလဲ မကောင်းပါလား"

"မေရီ့ မျက်နှာ မကောင်းရအောင် မေရီ နူနေလို့လား"

မေရီက ဟန်ဆောင်ပြုံးရယ်ရင်း ပြန်နောက်လိုက်သည်။

"မျက်နှာကတော့ မနူပါဘူး၊ အသည်းကများ ပုပ်နေသလားလို့ပါ"

mgyoe.com

mgyoe.com SAMPLE BOOK


"အို... ပဂ္ဂီ့စကားက ဘာစကားလဲ"

"ဟော... အိုးမလုံဘူး ထင်တယ်၊ ပဂ္ဂီ ရှင်းပြမယ်။ တက္ကသိုလ်မှာ မေရီ့လို လှတဲ့ မိန်းကလေးတွေ၊ ပြီးတော့ အမေ ပေးတဲ့ အသည်းလှလှကို သူ့သမီး ငါ့သခင် အတွက် မငြိုငြင်ရက်ရော အဟောသိကံ မင်းဝေသန် လုပ်ချင်တဲ့ကျောင်းသားလေး တွေဟာ ရောဂါဆန်းတစ်ခု ရတတ်တယ်။ အဲဒီရောဂါဟာ အတွင်းထဲက လှိုက်စား တာ၊ ဆရာဝန်တွေက အဲဒီရောဂါကို အသည်းတစ်ခြမ်း ပုပ်တဲ့ ရောဂါလို့ ခေါ်တယ်"

ပဂ္ဂီဝမ်းက ကြဲကြဲဖန်ဖန် စီကာပတ်ကုံး ပြောနေသဖြင့် မေရီမှာ လှိုက်လှိုက် လှဲလှဲလေး ရယ်မောမိသည်။

"မင်း တော်တော် ကြဲကြဲဖန်ဖန် ပြောတတ်တယ် ပဂ္ဂီ၊ ဒါကြောင့်လဲ ဒီဗိတ်တာ ဖြစ်နေတာ"

ပဂ္ဂီဝမ်းမှာ အသားဝါဝါ ဖိုင့်ဖိုင့်နှင့် ချစ်ဖွယ်ကောင်းသော တရုတ် ကပြား မလေး ဖြစ်သည်။ မျက်ပေါက်ကလေး အတန်ငယ် ကျဉ်းသော်လည်း မပြားလွန်း သော နှာခေါင်း၊ မို့ဖောင်ဖောင်းလေးနေသော ပါးစုန့်ကလေးများဖြင့် ဘော့ဟဲယား လေးနှင့်ဖြစ်ပြန်ရာ ကလေးမလေးသဖွယ် ခင်မင်ချစ်စဖွယ် ရှိသည်။ အပြောကောင်း၊ အဟောကောင်း ဖြစ်သဖြင့် ကျောင်းရောက်သည်မှာ မကြာသေးသော်လည်း တက္ကသိုလ် စကားရည်လုပွဲများတွင် အင်းလျားကျောင်းဆောင်ကိုယ်စား နှစ်ချီခန့် အောင်အောင်မြင်မြင် ဝင်နွှဲပြီးပြီ ဖြစ်လေသည်။

"ကဲပါလေ... မေရီ စကားတွေ လွှဲချမနေနဲ့၊ မေရီ ဒီနေ့ ဘာဖြစ်ခဲ့သလဲ ပြော"

မေရီကမူ လူကဲခတ်ကောင်းလှသော ပဂ္ဂီအား အံ့ဩသယောင် စိုက်ကြည့် နေသည်။

"မေရီ မပြောချင်လဲ နေလေ၊ ပဂ္ဂီမှာ ယောကျ်ားလေး သူငယ်ချင်းတွေ အများကြီး ရှိတယ်။ ကိုလှမြင့်တို့၊ ကိုအေးထွန်းတို့၊ ကိုခင်မောင်အေးတို့၊ နောက် ဟိုတကောင်းဟောက ကိုကိုပန်ချာတို့၊ တက္ကသိုလ် ဘယ်နေရာမှာ ဘယ်တုန်းက ဘယ်သူ ဘာဖြစ်တယ် ဆိုတာ သူတို့ အကုန်သိတယ်၊ သူတို့သိရင် ပဂ္ဂီ သိတာပဲ၊ အဲဒီတော့မှ မေရီ့အကြောင်း ပဂ္ဂီ သိရင် တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်မောင်း ခတ်လိုက်မယ်"

မေရီမှာ မျက်လုံးလေး ပြူးသွားသည်။ ပဂ္ဂီမှာ သူ ပြောသကဲ့သို့ပင် ယောကျ်ားလေး သူငယ်ချင်းများစွာ ရှိသည်။ အခြား မိန်းကလေးများကဲ့သို့ အရှက်

mgyoe.com

mgyoe.com  SAMPLE BOOK 

အကြောက်လည်း နေရာတကာ မကြီးလွန်း။ ဟန်လည်း မများလွန်း။ သူ့ကို နောက်လျှင် ပြန်နောက်တတ်၍ သူ့ကို စ,လျှင် ပြန်တွယ်တတ်သော ပဂ္ဂိအား ယောကျ်ားလေးအချို့က လန့်ကြသော်လည်း တော်တော်များများမှာ လေးစားခင်မင်ကြသည်။

မေရီမှာ ဤသို့ သွက်လက်သမျှ ဉာဏ်ထက်မြက်လှသော တရုတ်ပုပ်မလေးအား ဆက်လက် ဖုံးကွယ်၍ မဖြစ်တော့မှန်း သိသဖြင့် နံနက်မှ ဖြစ်ခဲ့သမျှကို ပြန်ပြောပြရသည်။

ပဂ္ဂိသည် မျက်တောင် ပုတ်ခတ်လုပ်ရင်း နားထောင်နေရာမှ မေရီ စကားဆုံးသွားသောအခါ မှတ်ချက်ပေးသည်။

"ဒီ ကက်နက် ဆိုတဲ့ သတ္တဝါ စာမပေးဖူးတဲ့ မိန်းကလေး တက္ကသိုလ်မှာ အရှားသားပဲ၊ သူက အိတ်ထဲ အမြဲတမ်း စာသုံးစောင်လောက် ထည့်ထားတတ်တယ်။ အလကားလူပါ၊ မေရီ ပြောတဲ့ ဟိုဘုကောင်လေး နာမည်က မောင်သက်တင်လို့ ခေါ်တယ်၊ ဘုကျပေမဲ့ စိတ်ရင်းကောင်းပါတယ်။ ပဂ္ဂိနဲ့ ခင်သားပဲ"

မေရီသည် ပဂ္ဂိအား ဒုတိယအကြိမ် အံ့သြစွာ ငေးကြည့်လိုက်မိသည်။

"ပဂ္ဂိ မင်း... ရီပို့တာ လုပ်စားဖို့ ကောင်းတယ်၊ မင်း မသိတာ မရှိဘူး"

"ပဂ္ဂိသာ ရီပို့တာ လုပ်ရရင် ဟိုနိုင်ငံရေးမမတွေ အရင်ထိုင်ငိုမှာ"

ပဂ္ဂိသည် ခပ်လှမ်းလှမ်းရှိ အခန်းတစ်ခုကို မေးငေါ့ပြရင်း ပြောလိုက်သည်။

"ဟိုအင်္ကျီပြာနဲ့ လူက ကိုလှဝေကြီးပဲ ဖြစ်ရမှာပဲ၊ သူက အမြဲအင်္ကျီပြာဝတ်တတ်တယ်၊ လဲမှ လဲရဲ့လား မသိဘူး၊ သူ့ကို ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးလို့လဲ ခေါ်တယ်၊ ကျောင်းရောက်တာ ကြာလှပြီ၊ သူကလဲ တိတ်တိတ်ပုန်း အဆွေးသမားကြီးပါ"

"သူက ဘာပြုလို့ ဆွေးရတာလဲ"

"မမနွဲ့ကြောင့်ပေါ့"

"ဟာ... စုံလှချည်လား ပဂ္ဂိရ၊ ဒါတွေ မင်း ဘယ်က ကြားလဲ"

"သိတာပေါ့၊ တကောင်းဟောမှာ ဘီးအီးဒီ တက်နေတဲ့ ပဂ္ဂိ့အစ်ကို့ သူငယ်ချင်း ရွှေနပေ ကိုအောင်ခင်မြင့် ရှိတယ်၊ သူ့ဆီကပေါ့..."

မေရီသည် မမနွဲ့နှင့် ကိုလှဝေတို့အကြောင်း မေးမည်ပြုစဉ် ပဂ္ဂိက ဦးအောင်မေးခွန်းတစ်ခု ထုတ်လိုက်သည်။

mgyoe.com

m g SAMPLE BOOK

"နေဦး... ခုနက မေရီ ပြောတဲ့ ဆရာဦးမြင့်သူက တော်တော် ချောလား"

မေရီ၏ မျက်နှာလေးမှာ ပျက်သွားသည်။

"ဘာပြုလို့တုံး"

"ပဂ္ဂီ မေးတာ ဖြေစမ်းပါ"

"မှန်မှန်ရည်ရည်ပါ၊ ဘာဖြစ်လို့လဲ"

"သြော်... ခုနက မေရီ ပြောတုန်းက သူ့အကြောင်းကို မေရီ အများဆုံး ပြောတယ်၊ စုံစမ်းဦးနော်၊ လူပျို ဟုတ်ကဲ့လား"

"အို... ပဂ္ဂီကလဲ ဘာဆိုင်လို့တုံး"

"ဟော... ပြောရင်းဆိုရင်း မျက်နှာတွေ နီလာပြီ၊ ဒါပဲနော် ကလေးမ၊ ကိုယ့်ဆရာသမားကို မပစ်မှားနဲ့၊ ငရဲကြီးနေဦးမယ်"

"ပဂ္ဂီနော် ရှက်စရာကြီး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

မေရီ၏ အမူအရာမှာ အတန်ပင် ပျက်နေပြီ ဖြစ်သည်။ ရှေ့ဆက်လျှင် ပိုဆိုးတော့မည် ဖြစ်ရာ ဇျစ်တောက်မြည်သံနှင့်အတူ အဆောင်မှူး ပေါ်လာသဖြင့် သာ တော်တော့သည်။

"တယ်ခက်ကြတာပဲ၊ ကလေးတွေ ဆိုရင်လည်း တုတ်နဲ့ ရိုက်ရရဲ့"

ခေါင်းလျှော်တတ်ကြသော စနေနေ့လည်းဖြစ်၍ ကြားနေကျ မြည်တွန်သံလည်း ဖြစ်သဖြင့် အဆောင်မှူး မည်သည့် အမြင်မတော်ရာကို တွေ့ခဲ့ပြီ ဆိုခြင်းကို မေရီနှင့် ပဂ္ဂီမှာ ရိပ်မိပြီး ဖြစ်သည်။

အချို့သော ကျောင်းသူများမှာ ခေါင်းလျှော်လျှင် သီးသန့်ခွက်ကို အသုံးမပြုဘဲ မျက်နှာသစ် လက်ဆေးခြင်းတို့သာ ပြုထိုက်သော ကြွေခွက်ကြီးများကိုသာ သုံးတတ်ကြသည်။ စင်ကြယ်အောင်လည်း မဆေးခဲ့ကြသဖြင့် ကြွေခွက်ကြီးများမှာ ချွဲကျန်ရစ်ကာ ၎င်းတို့ဆီမှ ရေသွယ်ထွက်ရာ ဖြစ်သော ပြွန်ပေါက်များမှာလည်း တရော်၊ ကင်ပွန်းသီးများနှင့် ပိတ်ဆို့နေတတ်သည်။

မေရီနှင့် ပဂ္ဂီမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ တိတ်တိတ်ပြုံးနေကြစဉ် အဆောင်မှူးသည် ဟောကျူတာ ဆရာမတစ်ဦးနှင့် ရပ်စကားပြောရင်း ဆက်လက် ဆိုမြည်နေ၏။

"အဝတ်လျှော်ရင်လဲ ပေးထားတဲ့ သစ်သားခုံပေါ်မှာ လျှော်ရမှာ ဘယ်လောက် ဝန်လေးလို့လဲ၊ ဒီကြွေခွက်ထဲမှာပဲ အင်္ကျီတွေ ကွာပြီး ပျက်ကုန်ပြီ၊ ဟိုနေ့

mgyoe.com

mgyoe.com


ကပဲ တစ်လုံး ပြင်ရပြီးပြီ မဟုတ်လား။ ဆရာမတို့ကလဲ နည်းနည်း တင်းတင်း ကျပ်ကျပ် လုပ်ပေးမှပေါ့"

သမီးတစ်ကောင် နွားတစ်ထောင်ဟု ဆိုရိုး ရှိရာ တစ်ကောင်မကသော ဝမ်းမလွယ် သမီးတို့အား ထိန်းကျောင်းရရှာသူ အဆောင်မှူး ဆရာမကြီးအတွက် မှာ မလွယ်လှချေ။ ကျောက်ထောက်နောက်ခံ ထိန်းသိမ်းမှု၊ ပတ်ဝန်းကျင် အခြေအနေ ပေါင်းစုံမှ လာကြသော ကျောင်းသူများအနက် စည်းကမ်းမဲ့သူအချို့ ပါလာတတ်ရာ တာဝန်ခံဆရာမများအတွက် တစ်ခါတစ်ရံ ခေါင်းကိုက်ဖွယ် ဖြစ်နေ သည်။

များသောအားဖြင့် ကျောင်းသူကလေးများမှာ တက္ကသိုလ်ရောက်မှ ပထမ ဦးဆုံးအကြိမ်အဖြစ် လွတ်လပ်စွာ နေခွင့်ရခဲ့ကြသည်ဖြစ်ရာ အစစအရာရာ မိမိတို့ ကိုယ်ကို မိမိတို့ မထိန်းသိမ်းတတ်သေး။ ရုတ်တရက် ရရှိခံစားရသော လွတ်လပ်ရေး ကြောင့် စိတ်မထိန်းနိုင်ဖြစ်ကာ စောင့်ရှောက်အပ်သေးသည့် အချို့စည်းများကိုပင် ဖောက်ဖျက်မိတတ်ကြသည့် ဤအခါများတွင် ဆရာမများနှင့် စိတ်ကောင်း စေတနာ ကောင်း ရှိ၍ တာဝန်သိတတ်ကြသော ကျောင်းသူကြီးများက ဖျောင်းဖျ ညွှန်ကြား ပေးကြရသည်၊ ကျောင်းသူအများစုမှာ ဤသို့ ဖျောင်းဖျ ညွှန်ကြားပေးမှုကို လိုက်နာ ကျင့်သုံးကြ၍ တစ်စတစ်စ သိတတ် လိမ္မာလာကြသော်လည်း တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်း ဟူ၍မူ မနှစ်သက်သူ၊ မနာခံသူများလည်း ရှိသေးသည်။ သူတို့ အတွက်မူ ဆရာမကြီး ပြောသကဲ့သို့ အရွယ်ရောက်ပြီးသူများ ဖြစ်ကြသဖြင့် ရိုက်ဆုံးမ ၍လည်း မဖြစ်၊ ဆရာမကြီးကဲ့သို့သော အုပ်ထိန်းသူများ၏ အခက်အခဲကို သားသမီး များသူ မိဘများသာလျှင် ကိုယ်ချင်းစာ နားလည်နိုင်ပေမည်။

ဟောကျူတာဆရာမလေးနှင့် ရပ်စကား ပြောပြီး၍ ဆက်လျှောက်လာ ခဲ့သော အဆောင်မှူးသည် မေရီနှင့် ပဂ္ဂီတို့အား တွေ့လိုက်သောအခါ ပြုံး၍ နှုတ် ဆက်လိုက်သည်။

"ပဂ္ဂီ ဒီနေ့ အိမ်ပြန်မလို့ဆို၊ မသွားသေးဘူးလား"

"ဟုတ်ကဲ့ မမ၊ ပြန်ပါ့မယ်၊ အိမ်က ကားမလာသေးလို့ စောင့်နေတာပေါ့"

"အေး အေး... အိမ်ရောက်ရင် လျှောက်ပြီး လည်မနေနဲ့၊ စာကျက်ဖို့ စာအုပ် လေး ဘာလေး ယူသွား"

မြို့ထဲတွင် မိဘ၊ အုပ်ထိန်းသူ ရှိသော ကျောင်းသူများမှာ မိဘ၊ အုပ်ထိန်း

mgyoe.com

m gyoe.com SAMPLE BOOK


သူများ၏ ခွင့်ပြုချက် စာရလျှင် သောကြာနေ့မှ ကြာသပတေးနေ့ညနေထိ တက္ကသိုလ်ကျောင်းဆောင်မှ အခွင့်တောင်း၍ စနေနေ့၌ အိမ်ပြန်အိပ်ခွင့် ရှိသည်။

သာမန် မြို့တွင်းသို့ ထွက်လည်ချင်သူ ကျောင်းသူများအတွက်လည်း ဤသို့ ထွက်လည်ခြင်းကို သဘောတူကြောင်း မိဘ၊ အုပ်ထိန်းသူများထံမှ ခွင့်ပြုချက်စာကို ရယူထားရသည်။ ထွက်မလည်မီ ဆိုင်ရာ ပေါက်ကျူတာအား တိုင်ကြား ရ၍ စာအုပ်တွင်လည်း မိမိတို့ သွားမည့်နေရာ၊ ရည်ရွယ်ချက် စသည်တို့အား ရေးသား ဖော်ပြ လက်မှတ်ထိုးခဲ့ရပြီး ညနေ ၆ နာရီ လူစစ်တန်းစီ အချိန်မီ ကျောင်းဆောင်သို့ ပြန်ရောက်ရသည်။

တစ်ကြောင်းကြောင်းကြောင့် နောက်ကျနေလျှင် ဆရာမများမှာ စိုးရိမ်ကြောင့်ကြရတတ်၍ ဤသို့ စည်းကမ်းဖောက်ပြန်သူများတို့မှာမူ ဆရာမကြီး၏ အရေးယူမှု၊ မိဘ၊ အုပ်ထိန်းသူထံ စာရေး တိုင်စာပို့စေခြင်း စသော အပြစ်ဒဏ်ခံကြရသည်။

ကျောင်းအတွင်း၌ ပွဲလမ်းသဘင် ရှိ၍ ညအချိန်တွင် ကျောင်းသူကြီး များ၊ ဆရာမများ အအုပ်အချုပ်ဖြင့် ထွက်ရသည်မှလွဲ၍ သာမန်အချိန်ဆိုလျှင် ည ၆ နာရီ လွန်က ဘယ်မှ ထွက်ခွင့်မရှိချေ။ အထူးသဖြင့် အင်းလျားကျောင်းဆောင်မှာ ပိုမို စည်းကမ်းကြီးသည်။ ကျောင်းသူလေးများ၏ သွားလာလှုပ်ရှားခွင့်မှာ အချို့ ထင်သကဲ့သို့ လွတ်လပ်လွန်းလှသည် မဟုတ်။ ထုံးစံအတိုင်းပင် စည်းကမ်း မည်မျှ ကောင်းသော်လည်း တစ်နည်းနှင့်မဟုတ် တစ်နည်းနှင့် တိမ်းရှောင် ကွေ့ဖောက်သူများမှာ ခြွင်းချက်အားဖြင့်မူ ရှိသည်။

"ဘာလဲ ပဂ္ဂီ... မင်း ဒီနေ့ အိမ်ပြန်အိပ်မလို့လား"

အဆောင်မှူး ထွက်ခွာသွားသောအခါ မေရီက ရင်လေး တဒိတ်ဒိတ် ခုန် ရင်း မေးသည်။

"ဟုတ်တယ် မေရီ..."

မေရီသည် ဘာမျှ ပြန်မပြောတော့ချေ။ ခါတိုင်းဆိုလျှင်မူ ပဂ္ဂီမြို့ထဲ ပြန် အိပ်မည်ကို အလွန် စိုးရိမ်မိသည်။ ယခုမူ တိတ်တိတ်ကျိတ် ဝမ်းသာမိ၍ ရင်လေး မှာသာ ခုန်နေသည်။

ထိုစဉ် ပဂ္ဂီ၏ အပေါင်းအဖော်များ ရောက်လာကာ ထုံးစံအတိုင်း စကားဝိုင်း စသဖြင့် ပထမသော် ကြွန္ဒြေမပျက် ဝင်ရောခဲ့ပြီးမှ အလစ်တွင် မေရီသည် အပြင် ထွက်၍ ငေးနေမိသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

မေရီသည် ကျောင်းဆောင်၏ တောင်ဘက် မလှမ်းမကမ်းရှိ ပါမောက္ခချုပ် အိမ်ရှေ့ ကံ့ကော်ပင်များကို မြင်နေရသည်။

"မေရီ... ကံ့ကော်ပန်းကို ချစ်သလား"

ဤအသံမှာ မေရီ၏ ရင်ထဲတွင် ပဲ့တင်ထပ်နေ၍ အသံရှင်၏ မှိုင်းရိပ်ဆင်နေသော မျက်နှာမှာ မျက်လုံးဝယ် ပေါ်လာသည်။

အေးချမ်းတည်ငြိမ်၍ ရင့်ကျက်ပြီးသော သူတစ်ဦးသည် ကံ့ကော် ဟူသော အသံကြားရုံမျှနှင့် ဤမျှ မချုပ်ထိန်းနိုင်အောင် ဘာကြောင့် မျက်စိမျက်နှာ ပျက်ရသည်ကို မေရီမှာ မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။ မိမိ အစအဆုံး အလုံးစုံ သိသည် ထင်ခဲ့သည့် ဇာတ်လမ်းဝယ် လျှို့ဝှက်တိမ်မြုပ်နေသော အပိုင်းများ ရှိနေလိမ့်ဦးမည်လားဟု မေရီသည် ပထမဆုံးအကြိမ် သံသယ ဖြစ်မိသည်။

မိမိကိုယ်အားလည်း မကျေမနပ် ဖြစ်မိသည်။ တွေ့လိုသူအား ရှာစဉ်က မတွေ့ဘဲ မမျှော်လင့်စဉ် ကြုံမိပြန်တော့လည်း မိမိ စိတ်ကူး၍ စီစဉ် ပြင်ဆင်ထားခဲ့မိသော ဟန်မျိုးကိုလည်း မလုပ်မိ။ ပြောချင်၍ ပြောမည်ဟု တွေးတော ရွေးချယ်ထားသော စကားများကိုလည်း မဆိုမိ။ မိမိ တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသော မိမိကိုယ်တိုင် နာမည်မမှည့်နိုင်သည့် ပြင်းထန် လှိုက်လှဲလှသော ဝေဒနာတစ်ရပ်၏ လွှမ်းခြုံစိုးပိုင်မှုကို မတွန်းလှန်သာဘဲ အရှုံးပေးခဲ့မိသည့် မိမိကိုသာ အံ့သြမိရင်းက အပြစ်လည်း တင်မိသည်။

အတွေး အလီလီနှင့် ဟိုဟိုသည်သည် မှန်းရည် ငေးမျှော်နေမိသော မေရီ၏ မျက်လုံးအစုံသည် အောက်ထပ် ကျောင်းဆောင် မျက်နှာစာ ပန်းခင်းအနီး လမ်းဘေးကပ်ကာ ရပ်ထားသည့် အစိမ်းနုရောင် ဟမ်းဘားဟောက်စ် အမျိုးအစား ကားကြီးဆီသို့ ရောက်သွားသည်။

ကား၏အရှေ့ ရှံ့ကာပေါ်တွင် ကိုယ်တစောင်း မှီလှဲရင်း စီးကရက် တစ်လိပ်ကို မာန်ပါပါ ခဲလျက်နှင့် ကျောင်းသားကြီးဟန် ပေါ်နေသော လူရွယ်တစ်ဦးက မေရီ့အား မျက်တောင်ကို စင်းမေးရင်း စူးစိုက်ကြည့်နေသည်။ သူသည် ပိုးတိုက်ပုံအဖြူ၊ ဘန်ကောက်လုံချည် ပန်းရောင်နုတို့ကို သပ်ရပ်စွာ ဝတ်ဆင်ထား၍ ခေါင်းကို သေသပ်ပြောင်လက်စွာ ဖြီးထား၏။ အသားမှာ မဖြူ မညို ဖြစ်သော်လည်း မျက်နှာမှာ အတန်ဖွေးနေသဖြင့် တစ်စုံတစ်ခု လိမ်းထားမှန်း သိသာနေသည်။

mgyoe.com

မေရီနှင့် မျက်လုံးချင်း ဆုံမိသောအခါ သူက အသာပြုံးလိုက်၍ ဦးခေါင်းကို ညိတ်ကာ နှုတ်ဆက်ဟန် ပြုလိုက်သည်။ မိမိနှင့် မသိသူ ဖြစ်သဖြင့် ရဲတင်းလှသော ထိုသူအား မေရီသည် မည်သို့မျှ မတုံ့ပြန်ဘဲ မျက်နှာပေးကိုသာ အနည်းငယ် တင်းအောင် ပြင်လျက် မျက်လုံးကို လွှဲလိုက်သည်။

ကျောင်းဆောင်ရှေ့တွင်မူ အိမ်ပြန်သည့်သူများ၊ လာခေါ်သူများ၊ ဧည့်သည်များနှင့် စည်ကားရှုပ်ထွေးနေလျက် ကားအဝင် အထွက်၊ အဆိုက် အနားလည်းများနေ၏။

မေရီသည် မျက်နက်လေး ဝေ့ကာ စောစောက လူအား အလစ်ခိုးကြည့်လိုက်ပြန်သည်။ သူကမူ အမူအရာမပျက် ပြုံးမြဲပြုံးလျက် မေရီ့အား စိုက်ကြည့်မြဲ စိုက်ကြည့်နေသည်။

မေရီ့ ရင်မှာ လှုပ်ရှားသွားပြီး ပါးပြင်မှာ အနည်းငယ်ရဲသွားလျက် မျက်နှာကို လွှဲလိုက်ရပြန်သည်။

ထိုစဉ် ဖိနပ်သံ တဖျပ်ဖျပ်နှင့်အတူ ကျောင်းသူကြီးကြီး တစ်ယောက်သည် မေရီ့အနားသို့ ရောက်လာသည်။ ကျောင်းသူမှာ ပွဲထိုင်သွားမည့်ဟန် အစွမ်းကုန် လိမ်းခြယ်ထား၍ ကိုယ်မှာလည်း ရွှေရောင်၊ နိုင်လွန်ရောင်၊ ဘရိုကိတ်ရောင်တို့ဖြင့် တောက်ပြောင်နေသည်။ ကျောင်းသူသည် မေရီ့အား မြင်သောအခါ သေးမျှင်လှသော မျက်ခုံးကို ဟန်ပါပါပင့်လျက် နီရဲသော နှုတ်ခမ်းကို ရွရွပင့်အာရင်း ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

"အို... မေရီ၊ မင်း ဘယ်မှ မသွားဘူးလား"

"မသွားပါဘူး မမဒေါရစ်စ်"

ကျောင်းသူမှာ ဝိဇ္ဇာတန်းမှ ဖြစ်၍ အမည်မှာ ဒေါရစ်စ်တင် ခေါ် လှလှတင် ဖြစ်သည်။

"အို... ဘယ်မှ မသွားရင် ပျင်းစရာကြီးပေါ့၊ မေရီ မမတို့နဲ့ လိုက်မလား"

လှလှတင်သည် မျက်တောင်ကို စုံခတ်ရင်း မေရီ့အား ကလေးငယ်ကို စူးစမ်းသည့်ဟန် စိုက်ကြည့်နေသည်။ နောက် အသံကို နှိမ့်ကာ တိုးတိုးဆက်ပြောသည်။

"ဒီညနေမှာ ပါတီတစ်ခု ရှိတယ်၊ သိပ်ပျော်ဖို့ ကောင်းမယ်၊ မေရီ လိုက်ခဲ့ပါလား"

mgyoe.com

mgyoe.com

"နေပါစေ မမ၊ ကျေးဇူးတင်ပါတယ်၊ မေရီ နည်းနည်း နေမကောင်းလို့ပါ"

"အို... နေမကောင်းရင် ဟိုကျ လန်းသွားမှာပေါ့၊ အဝတ်အစား လဲချေပါလား၊ မမတို့ စောင့်နေမယ်။ သင်သင်တောင် လိုက်မှာ၊ သူ မပြီးသေးလို့ မမ ခု စောင့်နေတာပေါ့"

ခါတိုင်းဆိုလျှင် မေရီသည် ဤအခွင့်အရေးမျိုးကို ငြင်းမိမည် မသေချာချေ။ သို့ရာတွင် ယနေ့မူ ဘာကြောင့် မသိ၊ မေရီမှာ စိတ်တက်ကြွခြင်း မရှိလှ။

"နောက်တစ်ခါမှပဲ လိုက်ပါ့မယ် မမရယ်၊ ပြီးတော့ ခု မေရီ့ကိုလဲ ဘယ်သူကမှ ဖိတ်တာလဲ မဟုတ်..."

မေရီကသာ လှလှတင်၏ ကိုယ်မှ ပျံ့ထွက်လာသော ဂိုယာရေမွှေးနံ့ကို ရှူရှိုက်ရင်း ငြင်းသည်။ လှလှတင်ကမူ ရယ်စရာ မရှိဘဲ အသာရယ်လိုက်သည်။

"ဪ... မေရီနှယ်... မမ ဖိတ်ရင် ဖိတ်တာပဲပေါ့၊ ပြီးတော့ ဟိုမှာလေ မမ ကာဇင် တော်တယ်။ အတွင်းဝန် ဦးအုန်းညွန့် သားပေါ့၊ ဟင်နရီညွန့်လို့ ခေါ်တယ်၊ ဒီနေ့ ပါတီမှာ သူ ဒကာပေါ့။ သူက မေရီနဲ့ သိပ်သိချင်လို့ မိတ်ဖွဲ့ပေးဖို့ မမကို ပူဆာနေတာ ကြာပြီ၊ ဘီအေ ဂုဏ်ထူးတန်းသမားပဲ မေရီ၊ မေရီ ပါလာရင် သူ သိပ်ဝမ်းသာမှာပဲ"

လှလှတင်က ဟမ်းဘား ကားစိမ်းဘေးမှ လူရွယ်အား ညွှန်ပြရင်း လေရှည်ကြီး ပြောနေသည်။

"ကျေးဇူးတင်ပါတယ် မမ၊ ဒါပေမဲ့ ဒီနေ့ မေရီ တကယ် နေမကောင်းလို့ပါ"

လှလှတင်က မျက်ခုံးနှစ်ဖက်ကို အသာတွန့်လိုက်ကာ– "ဘာလဲ" ဟု အဓိပ္ပာယ်ပါပါ မေးလိုက်ပြီး မေရီ၏ နားနားကပ်၍ တစ်စုံတစ်ခု မေးလိုက်သည်။

"ဟုတ်တယ် မဟုတ်လား"

"အို... မမကလဲ၊ မဟုတ်ပါဘူး၊ မေရီ ခေါင်းမူးနေလို့ပါ"

မေရီ့ မျက်နှာကလေးမှာ ရှက်သွေးဖြင့် နီရဲနေသည်။ လှလှတင်အားလည်း မုန်းသလို၊ အထင်သေးသလို ဖြစ်သွားမိသည်။

လှလှတင်ကသာ ဣန္ဒြေမပျက် ဆက်ပြောနေသည်။

"ဒါဖြင့် ရှိပါစေတော့လေ၊ နက်ဖြန်တော့ ပစ်ချသွားမယ်၊ မေရီ လိုက်ခဲ့ရမယ်နော် ဒါပဲ"

mgyoe.com

မေရီမှာ ဆက်ငြင်းရန် မကောင်းတော့သဖြင့် ခေါင်းညိတ်လိုက်ရတော့သည်။

မလှမ်းမကမ်းရှိ အခန်းတစ်ခုအတွင်းမှ အသားမည်းမည်း၊ အကျႌထူ၊ ထဘီထူနှင့် မျက်နှာထားတင်းသော ကျောင်းသူတစ်ဦးက ထွက်လာ၍ မေရီတို့အား တစေ့တစောင်း ကြည့်နေသည်။ မရှေးမနှောင်းပင် စကြံအချိုးကို လွန်၍ လှလှတင်ကဲ့သို့ပင် ဖြီးလိမ်းပြင်ဆင်ထားသော ကျောင်းသူငယ်ငယ်တစ်ဦး ပေါ်လာသည်။ လှလှတင် ပြောသော သင်သင်ပင် ဖြစ်၏။

သင်သင်၏ မျက်နှာကလေးမှာ သွယ်သွယ်နှင့် နုနုနယ်နယ်ပင် ဖြစ်ချေသည်။ ဖြူဝင်းစိုပြည်သော အသားလေးမှာ ရင်နေ၊ ခါးကျ သွယ်နှောင်းလှသည့် ကိုယ်ကြော့ကြော့ပေါ်၌ ဆင်ထားသော အစိမ်းနုရောင် ပိုးထဘီ၊ နိုင်လွန် အကျႌဖြူ တို့နှင့် ပန်ဟပ်ကာ လန်းဆန်းလတ်ဆတ်နေ၏။ သင်သင်၏ မျက်နှာလေးသည် ချောမောသော်လည်း မိမိကိုယ်အား မိမိ ယုံကြည်စိတ်ချခြင်း မရှိသေးသည့်ဟန်၊ ပတ်ဝန်းကျင်အား ဂရုပြုလွန်းသည့် သဏ္ဍာန်တို့ကို ဖော်ပြနေသည်။ လည်ပင်း၌ ဆွဲထားသော သေးကျဉ်သည့် ရွှေဆွဲကြိုးလေးမှတစ်ပါး မည်သည့် ရတနာကိုမျှ ခန္ဓာကိုယ်၌ ဆင်ယင်မထားသည်ကို ထောက်၍လည်းကောင်း၊ အမူအရာမှ ထင်ရှားသည့် ကျို့ယို့ခြင်းကို ထောက်၍ လည်းကောင်း သင်သင်မှာ ချမ်းသာလှသော မိဘများမှ ပေါက်ဖွားလာသူ မဟုတ်ကြောင်း ရိပ်မိနိုင်သည်။

သင်သင် အနားသို့ ရောက်သောအခါ လှလှတင်သည် မေရီ့အား နှုတ်ဆက်၍ သင်သင်နှင့်အတူ အောက်ထပ်သို့ ဆင်းသွားသည်။ မေရီကမူ သူတို့နှစ်ဦး အပြင် အောက်ထပ်မှ စောင့်နေသော အခြားကျောင်းသူ တစ်ဦးတို့ ဟင်နရီညွှန့်၏ ကားနှင့် ထွက်ခွာသွားသည်ကို ငေးငေးလေး ကြည့်နေမိသည်။

"အင်း... သမင်မပျိုနဲ့ မုဆိုးကြီး သောနုတ္တိုရ်ဂိုတော့ ချိုင့်သွင်းပေးမယ့် တောခြောက်သူတွေနဲ့အတူ သပြေလား... ရေလား သွားလေရဲ့"

မနီးမဝေးတွင် ရပ်နေသော အသားမည်းမည်းနှင့်ကျောင်းသူက လေးလေး နက်နက် မှတ်ချက်ချသည်။ သူ့နာမည်မှာ တုတ်တုတ် ခေါ်၍ ဆတ်ဆတ်ကြဲ နိုင်ငံရေးကျောင်းသူတစ်ဦးမှန်း မေရီက သိထားပြီး ဖြစ်သည်။

မေရီသည် တုတ်တုတ်၏ မှတ်ချက်ကို ဘာမှ ပြန်မပြောဘဲ ခပ်လှမ်းလှမ်းမှ မိမိကဲ့သို့ပင် ထွက်သွားသော ကားစိမ်းအား ကြည့်ရင်း ညင်သာစွာ လျှောက်လာ

mgyoe.com

mgyoe.com

သည့် ဆရာမ တစ်ဦးကိုသာ လှမ်းပြုံး နှုတ်ဆက်လိုက်သည်။ ထိုအခိုက်တွင်ပင် မေရီသည်သင်သင်တို့လူစုအား ဂရုပြုနေသော အခြားကျောင်းသူများလည်း ရှိသေးကြောင်း သတိထားမိသည်။

အခန်း၀တစ်ခုမှ နေ၍ ငြိမ်းသည် ထူထဲလှသော မျက်မှန် နှစ်ကွင်းကို ခွင်းကာ လည်းကောင်း၊ မိမိ၏ အခန်းရှေ့မှ ဘယ်အချိန်က လူစုကွဲပြီးခဲ့သည် မသိ။ ပဂ္ဂ၀မ်းမှာလည်း မျက်လုံးကျဉ်းကျဉ်းကလေးများကို စိုက်၍ လည်းကောင်း မိမိနည်းတူပင် ကားစိမ်း၏ နောက်မြီးကို ငေးလျက် ကြည့်နေကြသည်။

ဆရာမက စကားမဆိုဘဲ အေးချမ်းတည်ငြိမ်စွာဖြင့် မေရီ၏ ဘေးတွင် ဝင်ရပ်သည်။ ဘာစိတ်ကူးရသည် မသိ။ ငြိမ်နေရာမှ ငြိမ်းသည်–

"ထွက်ပြေးချင်တယ်... ထွက်ပြေးချင်တယ်"

ဟု အော်ရင်း ခုန်မလို ပေါက်မလိုနှင့် မေရီတို့ဘက်သို့ ထွက်လာသည်။

"ဟော့ ငြိမ်း... ဘာအရူးထလာတာလဲ၊ ဘယ်က ထွက်ပြေးချင်တာလဲ"

ပဂ္ဂ၀မ်းက ငြိမ်း၏ လက်ကလေး တစ်ဖက်ကို ဆွဲယူ တားထားရင်း မေးသည်။

"ဒီလောကကြီးထဲကပေါ့၊ ဒီကျဉ်းမြောင်းတဲ့ ကမ္ဘာကြီးကနေ ဟိုအပြင်ဘက် ဘာမှမရှိတဲ့ လဟာပြင်ကို"

ငြိမ်း၏ စကားကြောင့် မေရီနှင့် ဆရာမမှာ အသာပြုံး၍ ပဂ္ဂကမူ အားရပါးရ အော်ရယ်လိုက်သည်။

"မင်းတို့ ကဗျာဆရာမတွေဟာ သိပ်စိတ်ကူးယဉ်တာပဲ"

ပဂ္ဂက ဆက်လက် မှတ်ချက်ချနေသဖြင့် မေရီမှာ ကဗျာဆရာမ ဆိုသော ငြိမ်းအား အံ့သြစိတ်နှင့် တွေတွေလေး ငေးကြည့်နေမိသည်။ နံနက်က ငြိမ်းကိုင်ထားသော စာအုပ်ထူကြီးကို သတိရမိရာမှ မျက်မှန်ထူနှင့် ကျောင်းသားအားလည်း အမှတ်ရလာသည်။

ငြိမ်း၏ သဏ္ဌာန်မှာ ပြန်လည်တည်ငြိမ်သွားကာ မပြုံးတပြုံးနှင့် –

"အလိုလို ကြွေကာကျမှကွယ်၊ မြေ၀ယ်ကိုသာ မခယဖွယ်"

ဟူသော တေးအလိုက် လေချွန်ရင်း ရပ်နေသည်။

ဆရာမကမူ ကျောင်းသူလေး သုံးဦးအား ကြည့်ရင်း အသာပြုံးနေသည်။

"မမနွဲ့... မော်တော်ကား ဆိုတဲ့ အဓိပ္ပာယ် သိလား"

mgyoe.com

ပဂ္ဂိက ဆရာမအား လှမ်းမေးသည်။

"မသိပါဘူးကွယ်"

"ပဂ္ဂိ ကြီးတော်တစ်ဦးကို ဘယ်ဘုန်းကြီးက ဆိုလဲ မသိဘူး၊ ပြောပြတယ်တဲ့။ မော်တော်ကား ဆိုတဲ့ အမိပ္ပာယ်က မော်တာတွေ တော်ရင် တော်၊ မတော်ရင် ကားကုန်လိမ့်မယ်တဲ့"

ဆရာမနှင့် ကျောင်းသူ နှစ်ဦးမှာ ကြဲကြဲဖန်ဖန် ပြောသော ပဂ္ဂိကြောင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောမိသည်။

ဆရာမနွဲ့နွဲ့က တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးဟန်နှင့် တွေးနေပြီးမှ မေးလိုက်သည်။

"မေရီတို့ စစ်မဖြစ်ခင်တုန်းက ဦးသိန်းဖေမြင့် ရေးတဲ့ သပိတ်မှောက်ကျောင်းသား ဆိုတဲ့ ဝတ္ထုကို ဖတ်ဖူးလား"

ကျန်နှစ်ယောက်က ခေါင်းခါကြ၍ ငြိမ်းကသာ ဖြေသည်။

"ဖတ်ဖူးပါတယ် မမ၊ နှစ်တွဲတောင်လေ... ဘာဖြစ်လို့လဲ"

"ပြီးတော့ စစ်ပြီးခေတ် ပဒေသာမဂ္ဂဇင်းမှာ ပါတဲ့ သုမောင် ရေးတဲ့ အပွင့်ဆိုတာကော..."

ဤအကြိမ်မူ သုံးဦးစလုံး ခေါင်းညိတ်ကြသည်။

"ဘာမှ မဖြစ်ပါဘူးကွယ်၊ သပိတ်မှောက် ကျောင်းသားထဲက ကျူတာဘသိန်းတင်လို လူမျိုးတွေဟာ ဘယ်ခေတ်မဆို ရှိတတ်ပြီး ကျောင်းသူလေးတွေဟာလဲ သုမောင်ရဲ့ အပွင့်မျိုးလေးတွေ မဖြစ်အောင် ရှောင်နိုင်တတ်ပါစေလို့ မမနွဲ့ဆုတောင်းမိတယ်"

နွဲ့နွဲ့က သက်ပြင်းလေး ရှိုက်ရင်း မှတ်ချက်ချသည်။

"ငြိမ်းတို့တော့ ကိုညို့ထွန်းလိုလူ ရှာပြီး ထား လုပ်မယ်"

ငြိမ်းက မရယ်မပြုံးနှင့် ဝင်ပြောသည်။

"ပဂ္ဂိတို့တော့ ဆရာဇဝနရဲ့ ကိုသိန်းဖေလိုလူ ရှာပြီး မအေးစိန် လုပ်မှာပဲ။ မေရီကတော့ မသန်းမြင့်လို့ နာမည်ပြောင်းပြီး ကျော်ဝင်းကို လိုက်ရှာပေါ့"

နွဲ့နွဲ့က ဘာမျှ မပြောဘဲ ကလေးဆိုးလေးများနှင့် တူသော သူတို့နှစ်ယောက်အား ချစ်စနိုး ပြုံးကြည့်နေသည်။

ထိုစဉ် ကျောင်းဆောင်ဝ၌ လူပိန်နွဲ့နွဲ့ ရွှေကိုင်းမျက်မှန်၊ ဘန်ကောက်လုံချည်၊ တိုက်ပုံအင်္ကျီနှင့် လူရွယ်တစ်ဦး ပေါ်လာသည်။

mgyoe.com

mgyoe.com

"ဟော ဟိုမှာ ငြိမ်း… အချိန်မှန်ကြီး ဆိုက်လာပြီ၊ သွားပေတော့"

ပဂ္ဂိက ပြောလိုက်သဖြင့် ငြိမ်းသည် သက်ပြင်းရှိုက်ခြင်းပြု၍ ညည်းလိုက်သည်။

"အင်း… ဤလဲ တစ်ဒုက္ခပဲ၊ ကဲလေ… တက်ချည် ဆင်းချည်နဲ့ ဒရဝမ်ကြီး ညောင်းနေဦးမယ်၊ ငြိမ်း သွားတွေ့လိုက်ဦးမယ်"

"သူက ဘယ်သူလဲ ပဂ္ဂိ"

ငြိမ်း ထွက်သွားမှ မေရီက မေးသည်။

"စာရေးဆရာ ဆိုလား… ပြည်သူ့ကဗျာဆရာ ဆိုလား မသိပါဘူး။ ငြိမ်းဆီ အချိန်မှန်မှန် လာဂေါ်နေတာပေ့ါ၊ အင်းစိန် ဘတ်စ်ကားထက် အချိန်မှန်လို့ သူ့ကို အချိန်မှန်ကြီးလို့ ပဂ္ဂိတို့က နာမည်ပေးထားတယ်"

မေရီသည် နေရာတကာ သိလွန်းသော ပဂ္ဂိဝမ်းအား စိတ်တွင်း၌ အံ့သြရင်း ငြိမ်နေမိသည်။ နွဲ့နွဲ့ကလည်း အင်းလျားကန် ကျွန်းဆွယ်များဆီမှ စိမ်းလန်းသော တောတန်းများအား ငေးကြည့်နေ၏။

"ဟော… အိမ်က ကားလာပြီ ပဂ္ဂိသွားတော့မယ် မမ၊ မေရီသွားမယ်နော်"

ကျောင်းဆောင်အတွင်းသို့ ကွေ့ဝင်လာသော ဂျစ်ကားတစ်စီးကို မြင်သဖြင့် ပဂ္ဂိသည် ဆရာမနှင့် သူငယ်ချင်းတို့အား နှုတ်ဆက်ကာ ကလေးငယ်သဖွယ် မြူးထူးပြေးလွှား ပျောက်ကွယ်သွားသည်။

"ပဂ္ဂိလေးဟာ သွက်လက်ချက်ချာပြီး ချစ်ဖို့ကောင်းတယ်နော် မေရီ"

နွဲ့နွဲ့က မှတ်ချက်ချသည်။ မေရီကမူ စောစောက ပဂ္ဂိ ပြောခဲ့သော စကားတစ်ရပ်ကို ပြန်အမှတ်ရနေသည်။

"ကိုလှဝေက တိတ်တိတ်ပုန်း အဆွေးသမားကြီးပေ့ါ၊ မမနွဲ့ ကြောင့်ပေ့ါ"

မေရီသည် နွဲ့နွဲ့အား စူးစမ်း အကဲခတ်ကြည့်မိသည်။

နွဲ့နွဲ့မှာ နာမည်နှင့် လိုက်အောင်ပင် ပျောင်းနွဲ့ ပြေပြစ်သည်။ အရပ်မှာ သာမန်မိန်းကလေးများထက် ပိုမို ရှည်သွယ်သော်လည်း ပြည့်အိသော ကိုယ်၏ အဝန်းနှင့် လိုက်ဖက်ရုံ ရှိသည်။ တောင့်တင်းသည်လည်း မဟုတ်။ ပျော့ညွတ်သည် လည်း မဟုတ်။ နွဲ့နှောင်းရုံသာ ဖြစ်သော နွဲ့နွဲ့၏ သဏ္ဌာန်တစ်ခုလုံးမှာ ယဉ်ကျေး မွန်ရည်ခြင်းနှင့် ခံ့ညားသိမ်မွေ့မှုတို့ ရောယှက် ပေါ်လွင်နေသည်။ ရွှေဝါရည် ရိပ်ရိပ် ပြေးသော အသားဝင်းဝင်းနှင့် နှာတံသွယ်၊ မျက်လုံးကြည်လျက် မျက်တောင်ကော့

mgyoe.com

SAMPLE BOOK

သော နွဲ့နွဲ့မှာ လှခြင်းထက် လွန်သော ကျက်သရေ ရှိသည်ဟု မေရီက ထင်သည်။ နက်မှောင်သန်စွမ်းသည့် ဆံပင်ကို အမောက်မလုပ်ဘဲ ရိုးရိုးလေး ဖြီးထုံးထားတတ်သောကြောင့်ပင် တည်ကြည်သော မျက်နှာမှာ ပို၍ သိက္ခာပြည့်နေ၏။ လမ်းလျှောက်ဟန်မှာ ညင်သာ၍ အသံမှာ ကြည်လင်သမျှ တိုးညင်းပြီး အပြုံးမှာ ကြင်နာမှု ပြည့်သော စိတ်ဓာတ်ကို ထာဝစဉ် ပြနေသည်။ နွဲ့နွဲ့နှင့် ရင်ဆိုင်ရသောအခါ ခံစားရသည့် အေးချမ်းမှုဝေဒနာကို မေရီသည် အခြားသူတစ်ဦးနှင့် ရင်ဆိုင်ရစဉ်ကလည်း ခံစားဖူးသယောင် ရှိသည်ဟု ရေးရေး တွေးထင်မိသည်။

မေရီ၏ စိတ်ထဲတွင် တည်ကြည်ချောမောသော ကိုလှဝေနှင့် ခံ့ညားတင့်တယ်သော နွဲ့နွဲ့တို့အား တွဲဖက် ကြည့်စမ်းနေမိသည်။ ကိုလှဝေ ဆွေးနေရသည်မှာ မမနွဲ့ကြောင့် ဆိုသဖြင့် သူတို့နှစ်ဦး၏ မနီးစပ်နိုင်သော အကြောင်းကို မေရီသည် ရှာဖွေကြည့်နေမိသည်။ ပက္ကိ ပြောသကဲ့သို့ ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးဖြစ်နေသူမို့ ကိုလှဝေအား ရူပဗေဒနည်းပြ ကထိက ဆရာမ နွဲ့နွဲ့သည် အဆင့်အတန်း မတူ၍ ရက်စက်လေမည်ကိုမူ ကြင်နာတတ်သူ နွဲ့နွဲ့အကြောင်း သိသည်ဖြစ်သဖြင့် မေရီမှာ မထင်ရဲချေ။ တစ်ပါး နှစ်သက်သူ ရှိနှင့်ပြီး၍ ဆိုရမှာလည်း နွဲ့နွဲ့ထံ မည်သည့် ယောကျ်ားလေးမျှ မှန်မှန်လာမလည်သည်ကို မေရီ သတိပြုမိပြီး ဖြစ်သည်။

မေရီသည် အတွေးလွန်နေမိသည်ကို အနားတွင် တုတ်တုတ် လာရပ်မှ အစသတ်လိုက်ရသည်။

"မေရီ... ဘယ်မှ မလည်ဘူးလား"

တုတ်တုတ်က မေးသည်။

"မလည်ပါဘူး တုတ်တုတ်၊ မေရီ သိပ်နေမကောင်းဘူး"

"နေမကောင်းရင် မမ အခန်းမှာ ဆေးတွေ ရှိတယ်၊ သွားယူပေးမယ် မေရီ"

နွဲ့နွဲ့က ကြင်နာစွာ ဝင်ဆိုသည်။

"နေပါစေ... မမနွဲ့၊ မေရီ ငြီးစီစီ ဖြစ်နေတာပါ။ တော်တော်ကြာ ပျောက်သွားပါလိမ့်မယ်။ ဒါထက် မမနွဲ့ကော စနေ၊ တနင်္ဂနွေတွေမှာ မလည်ဘူးလား"

"အထူးတော့ မလည်ပါဘူး မေရီ၊ လည်လဲ သိပ်မလည်ချင်ပါဘူးလေ၊ ဒါပေမဲ့ တနင်္ဂနွေနေ့ဆိုရင် မမ ပီယာနို သွားသွားတီးတတ်တာပဲ ရှိတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"အို... မမနွဲ့ ပီယာနို တီးတတ်တယ်"

"ဟုတ်တယ် မေရီ၊ ဘာပြုလို့လဲ"

"သြော်... မမနွဲ့က ရူပဗေဒ ဆိုတော့ အနုပညာမှာ ဝါသနာပါတာ အံ့သြလို့ပါ"

နွဲ့နွဲ့က အသာအယာ ရယ်မောလိုက်သည်။

"မမနွဲ့အထင်တော့ ဂီတပညာကို နားလည်မှ လူတစ်ယောက်ရဲ့ ပညာတတ်မှုဟာ ပြည့်စုံတယ်လို့ ထင်တယ်"

နွဲ့နွဲ့သည် အေးချမ်းစွာ ဆိုသည်။

"ဟာ... ဒါတွင်ဘယ်ကမလဲ မမနွဲ့၊ တုတ်တုတ် အမြင်မှာတော့ ဂီတဟာ လူမှုဆက်ဆံရေးနဲ့ လူထုကို ပညာပေးတဲ့ နေရာမှာ အင်မတန် ထိရောက်တဲ့ လက်နက်ပေါ့။ တုတ်တုတ်တော့ မတတ်ပါဘူး။ ဒါပေမဲ့ ဝါသနာ ပါပါတယ်"

"ဝါသနာပါရင် ကောင်းပါတယ် တုတ်တုတ်။ အနုပညာပဲ၊ သိပ္ပံပညာပဲ ဆိုပြီး ခွဲခြားကြတာကလဲ ခုခေတ်မှပါ။ ပညာသဘောကတော့ တပေါင်း တစည်းတည်းပါ၊ ခေါမခေတ် ပညာရေးမှာ တခြားဟာတွေ အပြင် ဂျင်မနာ့စတစ် ကာယပညာနဲ့ မြူးဇစ် ဂီတပညာကိုပါ မယူမနေရ ထည့်သွင်းထားတယ်။ ဂျာမန် သိပ္ပံပညာရှင်တွေ မှန်သမျှဟာ ဂီတကိုပါ တတ်ကြတယ်။ ရှေးတုန်းက ပါမောက္ခ ဟင်းမ်ဟောဇ်တို့ ဆိုရင် တကယ့်ဂီတသမားကြီးပေါ့၊ ပါမောက္ခ အိန်းစတိန်းဟာလဲ အားရင် တယောပြားလေးနဲ့ အချိန်ကုန်တတ်တာပါပဲ။ စိတ်ပညာဌာနက မမတို့ မိတ်ဆွေပေါ့လေ၊ ဒေါက်တာဦးမြင့်သူ ပြောပြဖူးတယ်၊ ဂျာမန်ပါမောက္ခ ဝသိုင်းမားဟာ စိတ်ပညာဥပဒေ တစ်ခုကို ပီယာနို တီးပြီး ရှင်းပြဖူးသတဲ့"

ငြိမ်နားထောင်နေသာ မေရီ၏ ရင်လေးမှာ ဒိတ်ခနဲ ခုန်သွားသည်။

"မမ... ဆရာဦးမြင့်သူနဲ့ ခင်သလား"

မေရီ၏ အသံလေးမှာ မသိမသာ တုန်နေ၏။

"ဆရာဦးမြင့်သူရယ်... မမရယ်... နောက် ကိုလှဝေ ဆိုတာ တစ်ယောက် ရှိသေးတယ်၊ ငယ်ငယ်ကတည်းက ပြည်မှာ ကျောင်းအတူနေခဲ့ကြတာပေါ့၊ ဆရာကတော့ မမတို့ထက် ကျောင်းရောက်တာ နည်းနည်းစောတယ်။ မမ အခု ပီယာနို တီးချင်ရင် သူ့အိမ် သွားတီးတာပဲ"

mgyoe.com

ကိုလှဝေ၏ အမည်ကို ပြောရာ၌ နွဲ့နွဲ့၏ အသံမှာ အနည်းငယ် လေးသွားသည်။ နောက် စကားမဆက်တော့ဘဲ တစ်စုံတစ်ခုကို တွေးဟန် ငေးနေသည်။ ခဏချင်းပင် ပြန်ပြုံးကာ မေရီအား မေးလိုက်သည်။

"မေရီကော ဝါသနာမပါဘူးလား"

"မေရီ ပီယာနိုတော့ သိပ်မတီးတတ်ပါဘူး၊ မေရီ့ မမက ပိုတီးတတ်တယ်။ မေရီက အဆိုတော့ ကြိုးလေး၊ ဘွဲ့လေးလောက်အထိတော့ တက်ဖူးပါတယ်။ ပတ်ပျိုးနဲ့ ယိုးဒယားတော့ မနိုင်သေးဘူး"

မေရီက တုန်နေသော အသံကို ထိန်းရင်း ဖြေသည်။

နွဲ့နွဲ့က မေရီ့အား တွေတွေ တစ်ချက် ငေးကြည့်လိုက်သည်။

"မေရီ့မမ မေဘယ်လ် မဟုတ်လား၊ မေရီနဲ့ မျက်နှာချင်း သိပ်ဆင်တယ်"

မေရီ့ ရင်ခုန်သံမှာ ပိုမြန်လာသည်။ ဘာကြောင့် မသိ၊ နွဲ့နွဲ့အားလည်း မကြည့်ရဲသဖြင့် မျက်နှာလွှဲလိုက်မိသည်။

"မနက်ဖြန်လဲ မမ ပီယာနို သွားတီးမလို့၊ တုတ်တုတ်နဲ့ မေရီ လိုက်ခဲ့ပါလား"

မေရီက နွဲ့နွဲ့၏ မျက်နှာအား ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ နွဲ့နွဲ့၏ အေးချမ်းသော မျက်လုံးအစုံက မိမိ၏ ရင်အား စာဖတ်ကြည့်နေသည် ထင်၏။

"ဟုတ်တယ် ... မေရီ လိုက်ခဲ့ပါလား၊ တုတ်တုတ်လဲ လိုက်မယ်"

ခုမှ မေရီက လှလှတင် ဖိတ်ကြားချက်ကို သွားသတိရသည်။

"နောက်တော့မှပဲ လိုက်ပါ့မယ် မမနွဲ့ရယ်၊ နက်ဖြန် မေရီ သွားစရာ ရှိသေးတယ်"

သုံးဦးသား စကားမဆိုဘဲ ခေတ္တငြိမ်နေမိကြသည်။

"ဪ... ခုနက မေရီ ခေါင်းမူးတယ် ပြောတယ်၊ ကန်စောင်း လမ်းလျှောက်ကြရအောင်လား၊ တုတ်တုတ်လဲ လိုက်ခဲ့လေ"

နွဲ့နွဲ့က ရှေ့ဆောင်ခေါ်ငင်သဖြင့် မေရီမှာ ဘာမျှ ပြန်မပြောတော့ဘဲ သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

လမ်းသာ လျှောက်ခဲ့ရသည်။ မေရီ့ ရင်မှာ အတွေးတို့ဖြင့် ရှုပ်သထက် ရှုပ်လာသည်။

"ဆရာဦးမြင့်သူရယ်... မမရယ်... နောက် ကိုလှဝေရယ်... ပြည်မှာ ကျောင်း အတူနေခဲ့ကြတာပေါ့"

mgyoe.com

mgyoe.com

နွဲ့နွဲ့၏ ဤစကားရပ်များက မေရီ၏ နားတွင် ပဲ့တင်ထပ်နေသည်။ ထိုခဏတွင်ပင် မေရီက အတွေးတစ်ခု ပေါက်မိ၍ ထိတ်လန့်သွားသည်။ ဆရာဦးမြင့်သူနှင့် နွဲ့နွဲ့မှာ ဘယ်အထိ ရင်းနှီးလေသနည်း။ ကိုလှဝေနှင့် နွဲ့နွဲ့တို့၏ စပ်ကြားမှ အတားအဆီးသည်...

မေရီသည် ဆက်မစဉ်းစားတော့ဘဲ တစ်စုံတစ်ခုအား ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။ ခေါင်းလေးမှာ မော့လာ၍ မျက်နှာလေးမှာ ကြည်လာသည်။

"ဟေး... မေရီ၊ ဘာတွေ အတွေးလွန်လာလဲ"

တုတ်တုတ်က မေးသည်။ မေရီသည် တုတ်တုတ်၏ အမေးကို မဖြေ။ နွဲ့နွဲ့ဘက် လှည့်၍ ပြောလိုက်သည်။

"မမနွဲ့... မနက်ဖြန် မေရီ သွားစရာရှိတဲ့ဆီ မသွားတော့ဘူး"

ရုတ်တရက် ပြောင်းလဲ ပြောလိုက်သည်မို့ နွဲ့နွဲ့မှာပင် အံ့အားသင့်သွားကာ မေရီ့အား မော့ကြည့်လိုက်သည်။

"မနက်ဖြန် မမနွဲ့ ပီယာနို သွားတီးရင် မေရီလဲ လိုက်မယ်"

မေရီ၏ အသံလေးမှာ ဤအကြိမ်တွင်မူ တုန်ယင်ခြင်း မရှိတော့။

အံ့သြခြင်း ပြေပျောက်သွားသော နွဲ့နွဲ့ကသာ မေရီ့အား တစ်ချက်ပြုံးပြုံးလေး ကြည့်ပြီး အေးချမ်းစွာ ခေါင်းညိတ်လျက် နူးညံ့စွာပင် မှတ်ချက်ချလိုက်သည်။

"ကောင်းတာပေါ့ မေရီ... မမနွဲ့တို့ အသိုက်အဝန်းမှာ ချစ်စရာ ညီမလေး တစ်ယောက် တိုးတာပေါ့"

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၆)

အပြင်ဘက်တွင် လရောင်သည် ရွှန်းမြမြ ကျနေ၏။

ကိုမြင့်သူသည် ဖတ်နေသော ပါမောက္ခကွန်ကလင်၏ 'လူငယ် စိတ်ပညာ ဆိုင်ရာ အခြေခံမူများ' ဟူသော ကျမ်းအား စားပွဲပေါ် ချထားခဲ့လျက် ပြတင်းဝမှ နေ၍ လရောင်၌ စိမ်းစိုနေသည့် မိုးရာသီ၏ ပင်ပျိုများအား ခေတ္တ ငေးကြည့်လိုက် သည်။ ရှုပ်ထွေးလျက်ရှိသော ဦးနှောက် အတန်ကြည်သည့်အခါ စာကြည့်စားပွဲမှ မီးအား ငြိမ်းလိုက်ပြီး မျက်နှာကြက်မှ မီးပွင့်ကို ဖွင့်လိုက်၍ စီးကရက်တစ်လိပ်ကို ထုတ်ယူဖွာညှိကာ အနီးရှိ ပက်လက်ကုလားထိုင်တွင် လဲလျောင်းထိုင်ရင်း မသတ် နိုင်သည့် အတွေးကို ဆက်နေမိသည်။

စိတ်ပညာရှင်တစ်ဦးလည်း ဖြစ်၍ လူငယ်စိတ်လည်း မပျောက်သေးသူ တစ်ဦးအနေနှင့် လူငယ်ရေးရာများကို ထာဝစဉ် စိတ်ဝင်စားမိသည်။

ကျောင်းဆရာတစ်ဦး အနေနှင့် တပည့် လူငယ်၊ လုံမငယ်များအား မိုးဝယ် အညွန့်ထိုးလူလူနှင့် အားယူစ ပျိုးပင်ကလေးများ အဖြစ်သာ မြင်ထင်မိ သည်။ တန်ဖိုးလည်း ကြီးလှ၍ တန်ဖိုးလည်းကြီးစွာ ပြုစုပျိုးထောင်ခဲ့ရသော ဤ အညွန့်အဖူးလေးတို့ ထိုက်သည့် လျော်ညီသော ရေ၊ မြေ၊ မိုး၊ လေ ပတ်ဝန်းကျင် အခြေအနေ ရှိကြလျက် ငွားစွင့်သန်စွမ်း၊ ဖူး ပွင့် သီး ငုံ လန်းကြရန် ဥယျာဉ်မှူး၏

mgyoe.com

mgyoe.com  SAMPLE BOOK 

စေတနာနှင့် ကြောင့်ကြမှုမှာ ရင်၌ မပြတ်တမ်း ခိုတွဲနေသည်။ အခြေအနေအရပ်ရပ် ညီညွတ်မျှတလင့်ကစား ရှေးစာ၌ ဆိုသကဲ့သို့ 'ဆစ်ပိုး' ကိုယ်မနိုင်လို့ ဖူးခိုင်က ညှိုး တတ်ပေသေးသည်။ ယခုမူ မိမိ၏ ပျိုးပင်ငယ်တို့၏ ကိုယ်တွင် ဝင်စွဲခဲ့ပြီ ဖြစ်သော 'ဆစ်ပိုး' တို့ကို မချိုသော်လည်း ရှိနေသဖြင့် မကြည့်ချင် မြင်လျက်သား အထင်အရှား တွေ့နေရပြီ။ ဤဆစ်ပိုးမှာ ပျိုးကိုသာ မကိုက်၊ အနာဂတ်မျိုးကိုပါ ခိုက်မည့် တာဝန်မဲ့ နိုင်ငံရေးဆစ်ပိုးတည်း။

မိမိအနေနှင့် မည်သူ့အားမျှ အပြစ်မတင်လို။ အပြစ်တင် စွပ်စွဲခြင်းဖြင့် ပေါ်ပေါက်နေသော ပြဿနာမှာလည်း ဖြေရှင်းသွားလိမ့်မည် မဟုတ်။ ဒေါသ မာန အာဃာတနှင့် ဂိုဏ်းဂဏစွဲတို့ဖြင့် ဖော်စပ်ထားသော ဖြေဆေး အယောင်ဆောင် အဆိပ်ဆေးတို့မှာ စွဲနေသော ရောဂါအား ပိုသာလျှင် သည်းစေလိမ့်မည်။

ကျောင်းသားလူငယ်တို့၏ ပြဿနာမှာ နိုင်ငံ၏ ပစ္စုပ္ပန်ပြဿနာသာ မဟုတ်။ အနာဂတ် ရာဇဝင်အား တိုက်ရိုက် အကျိုးသက်ရောက် ထိခိုက်စေနိုင် သော ပြဿနာ ဖြစ်သည်။ ဤခေတ်၌ မှားသမျှကို ကျုံးလိမ့်ခံရမည် ဖြစ်သော အနာဂတ် လူသားတို့သည် မျက်မှောက်အခါ၏ တာဝန်ရှိသူ မှန်သမျှအား ကြောက်မက်ဖွယ် ကျိန်ဆဲကြလိမ့်မည်။ အနာဂတ်၏ သမိုင်းဆရာတို့သည်လည်း ဤတာဝန်ရှိသူတို့အား မညှာတမ်း ရှုတ်ချ မှတ်တမ်းတင်ပေလိမ့်မည်။

ပြဿနာအား ဖြေရှင်းရန်အတွက် နားလည်မှု၌ အခြေခံ စတင်ရန်ထက် သာသော ဆေးသည် မရှိ။ ကျောင်းသားလူငယ်တို့၏ ပြဿနာကို နားလည်ရန်မှာ အချိန်တန် စာအုပ်ပိုက်၍ သင်တန်းရှေ့ မတ်တတ်ရပ် ဟောပြောရင်း လေ့လာရုံနှင့် မရ။ ကျောင်းပရဝဏ်၏ အပြင်ဘက် ပန်ကာအောက်တွင် ထိုင်ရင်း အစီရင်ခံစာ များကို ဖတ်ရှုခြင်းဖြင့်လည်း မဖြစ်သေး။ ပြဿနာကို မိမိ ကိုးကွယ် ဖတ်ရှုနေသော လက်စွဲကျမ်းကြီးထဲမှ လက္ခဏာ ခွဲခြားရေး တရားသေစနစ်များအရ အမည်ပေးကာ မဟာလက်ဝဲခေတ်သစ် ဘိုးဘိုးအောင် အဂ္ဂရိတ်ဆေးများနှင့် ပေါက် ဖြေရှင်းနေရုံနှင့် လည်း မလုံလောက်။

လူငယ်တို့၏ အတွေးအကြံကို လူကြီးအမြင်နှင့်သာ ကြည့်၍ချည်း အပြစ် တင်ရုံနှင့် မပြီးသေး။ မိမိကိုယ်ကို လူငယ်၏ နေရာမှ ဝင်ကြည့်၍ လူကြီးတို့၏ လောကသည်လည်း စင်ကြယ်ပါ၏လောဟု ဆန်းစစ်ကြည့်ရန် လိုသေး၏။ လူငယ်

mgyoe.com

SAMPLE BOOK

တို့၏ မကျေနပ်မှု၊ ကန့်ကွက်မှုတို့အား ကိုယ်ချင်းစာနာ လက်ခံနိုင်၍ ဤ မကျေနပ်မှု၊ ကန့်ကွက်မှုတို့ လူငယ်တို့အလယ်တွင် မည်သို့စတင် ပေါ်ပေါက်လာသည်ကို ရှာဖွေ သုံးသပ်ရန်လည်း လိုပါ၏။ သို့ရှာဖွေ သုံးသပ်မှုပေါ်တွင် မှီ၍သာ ပြဿနာကို ဖြေရှင်းရပေမည်။ တစ်ခုတော့ ရှိ၏။ ဖြေရှင်းပေးရမည့် သူများမှာ တစ်ဖက်သတ် အမြင်သာ ရှိတတ်သည့် အမည်ခံ နိုင်ငံရေးသမားများတော့ မဖြစ်ထိုက်ချေ။

ကိုမြင့်သူက သက်ပြင်းရှိုက်လိုက်၍ တိုနေပြီဖြစ်သော စီးကရက်အား မီးသတ်ကာ ဆေးလိပ်ခွက်ထဲသို့ ထည့်လိုက်သည်။ ချထားသော စာအုပ်ကို ပြန်ကိုင်ကာ ဖတ်မည်ပြုစဉ် သူ၏ အဒေါ်ဖြစ်သူက အခန်းတွင်းသို့ ဝင်လာသည်။

"ဘယ့်နှယ်လဲ... စာကြည့်တုန်းပဲလား မောင်မြင့်သူ၊ အပြင်လေး ဘာလေး ထွက်ပါဦးလား"

အဒေါ်ဖြစ်သူ ဒေါ်စောရီက အနီးရှိ ခုတင်ပေါ်တွင် ဝင်ထိုင်ရင်း ဆိုသည်။

"ကျောင်းသားဘဝတုန်းကတော့လဲ စာမေးပွဲကြောင့် စာဖတ်ရ၊ ဆရာဖြစ်ပြန်တော့လဲ သင်ပြဖို့ဆို သာဆိုးသေးတယ်။ မင်းတို့ တူဝရီးနဲ့ ဒီစာအုပ်တွေ ဘယ်တော့ ကင်းပွါမလဲ မသိဘူး"

သူကမူ ဘာမျှ ပြန်မဖြေဘဲ အဒေါ်ဖြစ်သူကိုသာ ပြုံးကြည့်နေသည်။ ဦးလေးဖြစ်သူမှာလည်း တက္ကသိုလ်မှ ကထိကတစ်ဦး ဖြစ်သည်။ လူပျိုကိုယ် ဖြစ်၍ အိမ်လည်း မလိုသေးသဖြင့် ဦးလေးနှင့် အဒေါ်၏ အိမ်တွင်ပင် နေရသည်။ ဖခင်မှာလည်း ဆုံးခဲ့ပြီဖြစ်၍ မိခင်မှာလည်း တစ်ဦးတည်းသောသားနှင့်ပင် ခွဲ၍ စစ်ကိုင်းတောင်ရိုး၌သာ ဝိပဿနာလုပ်ငန်းနှင့် အနေများသဖြင့် မိခင်၏ ညီမ ဤအဒေါ်နှင့် ဦးလေးကိုပင် မိဘလုပ်၍ အေးအေးကုပ်ကုပ် နေခဲ့မိသည်။ သားသမီး မထွန်းကားသော ဦးလေးနှင့် အဒေါ်မှာလည်း တစ်ဦးတည်းသော တူအား တစ်ယောက်တည်းသော သားပမာ အရိပ်တကြည့်ကြည့်နှင့် ရှိနေကြရာသည်။

"စာကြည့်နေတာ မဟုတ်ပါဘူး ဒေါ်ဒေါ်၊ လူငယ်တွေအကြောင်း တွေးနေမိတာပါ"

"အဲဒီ မင်း တွေးတဲ့ လူငယ်တွေ အကြောင်းမှာ မင်းအကြောင်းကော ပါရဲ့လား"

"ဟာ... ဒေါ်ဒေါ်ကလဲ"

အဒေါ်ဖြစ်သူက ပြုံးရင်း သူ့အား ကြည့်နေသည်။ အဒေါ့် စကားဦး ဘယ်ဆီ လှည့်တော့မည်ကိုလည်း သူက သိပြီး ဖြစ်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

"နက်ဖြန် နွဲ့နွဲ့တစ်ယောက် လာဦးမလား"

စ,တော့ စ,ပေပြီ။

"လာမှာပေါ့ ဒေါ်ဒေါ်"

ဒေါ်စောရီက သူ့အား အဓိပ္ပာယ်ပါပါပင် ပြုံးကြည့်လိုက်၏။

"ဘယ့်နှယ်လဲ"

"ဘယ့်နှယ်မှ မလဲပါဘူး ဒေါ်ဒေါ်"

"မင်းတို့ကသာ ဘယ့်နှယ်မှ မလဲဘူးဆို ပေါ့နေ၊ လူကြီးတွေကတော့ မပေါ့နိုင်ဘူး"

"ခက်လိုက်တာ ဒေါ်ဒေါ်ရယ်"

"တို့က မခက်ပါဘူး၊ မင်းတို့ကသာ ခက်နေတာ၊ မင်းရော နွဲ့နွဲ့ရော မငယ်ကြတော့ဘူး"

"ဟော... ခုနကတော့ ကျွန်တော်လဲ လူငယ်ဆို"

"မင်း ဒေါ်ဒေါ့်ကို စကားလှည့်မယ် ကြံသလား မောင်မြင့်သူ"

"သြော်... ခက်ပြန်ပါပြီ ဒေါ်ဒေါ်ရယ်"

သူက အသာရယ်မောရင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာပြန်သည်။

"မင်း ဒီစီးကရက်တွေလဲ အသောက် မလျှော့နဲ့ ကြားလား"

"နို့... ဆေးတံသောက်ပါ့မယ် ဆိုတော့လဲ ဒေါ်ဒေါ်ကပဲ လူကြီးနဲ့ တူမယ်ဆို"

"တော်စမ်းပါ၊ မင်း ဆင်ခြေကြီးပဲ၊ မင်းကို နွဲ့နွဲ့နဲ့ မြန်မြန်နေရာချမှ အေးမှာပဲ"

အဒေါ်ဖြစ်သူက ကျားကျားမီးယပ် သူ လိုချင်သည်သာ ဖွတ်တွန်းနေသဖြင့် ကိုမြင့်သူမှာ ရယ်မော၍သာ နေလိုက်ရသည်။

"နေပါဦး... မင်းက နွဲ့နွဲ့ကို ဘာဖြစ်လို့ မကြိုက်ရတာလဲ"

"ဟာဗျာ... အဲဒါ ဘယ်လို ဖြေရပါ့မလဲ"

"နွဲ့နွဲ့မှာ မကြိုက်နိုင်စရာ ဘာရှိလို့လဲ"

"ကျွန်တော်က မကြိုက်ဘူး မပြောရပါလား ဒေါ်ဒေါ်"

"ဒါဖြင့် ကြိုက်တယ်ပေါ့"

"အို အို... မကြိုက်ဘူး မပြောတာနဲ့ ကြိုက်တယ်တော့လဲ ဘယ်ဟုတ်မလဲ ဒေါ်ဒေါ်ရယ်"

mgyoe.com

m gyoe.com SAMPLE BOOK

"မင်းစကားက ဘာစကားလဲ၊ ဒေါ်ဒေါ့်ကို စာသင်ဦးမလို့လား"

သူက သူ့အဒေါ်စကားကြောင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောမိသည်။

"မင်း နွဲ့နွဲ့ကို ငြင်းနေတာဟာ မင်း ဟိုသူငယ်မ မေဘယ်လ်ကို လွမ်းတုန်းပဲလား"

ရယ်မောနေသော သူ့မျက်နှာမှာ ပျက်သွားကာ လူမှာလည်း ငိုင်သွားသည်။

"ဟော... မင်း ငိုင်သွားပြန်ပြီ၊ ဒေါ်ဒေါ် ပြောတာ မှန်တယ် မဟုတ်လား"

"ကျွန်တော် ကလေး မဟုတ်တော့ပါဘူး ဒေါ်ဒေါ်"

သူက အားတင်းပြုံးရင်း ဖြေသည်။ အဒေါ်ဖြစ်သူက ထိုင်နေရာမှ ထကာ သူ့ပခုံးအား ယုယစွာ ပုတ်လျက် ကြင်နာသော လေသံနှင့် ဖျောင်းဖျသည်။

"ဒေါ်ဒေါ့်တူကို စိတ်မချမ်းသာအောင် မလုပ်ချင်ပါဘူး၊ ဒါပေမဲ့ ဒေါ်ဒေါ်တို့မှာက ဝတ္တရား ရှိတယ် မဟုတ်လား။ မမကလဲ စာရေးတိုင်း ဒါပဲ မေးမေးနေတယ်။ ဝါကျွတ်ရင် နွဲ့နွဲ့တို့ မေမေကလဲ လာဦးမယ်။ အေးလေ... စဉ်းစားဦးပေါ့"

အဒေါ်ဖြစ်သူ ထွက်သွားသောအခါထိ သူက ငြိမ်ကျန်ရစ်သည်။ မဖတ်ချင်တော့ပြီ ဖြစ်သော စာအုပ်အားလည်း စားပွဲပေါ်သို့ ပစ်တင်လိုက်ကာ စီးကရက်တစ်လိပ်ကိုသာ ထပ်ညှိပြန်သည်။ လက်မှာ စားပွဲ အံဆွဲဆီသို့ ရောက်သွားကာ မှန်ပေါင်သွင်းထားသည့် ဖ လက်မအရွယ် ဓာတ်ပုံတစ်ခုအား အသာထုတ်ယူလိုက်သည်။ ကိုယ်တစ်ပိုင်း ရိုက်ထားသော မိန်းမပျိုတစ်ဦး၏ ပုံဖြစ်သည်။

ပျော်မဆုံး ရှိစဉ်က ရိုက်ထားသည့်မို့ ဓာတ်ပုံတွင်းမှ မေဘယ်လ်၏ ဝန်းပြည့်သော မျက်နှာကလေးမှာ တောက်ရွှန်းဖူးပွင့်သည့် အပြုံးရောင်နှင့် ဝင်းပကြည်လင်နေသည်။

တစ်ခါတုန်းက မင်မဆုံးခဲ့သည့် ဤအပြုံးရောင်သည်ပင် ယခုမူ ရင်နှလုံးအား မချမ်းမြေ့စေနိုင်တော့ပေပြီတကား။

သူက သက်ပြင်းကို တစ်ချက် ရှိုက်လိုက်၍ ဓာတ်ပုံအား အံဆွဲတွင်း ပြန်ထည့်လိုက်ပြီး ရည်ရွယ်ချက်မဲ့ ပြတင်းနား ရပ်ကာ လရောင်ရွှန်းသော အပြင်ဘက် ခြံတွင်းဆီ ငေးကြည့်နေမိသည်။

မေဘယ်လ်၏ ရုပ်သွင်ပေါ်နေသေးသော မျက်လုံးတွင် နုနယ်သော မေရီ၏ မျက်နှာလေးက ယှဉ်ပေါ်လာသည်။ ညီအစ်မချင်းမို့ ရုပ်ချင်း လာဆင်ပေသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

မေဘယ်လ်၏ မျက်နှာက အနည်းငယ် ပိုသွယ်ခြင်းနှင့် မေရီ၏ အသားရောင်က ရွှေဝါရည် ပိုဝင်းသည်သာ ခြားနားသည်။

"ကဲ့ကော်ပန်းတွေ ပွင့်ရင် သိပ်လှမှာပဲနော်"

အပြစ်ကင်းသော မေရီ၏ ကလေးငယ်ပမာ မေးမြန်းချက်များက သူ့ရင်အား နင့်စေခဲ့သည်။ မိမိ၏ အမည်ကို ဖွင့်ပြောခါမှ ဣန္ဒြေလေးပျက်ကာ ရှက်သွေးဖြန်းလျက် ထွက်ခွာ ပျောက်ကွယ် ပြေးသော ကလေးမကိုမူ ကောင်းကောင်း နားမလည်မိ။

မေ့ပျောက်ချင်၍ မေ့ပျောက်အောင်လည်း ကြိုးစားခဲ့သဖြင့် မေ့ပျောက်ပြီဟု ထင်သော စိတ်ဝေဒနာသည်သာ ရင်မှာ ပြန်လည်လူးလွန့် ကျန်ရစ်သည်။

သူသည် စိတ်ကူးကို ဖြတ်ဟန် စီးကရက်ငွေ့များအား မှုတ်ထုတ်လိုက်ပြီး စားပွဲဆီသို့ ပြန်အလှည့်၌ အိမ်ရှေ့ ညှော်ခန်းဆီမှာ စန္ဒရားသံတစ်ခုက မတိုးမကျယ် ပေါ်ထွက်လာသည်။

ခဏတွင်ပင် ကြည်လင်သော်လည်း ဆွေးမြည့်ရိပ်လွှမ်းသော သီဆိုသံမှာလည်း ကပ်ပါလာသည်။

လက်သံနှင့် အဆိုရှင်၏ အသံကို မှတ်မိသော ကိုမြင့်သူက အခန်းဝတွင် ရပ်ရင်း ငြိမ်လျက် နားထောင်နေမိသည်။

သီချင်းမှာ ဂီတနက်သန် ကိုစောညိမ်း၏ အသိမ်မွေ့ အနက်နဲဆုံး 'သစ္စာ' ပင် ဖြစ်သည်။

"... ဆင်းသွင်ရုပ်ဝါ လက္ခဏာ အသွယ်သွယ်၊ ဘယ်ပုံ မခန့်မှန်းနိုင်ဖွယ်၊ သညာ ယဉ်ကျေး ရွှေသစ္စာ ခင်လေးရယ်..."

စာသားတွင်မက တေးသွားကလည်း သိမ်မွေ့နေသည်။

"တရွေ့ရွေ့ ဝေးပါလို့ ရေမြေအဏ္ဏဝါ၊ ကမ္ဘာမြေခြားရာဝယ် ပြေးရှောင်ဖယ်၊ ထွက်ပြေးရှောင်ဖယ်၊ မောင့်အပေါ်ဝယ် မူလွန်းနိုင်အားတယ်..."

လှိုက်လှဲသော အဆိုရှင်မှာလည်း ရင်မှ ဝေဒနာကို အဆီးအတား မရှိ ဖော်လွှတ်နေဟန် တူပါ၏။ ထက်မြက်သော ဂီတ၏ မမြင်သာသော ညှို့ကွင်းကွန်ရက်တို့ သွယ်ယှက် သိုင်းရစ်လာသဖြင့် နားထောင်နေရသူ၏ ရင်တွင်ပင် နင့်နဲဆွတ်ပျံ့သည့် ဝေဒနာမှာ ပြည့်လျှမ်းလာသည်။

"နာရီတွေပြောင်း...ရက်တွေသာ ညောင်းပါလို့ရယ်၊ လ ရာသီတွေ ပြောင်း

mgyoe.com

mgyoe.com SAMPLE BOOK


ကာ နှစ်ပေါင်းတွေ ကွာခဲ့ပေ့ါ၊ မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ်၊ မြူခြေ ငွေနှင်းကျ လာ ဆင်းသည့်နယ်...”

အသံမှာ စိတ်ပျက် ကြေကွဲခြင်းဘက်သို့ ယိမ်းယိုင်လာပေပြီ။

ရပ်နေသော အခန်းဝဆီမှ ကိုမြင့်သူသည် တေးရှင်၏ ခံ့ညားသော်လည်း မှိုင်းရိပ်ဆင်သော သဏ္ဌာန်ကို လှမ်းမြင်နေရသည်။

သူ့အား ဘေးတိုက်ပေး၍ ကိုလှဝေသည် အိပ်မက်၌ ယောင်ယမ်း တီး ဆိုနေသူပမာ မျက်လုံးများက အဝေးသို့ကြောင်ကြောင်ငေးရင်း လက်ချောင်းများကို သာ စန္ဒရားခလုတ်များပေါ်တွင် ညင်သာစွာ လှုပ်ရှားနေစေသည်။

“သင်္ကာယုံမှားလွဲစာ၊ မှောင်မည်း အဝိဇ္ဇာ ဖုံးပိတ်ကွယ်၊ တွေ့နိုင်ခဲလှ တယ်၊ သစ္စာ သစ္စာခင်ရယ်၊ ခင့်ကို ချစ်ချင်လေသမျှ၊ လောကရဲ့ ပရိယာယ် မာယာ အသွယ်သွယ်၊ ဆန်းကြယ်စွာ သူ လှည့်စားလို့ ဇရာက ဝါးမျိုခဲ့ပြီကွယ်”

စိတ်ပျက်သံမှ မျှော်လင့်ချက်ကင်းသော လူတစ်ဦး၏ ညည်းညူအား လျှော့သံကို ကူးပြောင်းလာသည်။

“နေစိမ့်တဲ့ မေရယ်... ကွယ်ပျောက်လို့ ဘယ်ဆီမှာ ဝေးတယ်၊ သီတာ ရေမြေ ဆုံးပါစေရှော့၊ ရှာရတော့မယ် သစ္စာခင်ရယ်၊ မေ တမင်ပုန်းရက်တာလား ကွယ်”

သီချင်း ဆုံးသွားသော်လည်း လက်က မရပ်။ လက်ဦးတည့်ရာ အသံ စဉ်များကို ဆက်လက် ကူးပြောင်း တီးခေါက်နေသည်။

သည်တော့မှ ငြိမ်နေသော ကိုမြင့်သူက သူ့အနား လျှောက်သွားသည်။ ခြေသံကြားသော ကိုလှဝေက အတီးကို ရပ်လိုက်ပြီး သူ၏ သဘာဝ ဖြစ်နေသော စိတ်တွင်းမှ မပါသည့် ခြောက်သွေ့လျော့ရဲသော အပြုံးနှင့် နှုတ်ဆက်သည်။ ထို့နောက် ကိုမြင့်သူ လှမ်းပေးလိုက်သော စီးကရက်တစ်လိပ်ကို မီးညှိ ဖွာရှိုက် ၍ ခေါင်းကို မော့ကာ အငွေ့များအား မှုတ်ထုတ်ရင်း–

“အိပ်မပျော်လို့ ထွက်ခဲ့တာ”ဟု ဆိုသည်။

လူခြေတိတ်သော ညအချိန်များတွင် အိပ်မပျော်သောကြောင့်ဟု ဆိုကာ ဤသို့လျှင် ကိုလှဝေသည် မကြာခဏ ဆိုက်ရောက်လာတတ်သည်။ ဆိုက်ရောက် လာလျှင်လည်း မည်သူ့အားမျှ နှုတ်မဆက်။ စန္ဒရားခုံတွင် ဝင်ထိုင်ကာ ညို့မှိုင်းသော သီချင်းတစ်ပုဒ်ပုဒ်ကို တီးနေလေ့ ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုမြင့်သူက အနီးရှိ ကုလားထိုင်တစ်ခုတွင် ဝင်ထိုင်လိုက်ပြီး သူ့အား တည့်မတ်စွာ ကြည့်၍ မေးခွန်းတစ်ခုကို ထုတ်လိုက်သည်။

"ခင်ဗျား နွဲ့နွဲ့နဲ့ တွေ့သေးသလား"

သူက ကိုမြင့်သူအား လှည့်ကြည့်လိုက်ပြီးနောက် အဖြေမပေးဘဲ ပြန်၍ မေးလိုက်သည်။

"ဘာလုပ်မလို့ ခင်ဗျား ဒါကို မေးရတာလဲ"

ကိုလှဝေသည် လူသူလေးပါး ရှေ့၌ ငယ်သူငယ်ချင်း ဖြစ်သော ကိုမြင့်သူ အား 'ဆရာ' ဟု ခေါ်၍ 'ကျွန်တော်' နှင့် ပြောသော်လည်း နှစ်ဦးချင်း လွတ်လွတ် လပ်လပ် တွေ့သောအခါတွင် ရင်းရင်းနှီးနှီး တန်းတူ ပြန်ဆက်ဆံလေ့ ရှိသည်။

"မနက်က ခင်ဗျား ပြန်သွားရုံ ရှိဦးမယ် ထင်တယ်၊ နွဲ့နွဲ့ ကျွန်တော့်ဆီ ရောက်လာပြီး ခင်ဗျားကို မေးသေးတယ်"

"ခင်ဗျား... ဘာဖြေလိုက်လဲ"

"ခင်ဗျားအတွက် ကျွန်တော်က ဘာများ ဖြေစရာရှိမလဲ ကိုလှဝေ"

ကိုလှဝေက အဓိပ္ပာယ်မဲ့ တစ်ချက် ပြုံးလိုက်၍ သူ့ကိုယ်သူ ပြောသကဲ့သို့ ညည်းညူနေသည်။

"နွဲ့နွဲ့ဟာ တကယ် သနားဖို့ကောင်းတဲ့ မိန်းကလေးတစ်ဦးပဲ"

"ကျွန်တော်ကတော့ နွဲ့နွဲ့ထက် ခင်ဗျားကို ပိုသနားတယ်"

"ကျွန်တော့်လိုလူများ ခင်ဗျား သနားနေရသေးသလား ကိုမြင့်သူ"

"ခင်ဗျား၊ ကျွန်တော်ဟာ ခင်ဗျားရဲ့ အချစ်ဆုံးသူငယ်ချင်း တစ်ယောက် ဆိုတာ မေ့သွားပြီ ထင်တယ်။ ခင်ဗျား လုပ်နေတာတွေဟာ အဓိပ္ပာယ် ရှိသေးရဲ့လား ဟင်"

သူက ဒုတိယမို ပြုံးလိုက်ပြန်သည်။

"ကျွန်တော်ဟာ တစ်ခါက လူ့ဘဝနဲ့တကွ ကမ္ဘာလောကရဲ့ အဓိပ္ပာယ် ကို ဘယ်လောက် မြတ်မြတ်နိုးနိုး ရှာခဲ့တယ် ဆိုတာ ခင်ဗျား အသိပဲ၊ အခု နားလည် ထားတာက တစ်လောကလုံးမှာ ဘာအဓိပ္ပာယ်မှ မရှိတာ ကျွန်တော်ကိုယ်၌က အဓိပ္ပာယ်ရှိဖို့ လိုသေးသလား"

သူက စန္ဒရားခလုတ်လေးများကို ရည်ရွယ်ချက်မဲ့ တို့ကစားနေပြန်သည်။ သို့ရာတွင် သူ့အာရုံမှာ သူ လုပ်နေသော အရာပေါ်တွင် စူးစိုက်မှု မရှိမှန်း သိသာနေ သည်။

mgyoe.com

m gyoe.com SAMPLE BOOK

"တစ်ခါတုန်းက ကျွန်တော် အထင်တကြီး ပေါင်းခဲ့ပေမဲ့ စင်စစ်တော့ ဘာမှ လေးစားစရာ မရှိတဲ့ ကျွန်တော့် ရဲဘော်ဟောင်းတွေက ပြောလိမ့်မယ်။ ကျွန်တော်ဟာ တွေဝေ ငိုက်မျဉ်းနေတဲ့ လူတစ်ယောက်၊ ဖောက်ပြန်နေတဲ့ သတ္တဝါ တစ်ကောင်လို့၊ ခင်ဗျားတို့လို စိတ်ပညာဆရာတွေက ပြောလိမ့်မယ်။ ကျွန်တော်ဟာ လူကောင်းနဲ့ လူရူးလို့ ခွဲခြားထားတဲ့ နယ်နိမိတ်မျဉ်းကြောင်းပေါ်မှာ လျှောက်နေတဲ့ လူလို့"

သူက နာကြည်းစွာပင် ရယ်မောလိုက်သည်။ စကားကို ဆက်ပြောသော အခါတွင် သူ့အသံမှာ မကျေနပ်ခြင်း၊ မခံချိခြင်း သဘောတို့ကို ရောင်ပြန်ဟပ်နေ သည်။

"ဟုတ်တယ်... ကျွန်တော်ဟာ တွေဝေ ငိုက်မျဉ်းနေတယ်၊ စကားကို ဆက်ပြောသောအခါ သူ့အသံမှာ မကျေနပ်ခြင်း၊ မခံချိခြင်း သဘောတို့ကို ရောင်ပြန် ဟပ်နေသည်။

"ဟုတ်တယ်... ကျွန်တော်ဟာ တွေဝေငိုက်မြည်းနေတယ်၊ ဖောက်ပြန် ပျက်စီးနေတယ်၊ လူ့ဘဝရဲ့ အဓိပ္ပာယ် ပျောက်နေတဲ့ လူတစ်ယောက်မို့ ရူးနေတယ်။ မှန်တယ်၊ မငြင်းဘူး။ ဒါပေမဲ့ ကျွန်တော် မတတ်နိုင်ဘူး။ တစ်ခါတုန်းကတော့ ဒီမှာဘက်မှာ မြင့်မြတ်တယ်၊ ဖြူစင်တယ်၊ မှန်ကန်တယ်လို့ ကျွန်တော် ယုံကြည်ပြီး လက်ခံတဲ့ အသိုက်အဝန်း ရှိတယ်။ ဟိုမှာဘက်မှာ ယုတ်ညံ့တယ်၊ ညစ်ပတ်တယ်၊ ဖောက်ပြန် ပျက်စီးနေတယ်လို့ ကျွန်တော် ယုံကြည်ပြီး ငြင်းပယ် ဆန့်ကျင်ခဲ့တဲ့ အသိုက်အဝန်း ရှိတယ်။ အခု ကျွန်တော် တွေ့ရတာက ကျွန်တော် ငြင်းပယ် ဆန့်ကျင် ခဲ့တဲ့ အသိုက်အဝန်းဟာ ယုတ်ညံ့မြဲ ယုတ်ညံ့နေတယ်၊ ညစ်ပတ်မြဲ ညစ်ပတ်နေ တယ်၊ ဖောက်ပြန်မြဲ ဖောက်ပြန်နေတယ်။ ကျွန်တော် လက်ခံ အထင်ကြီးခဲ့တဲ့ အသိုက်အဝန်းကတော့ကော ဘာမှ မထူးဘူး။ တန်းတူ ယုတ်ညံ့တယ်၊ ညစ်ပတ် တယ်၊ ဖောက်ပြန်တယ်။ ဒီအခါမှာ ကျွန်တော်က ဘာလုပ်ရမလဲ။ ဟိုဘက်လဲ မကူးနိုင်ဘူး၊ ဒီဘက်မှာလဲ မနေနိုင်ဘူး။ ခြားနားထားတဲ့ ခြစည်းရိုးပေါ် ထိုင် စိတ် ပျက်နေရုံက လွဲပြီး ဘာမှ မလုပ်တတ်ဘူး"

သူက ရှည်လျားစွာ ပြောချလိုက်သည်။ တစ်စထက်တစ်စ သူ့အသံမှာ မာလာကာ သူ့မျက်နှာမှာလည်း တင်းလာသည်။

"ဟဲဟဲ...စဉ်းစားကြည့်ရင် သိပ်ရယ်ဖို့ကောင်းတယ်၊ ရောမလက်ဝဲသမား

mgyoe.com

mgyoe.com

ပြည်သူ့သားကောင်းကြီးတွေက ဆိုတယ်၊ မနေရှင် အိမ်ထောင်ရေးစနစ်ကြီး တစ်ခုလုံးဟာ ပျက်စီးနေတဲ့ ပြည့်တန်ဆာ လုပ်ငန်းကြီးတဲ့။ ဒါပေမဲ့ အဲဒီ ပုဂ္ဂိုလ်ကြီးတွေကပဲ တကယ့် ပြည့်တန်ဆာလုပ်ငန်းကို ကာယကံမြောက် လက်တွေ့ ကျူးလွန်အားပေးနေတယ်။ ဒါပေမဲ့ ကိုယ့်ဘက်ကျတော့ ကာကွယ်ဖို့ ဆင်ခြေက အဆင်သင့်ရှိတယ်။ ကာမဂုဏ်တရားဟာ ဘိုင်အိုလိုဂျီကယ်အာ့ဂျ် သဘာဝ သွေးသား တောင်းဆိုမှုမို့ ဖြစ်တဲ့နည်းနဲ့ ဖြေဖျောက်ရသတဲ့လေ။ ဟိုဘက်က လူတွေကျတော့ အနောက်နိုင်ငံသံရုံးက ပေးတဲ့ ဒေါ်လာကို ယူ၊ တိုက်တဲ့ ဝီစကီကို သောက်ပြီး တိုင်းပြည်ကို ရောင်းစားနေသတဲ့၊ သူတို့ကိုယ်၌ကျတော့ အရှေ့နိုင်ငံက ပေးတဲ့ ရူဘယ်ကို လက်ခံ၊ တိုက်တဲ့ ဗော်ဒ်ကာကို ယစ်မူးပြီး နိုင်ငံကို သစ္စာဖောက်ကြတယ်။ တစ်ဖက်ကိုတော့ အာဏာရူးတယ်လို့ ပြောတယ်၊ ကိုယ်၌ကျတော့ အာဏာကို ရေငတ်သလို ဆာနေတယ်၊ ကျွန်တော်က ဘယ်သူ့များ သွားကြည်ညိုရပါ့မတဲ့လဲ”

သူက ထိုင်ရာမှ ထလိုက်ကာ ပြတင်းပေါက်နားတွင် ကိုမြင့်သူအား ကျောပေး ရပ်၍ အပြင်ဘက်သို့ ငေးကြည့်နေသည်။ ကိုမြင့်သူကမူ စိတ်မချမ်းသာခြင်းကြီးစွာဖြင့် သူငယ်ချင်းဖြစ်သူ၏ နောက်ကျောကိုစိုက်ကြည့်နေရင်း ရေးဖြစ်ဟောင်း အသွယ်သွယ်အား မြင်ယောင်နေမိသည်။

တက္ကသိုလ်ရောက်စ၌ ကိုလှဝေက သူနှင့် တစ်ဆောင်တည်း နေသည်။ အခန်းချင်း ကပ်လျက် ရှိသကဲ့သို့ လူချင်းမှာလည်း ခွဲမရခဲ့။ နှစ်ဦးစလုံးမှာ အနာဂတ်အတွက် မျှော်လင့်ချက် ကိုယ်စီနှင့် ပြည့်ဝနေ၍ ပစ္စုပ္ပန်ကိုလည်း ကျေနပ်လျက် ရှိခဲ့ကြသည်။

နှစ်ဦးခွဲကြသည့် အချိန်လေးများ ရှိသည်။ မိမိက မေဘယ်လ်လွင်နှင့် မဆုံးနိုင်သော စကားတို့ကို ဆိုနေစဉ် ကိုလှဝေကလည်း နွဲ့နွဲ့နှင့် မရိုးနိုင်သော တေးတို့ကို သီနေခိုက်တွင်သာ ဖြစ်သည်။

ပြန်တွေးလျှင်မူ ထိုစဉ်အခါများ၌ နှစ်ဦးသားမှာ စိတ်ကူးယဉ် အဏ္ဏဝါဝယ် မေတ္တာလောင်းယာဉ် ကိုယ်စီနှင့် ဘယ်ဆီ မသိသေးသော်လည်း အတွေးနှင့် ပင် လွမ်းမက်ချင်စဖွယ် သစ္စာသောင်ခြေဦးသို့ ဖြတ်ကူး ရွက်လွှင့်နေသယောင် ဖြစ်သည်။

လမ်းခုလတ်တွင် မိမိ၏ လှေမှာ နစ်ခဲ့ရပါ၏။ ကိုလှဝေ၏ လှေမှာ ပျက်ခဲ့ရပါ၏။ အကြောင်းချင်းတော့မူ မတူခဲ့။ ဘယ်အချိန်က စခဲ့လေတယ် မသိ။ ကိုလှဝေ

mgyoe.com

mgyoe.com SAMPLE BOOK

သည် မိမိနှင့် ခွဲခဲ့လေသည်။ နွဲ့နွဲ့ကို တိမ်းခဲ့ပေသည်။ အပေါင်းအသင်းသစ်များနှင့်သာ ကျင်လည်နေခဲ့သည်။ သူ့အပေါင်းအသင်းသစ်များကား မျက်မှန်ထူထူ တပ်၍ ခေါင်းဖြီးလေ့မရှိဘဲ စာအုပ်ကြီးကြီးများကို ကိုင်တတ်သော နိုင်ငံရေးကျောင်းသားများပင်တည်း။

သူတို့နှင့် ပေါင်းသည့်နေ့မှစ၍ ကိုလှဝေသည် ကျောင်းတက်သည်ထက် မြို့ထဲသို့ ထွက်သည်က များပါသည်။ ကျောင်းစာအုပ်တို့ကို ပစ်ပယ်ကာ သဘောတရားရေးရာ စာအုပ်ကြီးများကိုသာ စွဲနေတော့သည်။ အသွင်မှာ ယခင်ကဲ့သို့မကြည်လင်တော့။ ဟန်မှာ ရှေ့စဉ်ကကဲ့သို့ မပျော့ပျောင်းတော့။

တစ်ဖြစ်လဲခဲ့သော ကိုလှဝေအား မိတ်ဆွေပီပီ သတိပေးသောအခါများတွင် မိမိအား စာအုပ်မှ ပေးသော အသိဉာဏ်သာ ရှိ၍ ဘဝမမှန်သေးသူအဖြစ် ပစ်ပစ်ခါခါ ဝေဖန်တတ်သည်။ နွဲ့နွဲ့၏ဖျောင်းဖျ တိုက်တွန်းချက်များကို ခါးခါးသီးသီး ငြင်းပယ်၍ နောက်ဆုံးတွင် အပြစ်မဲ့သူခများကိုပင် ရှောင်ဖယ်လာသည်။

မိမိ နိုင်ငံခြားသို့ သွားသည့်နှစ်တွင် ကိုလှဝေလည်း တက္ကသိုလ်နှင့် ရန်ကုန်မြေမှ ပျောက်သွားသည် ဆိုသည်။ မိမိ ပြန်ရောက်လာသောအခါတွင်မူ လူ့ဘဝ၏ အဓိပ္ပာယ်ပျောက်နေသော ကိုလှဝေအား ကြေကွဲဖွယ် ပြန်ဆုံတွေ့ရသည်။ တစ်ခါက ကြည်လင်သော ကိုလှဝေ မဟုတ်တော့။ တစ်ခါက တက်ကြွသော ကိုလှဝေလည်း မဟုတ်တော့။

ကျောင်းလည်း မတက်။ အလုပ်လည်း မလုပ်။ သူနှင့် ခင်သော တီတီစီ ကျောင်းဝင်းအတွင်းရှိ ကတိကတစ်ဦး၏ အားလပ်နေသည့် အစေခံ တန်းလျားမှ အခန်းတစ်ခု၌ တစ်ကိုယ်တော် ကျင့်သုံးလျက် နေသည်။

ကိုလှဝေက ပြတင်းမှ ပြန်လှည့်လာကာ ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်သဖြင့် ကိုမြင့်သူ၏ အတွေးမှာ ပြတ်သွားသည်။

ကိုလှဝေ၏ သဏ္ဌာန်မှာ ပြန်လည်ပျော့ပျောင်းနေသည်။ ကိုမြင့်သူအား တစ်ချက် လှမ်းကြည့်လိုက်ပြီး အေးချမ်းနေပြီ ဖြစ်သည့် အသံနှင့် မေးသည်။

“ကျွန်တော် ပြောတာတွေ ဘယ်လို သဘောရသလဲ”

“ကျွန်တော့်အတွက်တော့ မဆန်းပါဘူး”

“ဘယ်လို မဆန်းတာလဲ”

“ခင်ဗျားမှာ သူငယ်နာရောဂါ မစင်သေးဘူး”

mgyoe.com

mgyoe.com

"ဗျာ..."

"ကျောင်းသား တော်တော်များများဟာ ခင်ဗျားလိုပဲ၊ သူငယ်နာ မစင်တဲ့ ရောဂါ ရတတ်ကြတယ်"

ကိုလှဝေက မျက်မှောင်တစ်ချက် ကြုတ်လိုက်သည်။ ဘာမျှ ပြန်မပြော။ ကိုမြင့်သူကသာ အေးချမ်းတည်ငြိမ်စွာ ဆက်ပြောနေသည်။

"ခင်ဗျားတို့ ကျွန်တော်တို့လိုပဲ၊ လူငယ်တွေဟာ တက္ကသိုလ်ရောက်တဲ့ အချိန်နဲ့ လူလားမြောက်တဲ့ အချိန်နဲ့ လာကြုံကြိုက်နေတယ်။ ကလေးဘဝဟာ စိတ်သဘောအရရော၊ ရုပ်သဘောအရရော မျှတ ညီညွတ်နေတဲ့ အချိန် ဖြစ်တယ်၊ အင်္ဂလိပ်လိုတော့ ပီးရီရော့ အော့ဖ် အီကွီလီဘရီရင်လို့ ခေါ်တယ်။ ကြီးကောင်ဝင်၊ လူလားမြောက်တဲ့ အခိုက်အတန့်မှာ အဲဒီ မျှတညီညွတ်ခြင်းသဘောဟာ ပျက်ယွင်းသွားတယ်၊ လူသစ် စိတ်သစ် ဖြစ်သလို အကြံသစ် ဉာဏ်သစ် အမြင်သစ်တွေ ဝင်လာတယ်။ ဒီအချိန်မှာ စိတ်ကူးအယဉ်တတ်ဆုံး၊ စိတ်အပြောင်းအလဲ အမြန်ဆုံး၊ ကိုယ့်စွမ်းကိုယ်စကို အပြချင်ဆုံး အချိန် ဖြစ်တယ်။ လူကြီးဖြစ်လာမယ့် အချိန်မှာ တစ်သက် စွဲမြဲတော့မယ့် အကျင့်စာရိတ္တနဲ့ စိတ်သဘောထားတွေ စတင်ဖွဲ့စည်း အခြေပြုတဲ့ စပ်ကူးမပ်ကူး အချိန်လည်း ဖြစ်တယ်။ ကံဆိုးတာက ကျွန်တော်တို့ နိုင်ငံရဲ့ ဟိုက်စကူးကျောင်းနဲ့ တက္ကသိုလ်ကျောင်းတွေမှာ ဒီလို ပုံသွင်းတိုင်း ရမယ့် လူငယ်တွေအတွက် အထူး ရွယ်စူးပြီး ထားတဲ့ ညွှန်ကြားပဲ့ပြင်မှုစနစ် မရှိဘူး"

ကိုမြင့်သူက ရှည်လျားစွာ ရှင်းပြသည်။

"အဲဒါနဲ့ ဘာဆိုင်လို့တုံး"

"ဆိုင်တာ ကျွန်တော် ပြောပြပါမယ်။ ဒီလိုလူငယ်တွေကို ပညာပိုင်းဆိုင်ရာတွေက ခေါင်းဆောင်မှုပေးဖို့ မေ့လျော့နေတဲ့အခါမှာ လစ်လပ်နေတဲ့ ခေါင်းဆောင်မှုကို တာဝန်မဲ့ နိုင်ငံရေးသမားတွေက ဝင်ယူလိုက်တယ်၊ ကျွန်တော်တို့ တိုင်းပြည်က နိုင်ငံရေးသမား တော်တော်များများဟာ ပါးစပ်က ဘယ်လို အသံကောင်းတွေ ဟစ်နေကြပေမဲ့ ကျွန်ခေတ်က အမြစ်တွယ်ခဲ့တဲ့ ကျွန်စိတ် ကျွန်ကျင့်တွေ မကုန်ကြ သေးဘူး။ အင်္ဂလိပ်ကို ကော်ဆဲဖို့က လွယ်တယ်။ နယ်ချဲ့စနစ်ကြီးကို ရှုတ်ချဖို့က လူတိုင်း လုပ်နိုင်တယ်။ နိုင်ငံသစ် တည်ထောင်ဖို့ အမြင်သစ် အကျင့်သစ်ရဖို့က သိပ် ခက်တယ်။ ကျွန်ခေတ် နိုင်ငံရေးရဲ့ အဓိက ရည်ရွယ်ချက်က မိမိပါတီ အာဏာရရေး သည် ပထမ၊ နိုင်ငံ သို့မဟုတ် ပြည်သူလူထုသည် ဒုတိယ။ ဒါဟာ ကျွန်စိတ်၊ ကျွန်ကျင့်ရဲ့

mgyoe.com SAMPLE BOOK

အသွင်လက္ခဏာ တစ်ခု ဖြစ်တယ်။ ရှေးတုန်းက လူတွေဟာ အင်္ဂလန်ပြည်မှာ လုပ်သည်ဆိုတဲ့ အရာမှန်သမျှကို အထင်ကြီးကြတယ်။ အခု လူတော်တော်များများကတော့ ရုရှားပြည်မှာ လုပ်သည် ဆိုတဲ့ ကုန်အမှတ်တံဆိပ်ကို ဈေးကြီးပေး ဝယ်နေကြပြန်တယ်။ နေရာတကာမှာ နိုင်ငံခြားက လာတာကို ကိုးကွယ်ချင်မှုဟာလဲ ကျွန်စိတ်၊ ကျွန်ကျင့်ရဲ့ အသွင်လက္ခဏာ တစ်ခုပဲ ဖြစ်တယ်”

ကိုမြင့်သူက ခေတ္တ စကားကို ရပ်နားလိုက်သည်။ မကျေနပ်သော ကိုလှဝေကသာ မေးခွန်းထပ်ထုတ်လိုက်၏။

“ခင်ဗျား ပြောနေတာတွေနဲ့ ကျွန်တော့်ကို သူငယ်နာ မစင်သေးဘူးလို့ စွပ်စွဲခဲ့တာ ဘာဆိုင်လဲ”

“ဆိုင်တဲ့ အခန်းကို ရောက်ပါတော့မယ်၊ ခုနက ပြောသလို တက္ကသိုလ်ရောက်စ လူငယ်တွေဟာ စိတ်သစ်၊ အမြင်သစ်နဲ့ မိမိတို့ရဲ့ လူမှုပတ်ဝန်းကျင်ကို လှမ်းမျှော် ဆန်းစစ်ကြည့်ကြတယ်။ ဆန်းစစ်ကြည့်တယ် ဆိုပေမဲ့ အသက်အရွယ်နဲ့ အတွေ့အကြုံက နုနယ်ကြသေးတော့ နှိုင်းနှိုင်းချိန်ချိန် သုခမိန် ဆိုတဲ့ ပညာရှိ ရဲ့ မျှတသော ဆန်းစစ်ကြည့်ပုံမျိုးနဲ့တော့ မဟုတ်ဘူး။ ဝေဖန်မှုလို့ ခပ်ယဉ်ယဉ် အမည်တပ်ထားတဲ့ ဆီလို အပေါက်ရှာ၊ အပြစ်ရှာမှုကိုသာ ပြုကြတယ်။ ဒီတော့ အဆင်မပြေမှုတွေ၊ မမှန်ကန်မှုတွေ၊ မပြည့်ဝမှုတွေ၊ မအောင်မြင်မှုတွေ ဒါတွေကိုပဲ တွေ့ကြတယ်။ ဒါတွေဟာ ကျွန်တော်တို့ နိုင်ငံမှာ မရှိဘူး မဟုတ်ဘူး၊ ရှိတယ်။ ဒါပေမဲ့ ဒီမနုစ်မြို့ဖွယ်ရာတွေဟာ စစ်ပြီးခေတ် နိုင်ငံတွေ၊ အထူးသဖြင့် ‘ထွက်ဟဲ့ ထွက်ဟဲ့… ဆိုလို့သာ ထွက်ခဲ့ရ၊ ငါ ဘာကောင်မှန်း မသိ’ ဆိုတဲ့ အခြေမှာ ရှိနေတဲ့ ကိုလိုနီစနစ်က လွတ်မြောက်စ နိုင်ငံတိုင်းမှာ မလွှဲမရှောင်သာအောင် ပေါ်ပေါက်နေကြတယ်။ ဒါတွေ ပေါ်ပေါက်လာတဲ့ အကြောင်းက တစ်ကြောင်း မဟုတ်ဘူး၊ အကြောင်းတွေ အများကြီး ရှိတယ်။ ဖြေရှင်းစရာ နည်းကလဲ တစ်နည်းတည်း လှေနံဓားထစ် မရှိဘူး၊ အဖုံဖုံ အသွယ်သွယ် ရှိတယ်။ ဒီအထိ ခင်ဗျား နားလည်တယ်နော်”

“ဆက်ပါဦးလေ…”

“တက္ကသိုလ်က ပညာတတ် လူငယ်လေးတွေဟာ လူငယ်ပီပီ စိတ်မြန်တော့ အဖြေအမြန်ဆုံးရမယ့် တစ်ခုတည်းသော အချက်အချာအကြောင်း ဆိုတာကို ရှာကြည့်ကြတယ်။ ရောဂါတစ်ခုရဲ့ အခြေအမြစ် အသွယ်သွယ်ကို နှိုင်းချိန် စိစစ်ပိုင်းခြားပြတဲ့ ဆရာဝန်ရဲ့ အစီရင်ခံစာထက် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း

mgyoe.com

mgyoe.com SAMPLE BOOK

ရောဂါစွဲကို ဒက်ခနဲ အမည်ပေးတတ်တဲ့ ပယောဂဆရာရဲ့ စကားကို ပိုမို ယုံကြည်ချင်တဲ့ သဘောပေါ့။ ဖြေရှင်းဖို့အတွက် နည်းလမ်းကိုလဲ အရင်လို လမ်းအိုလိုက်တဲ့ တစ်စတစ်စ ပြုပြင်မှုနည်းထက် ဖြတ်လမ်း ဆေးမြီးတို သဘောကို ပိုနှစ်သက်ကြတယ်။ ဒီအခါမှာ တာဝန်မဲ့ နိုင်ငံရေးသမားတွေ ဝင်လာတယ်။ သူတို့တွေက မြန်မာပြည်ရဲ့ ဒုက္ခအသွယ်သွယ်ဟာ ဓနရှင် လူနေမှုစနစ်ကြီးနဲ့ ဒီစနစ်ကြီးကို အသက်ပြန်သွင်းနေတဲ့ တိုင်းရင်းသား သစ္စာဖောက်အစိုးရကြောင့်လို့ ညွှန်ပြကြတယ်။ ဒီဒုက္ခအသွယ်သွယ် ပျောက်ချင်ရင် အကြမ်းဖက်လူတန်းစား တိုက်ပွဲနည်းနဲ့ တော်လှန်ပစ်ရမယ်လို့ ဟောကြားကြတယ်။ သူတို့ရဲ့ ဟောပြောချက်တွေကို တက္ကသိုလ်က လူငယ်တွေဟာ တော်တော်များများ လက်ခံလာကြတယ်၊ လက်ခံရတဲ့ အကြောင်းကလဲ ရှိနေတယ်။ ဒီနေရာမှာ လူငယ်စိတ်ပညာဟာ ဖြေရှင်းဖို့ ဝင်လာတယ်"

ကိုမြင့်သူက စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ ကိုလှဝေအား လှမ်းပေးလိုက်သည်။ ကိုလှဝေက လက်ကာ၍ ငြင်းဆန်သောအခါ မိမိဘာသာ ဖွာညှိသောက်ပြီး စကားကို ဆက်သည်။

"ဒီဆရာကြီးတွေရဲ့ ဆေးမြီးတိုတွေကို လူငယ်တွေ လက်ခံတဲ့ အကြောင်းက သုံးချက် ရှိတယ်။ ပထမအချက်က ဘယ်တိုင်းပြည်မှာမဆို၊ ဘယ်ခေတ်မှာမဆို လူငယ်တွေဟာ သူပုန်ဆန်ချင်တဲ့ သဘော ရှိတယ်။ ဒီသဘောကြောင့် တော်လှန်ရေးလို့ အမည်တပ်ထားတဲ့ ဝါဒတွေ၊ တော်လှန်ရေး ဘက်တော်သားလို့ အမည်ခံထားတဲ့ လူတွေကို အထင်ကြီး ကိုးကွယ်ချင်တဲ့ အကျင့် ရလာတတ်တယ်။ ဒီအကျင့်ဟာပဲ လူငယ်တွေရဲ့ ဖက်ရှင် ဖြစ်လာတတ်တယ်။ ဒုတိယအချက်က ပညာတတ်တဲ့ လူငယ်တွေမှာ တစ်နည်းအားဖြင့် ကြည်ညိုဖွယ် ကောင်းတဲ့ စိတ်ဓာတ်တစ်ခု ရှိတယ်။ သူတို့ဟာ အာဏာရနေတဲ့ အုပ်ချုပ်နေတဲ့ လူတွေရဲ့ စကားတွေ၊ ဝါဒတွေဟာ ဘယ်လောက်ပဲ မှန်နေပါစေ၊ လိုက်နာဖို့ ထောက်ခံဖို့အတွက် လိပ်ပြာမသန့် ဖြစ်တတ်တယ်။ လိုက်နာထောက်ခံခြင်းဟာ အချောင်သမား ဆန်တယ်၊ မျက်နှာလိုအားရ ပြုတတ်တယ်လို့ ထင်တတ်ကြတယ်။ သူရဲကောင်းဆန်နည်း တစ်မျိုးပေါ့။ အဲဒီနှစ်ချက်ကို ကျွန်တော်က သူငယ်နာရောဂါလို့ ခေါ်တယ်"

ကိုလှဝေက ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ နောက်-

"အဲဒီနှစ်ချက်ဟာ ကျွန်တော့်ကိုယ်တွေ့နဲ့ ကိုက်လွန်းလို့ဗျို့" ဟု ဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"နောက်ဆုံးအချက်ကတော့ မြန်မာပြည်က ကျောင်းသားတွေနဲ့ ပိုဆိုင်တယ်၊ ဒီတခေါက်ကန်းဝါဒကို လက်ခံကြတဲ့ ကျောင်းသားအများစုဟာ နယ်က ကျောင်းသားတွေ များတယ်။ သူတို့တွေဟာ နယ်မှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ အထွေထွေမှာ မကျေနပ်စရာ အဆင်မပြေတာတွေ၊ အမှုထမ်းတွေ၊ အာဏာရအဖွဲ့ရဲ့ ဘက်တော်သားတွေရဲ့ အောက်ခြေလွတ်မှုတွေကို ခံစားခဲ့ကြရတယ်။ သူတို့ ရင်မှာ မခံချင်စိတ်တွေ၊ ဒေါသတရားတွေဟာ အပြည့်ပါလာကြတယ်၊ စိတ်ပညာသဘောကတော့ သူတို့တွေကို ဆောက်တည်ရာမရဖြစ်နေသူတွေလို့ခေါ်တယ်။ ဆောက်တည်ရာမရဖြစ်နေသူတွေအတွက် တခေါက်ကန်းဝါဒ အမြစ်တွယ်ဖို့ဟာ အင်မတန် လွယ်တယ်။ လူငယ်တော်တော်များများ ဆူပူနေကြတာဟာ ဝါဒသဘောတရားရေးကြောင့်ထက် အစိုးရနဲ့ အာဏာပိုင်တွေကို ဆဲဆိုနေရတာ အရသာကို တွေ့နေကြလို့ ဖြစ်တယ်"

"ခင်ဗျား ဒါတွေကို ဘယ့်နှယ်လုပ် ဖြေရှင်းမလဲ"

"ဖြေရှင်းဖို့က မလွယ်ဘူး။ ဒါပေမဲ့ နည်းလမ်း ရှိပါတယ်။ တစ်လမ်းက ပညာပေးဖို့၊ တစ်လမ်းက စည်းကမ်းကိုင်ပေးဖို့၊ ပညာဆိုတာ သင်ရိုး မာတိကာတွေထဲက ဟာတွေချည်းပဲ ဆရာတွေဟာ သင်မနေဘဲ လူငယ်တွေနဲ့ လက်ပွန်းတတီး ပေါင်းရမယ်၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရမယ်၊ မုန်းမှာကို မကြောက်ဘဲ အမှန်ကို ပြောရဲရမယ်၊ စည်းကမ်းကိုင်ပေးဖို့ ဆိုတာကလဲ ချုပ်ချယ်ဖို့ မဟုတ်ဘူး။ ဥပဒေဘောင်အတွင်းကနေ ထိန်းသိမ်းကြပ်မတ်ပေးဖို့ပဲ။ နိုင်ငံရေးသမားတွေဟာလည်း တစ်ခါက တက္ကသိုလ်အဓိပတိကြီး ပြောသလို လက်ရှောင်ပေးဖို့ ကောင်းတယ်။ လူငယ်တွေကို ဆူနည်း၊ ပူနည်း၊ စည်းကမ်းဖျက်နည်းတွေကို သင်ပေးနေတာတွေကို ရပ်တန်းက ရပ်ပစ်သင့်ပြီ။ လက်ရှိအစိုးရပဲ မြဲနေနေ၊ အတိုက်အခံပဲ တက်တက်၊ ဘယ်ဝါဒတွေနဲ့ပဲ တိုင်းပြည်ပြုပြု ဒီလူငယ်လေးတွေကိုပဲ အားကိုးရမှာပဲ။ ဒီလူငယ်လေးတွေကို နိုင်ငံရေးစကားလုံးကြီးကြီး သုံးတတ်ဖို့ နိုင်ငံရေးလှုံ့ဆော်စည်းရုံးနည်းတွေ တတ်ဖို့ချည်း အားပေးနေရင် အနာဂတ် မြန်မာပြည်မှာ လေလုံးသာ ထွားတတ်ပြီး တိုင်းပြည်ပြုလုပ်ငန်း ဘာမှမတတ်တဲ့ ခေါင်းဆောင်တွေနဲ့သာ ပြည့်နေမှာပဲ။ ဒါဟာ အခုခေတ်ရဲ့ အခက်အခဲတင် မဟုတ်ဘူး၊ အနာဂတ်ရဲ့ အန္တရာယ်လဲ ဖြစ်တယ်။ လူငယ်တွေကိုယ်၌ကလဲ ပြုပြင်လွယ်သောစိတ် မွေးမြူ

mgyoe.com